၇၇၀

ရာမညတိုင်း၌

## ပင်လယ်ရေပြင်မှ-ပထမဆုံး

ပေါ်လာသော ကျွန်းကြီးတို့တွင်

## တကျွန်းအပါအဝင်ဖြစ်သော

## သီဟဠဒီပကျွန်း

သီဟနန္ဒမြို့ခေါ်-ပါဒမြို့ဟောင်း

## ပါဒကြီးရွာ၌

ကိုးကွယ်တည်ထားတော်မူသော

# ငါးထပ်ဘုရားကြီးသမိုင်း

ရေးသားသူ

## ကဝိဓဇဘွဲ့ခံ-ဦးကျော်။

ဒုတိယအကြိမ်ရိုက် အုပ်ရေ ( ၅၀၀၀ )

အဘိုး-၁-ကျပ်၊ ၂၅-ပြား။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်
အမှတ် ( ၁၂၀၆ )

၁၁၀၆၆ ထုတ်ဝေသူ
ဒေါ်တင်ကြည် (၀၄၄၀ )
သာသနမုခစာအုပ်တိုက်
၃၆-သူရဿဒီလမ်း၊ ကမ္ဘာအေးစာတိုက်၊
ရန်ကုန်မြို့။

ရိုက်နှိပ်သူ
ယောဂီပုံနှိပ်တိုက် - ဦးတင် ( ၀၀၃၇ )
၂၄၅ - လှည်းစုလမ်း၊ ရန်ကုန်မြို့။

နှံ့ချိရာဌာန
ကျိုက်မှော်ဝန်းဘုရားကုန်းပေါ် ဂေါပကအဖွဲ့
ကျောက်တန်းမြို့မှ ဖြန့်ချိပါသည်။

| လှူဒါန်းသော အထည်ဝတ္ထုနှင့် ဒါယကာအမည် | ကျပ် | ပြား |
|---|---|---|
| ကျောက်တန်းမြို့ ဦးဘိုးရေး ဒေါ်အေးမယ် လမ်းဘိုးနှင့် အထွေထွေကောင်းမှု | ၂၅၀ | |
| ၎င်းကောင်းမှု အုဌ်တံတားနှင့်ပြွန်ပေါက်ကုန်ငွေ | ၂၆၀ | |
| ရွှေသူရွှေသားအားလုံးကောင်းမှုလမ်းပြင် မြေကျင်း· ၁၀၀၀ တန်ဘိုး မြေဖို့ခ | ၂၅၀ | |
| ၁၂၁၆-ခုနှစ် ဘုရားလမ်းပြင် ဦးခကျော်-ဇနီး ဒေါ်စိန်မေ့လှူ ဂဝံကျောက် ၂၀-တန်နှင့်ခင်းခ | ၄၅၇ | |
| ၁၃၁၀-ခုနှစ် ၎င်းတို့လှူ မြေကြီးလှည်းအစီး ၃၀၀-တိုက်ခနှင့် မြေကြီးတူးခ | ၂၀၀ | |
| ၁၃၁၀· ခုနှစ် ၎င်းတို့လှူ ဂဝံကျောက်တန် ၃၀-နှင့် အထွေထွေကုန်ငွေ | ၆၀၀ | |
| ၁၃၁၅ ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၈·ရက် နေ့က, ဦးစံတင့်-ဒေါ်ထားတို့က ကျောင်း အနောက်ဘက် ဒေါက်တာ ထွန်းဖေနှင့် အမွေဆိုင်မြေမှ ၂· ကေ ဒသမ ၃၂·ကို ဝယ်ယူ၍ ငါးထပ်ဘုရားကြီး ကျောင်းတိုက် အတွက်လှူ ကုန်ငွေ | ၃၅၀ | |
| ဦးစံတင့်-ဒေါ်ထားတို့က ဘုရားလမ်းဝ၌ မုခ်စာတိုင် ပြုလုပ်လှူဒါန်းငွေ | ၉၅၀ | |
| ဘုရားလမ်း မုခ်ဝအနီးရှိ ဇရပ်နှစ်ဆောင်ကို ရန်ကုန်မြို့ ဦးဘလင်း,နှင့် နှမဒေါ်ဝင်းလှငွေ | ၈၀၀ | |
| မြို့သာဆရာတော်ကောင်းမှု ဗောဓိပင် ပလ္လင်တော်လုပ် ကုန်ငွေ | ၁၃၇ | |
| ဦးဘိုးမြန်·ဒေါ်သက်ပြင်း ကောင်းမှု ဆွမ်းစားကျောင်းဆောက် ကုန်ငွေ | ၁၀၀၀၀ | |

| | | |
|---|---|---|
| လှူဒါန်းသော အထည်ဝတ္ထုနှင့် ဒါယကာအမည် | ကျပ် | ပြား |
| ပိဋကတ်တိုက်ကျောင်း အမျှားကောင်းမှု | | |
| ၎င်းကျောင်းတံခါးနှင့် ကပ်ပြစ်အခင်းကို | | |
| ဦးကျော်နှင့် ဒေါ်စိန်မေတို့က ပူ ကန်ငွေ | ၁၁၅၀ | |
| ဦးဘဖေ-ဒေါ်ဖွားရှိကောင်းမှု ဇရပ်နှင့်ဇရပ် | | |
| ရှေ့ အုဋ်တံတိုင်းပါကုန်ငွေ | ၃၀၀၀ | |
| အဘိုး ဘိုးထွန်းကျော် ကောင်းမှုဇရပ်နှင့် | | |
| အုဋ်တံတိုင်းပါကုန်ငွေ | ၃၀၀၀ | |
| သီလရှင် ဒေါ်ဝဏ္ဏာနှင့် သားသမီးများ | | |
| ကောင်းမှု ဇရပ်ကုန်ငွေ | ၄၀၀၀ | |
| ဒေါ်အေးကြိုင်ကောင်းမှုဇရပ်ကုန်ငွေ | ၄၀၀၀ | |
| ဦးအောင်ဘန်းဒေါ်ကျေးဘုရားတိုက်ပြင်ကုန်ငွေ | ၁၀၂၇ | |
| ဦးမောင်သင်း-ဒေါ်မင်းသူ့ကုဋ္ဌိ ၎င်းသား | | |
| ဦးစိုးရှိန် ဒေါ်သိန်းမေပြင် ကုန်ငွေ | ၄၀၅ | |
| ဦးစံမွန်း-ဒေါ်သက်နှင်း ကုဋ္ဌိ ၎င်းနှင့်သား | | |
| ဦးလူလေး ဒေါ် မြရင်တက်ကုဋ္ဌိပြင်ဆောက်ကုန်ငွေ | ၅၁၀ | |
| ဦးကျော်-ဒေါ်စိန်မေ့တို့က ရေတိုင်ကီတင် | | |
| အုဋ်ခုံလုပ် ကုန်ငွေ | ၅၇၁ | ၅၀ |
| ဦးထွန်းစိန်-ဒေါ်နှင်းတို့က ဘုရားဖူးများထိုင် | | |
| ရန်ကွပ်ပြစ်လုပ် လှူဒါန်းကုန်ငွေ | ၂၅၀ | |
| ဦးထွန်းဇင်သားသမီးတို့က ၎င်း လှူဒါန်းငွေ | ၁၀၀ | |
| အားလုံး ကုန်ငွေပေါင်း- | ၄၆၆၀၁ | ၀၀ |

၎င်းကုန်ငွေမှာ ၁၃၁၀-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄-ရက်နေ့အထိ စာရင်းပိတ်ပြီးသော ကုန်ငွေသာဖြစ်ပါသည်၊ ယခုကျောင်းရှေ့၌ အုဋ်တံတိုင်းလုပ်ဆဲ ငါးထပ်ဘုရားကြီး၌ လျှပ်စစ်ဝါယာကြိုးများ တတ်ဆင်ပြင်ဆင်ဆဲ ဖြစ်ပါသည်။



ပလ္လင်တော်မပါ အမြင့်ဥာဏ်တော် လေးဆယ့်တပေ, သုံး
လက်မ,ရှိတော်မူသော ငါးထပ်ရပ်ပွားတော်မြတ်ကြီး,ပုံ။
တန်ဆောင်း အုပ်နေသည်အတွက် ပုံတော်မှာ မျက်နှာတော်
အထက်သို့ မော့နေပါသည်။



ငါးထပ်ဘုရားကြီး ကိန်းဝပ်စံမွှေ့ယ်တော်မူသော ဂန္ဓကုဋီ တန်ဆောင်းတော်ကြီး ပုံ။

# နိဒါန်း

သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရား၏ စကားတော် အလုံးစုံ သုံးပုံပိဋကတ် ငါးရပ်နိကာယ် ကိုးသွယ်အင်္ဂါ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့ကို မပျက်မစီး သာသနာငါးထောင် တည်အောင် ပထမသင်္ဂါယနာတင်သူ **မဟာထေရ်မြတ်ကြီးကား** အရှင်မဟာကဿပ မထေရ်မြတ်ကြီး ဖြစ်ပါသည်၊ အဘယ့်ကြောင့် သင်္ဂါယနာတင်တော်မူသပါနည်း ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်စံတော်မူ၍၊ တေဇောခတ် မလောင်သေးမီ သုဘဒ္ဒ ရဟန်းကြီးသည်....

သုဘဒ္ဒော မယံ တေန မဟာ-သမဏေန

ငါတို့သည် ကောင်းစွာကျွတ်ကျွတ် ထိုရဟန်းကြီး ဂေါတမ ဘေးမှ အရှင်းလွတ်ကြပြီ၊ဤဟာ ရဟန်းတို့အား အပ်၏၊ဤဟာ ရဟန်းတို့အား မအပ်ဟု တားမြစ်သူ မရှိ၊ငါတို့ လုပ်ချင်ရာ လုပ်ရပြီဆိုသော စကားကို ရှင်မဟာကဿပ ကြားသောအခါ မိမိ၏ ဝမ်းတိုက်ဝယ် သံမှိုနှင့် စိုက်သကဲ့သို့ အလွန် နာကျည်းတော်မူလှသောကြောင့်၎င်း၊ ရဟန်းတို့ ငါဘုရားသည် ပထမစျာန်ဝင်စား၍ နေနိုင်သလိုပင် ကဿပလည်း ငါဘုရားကဲ့သို့ ပထမစျာန် ဝင်စား၍ နေနိုင်သည်၊ဤသို့ အစရှိသောအားဖြင့် လောကုတ္တရာတရားမြတ်ကိုးပါး၌ ရှင်မဟာကဿပနှင့် ဘုရား ညီတူ-ညီမျှထား၍ ဓမ္မသမ္ဘောဂ, အနေဖြင့် ချီး[illegible]
အမိန့်တော်[illegible]

# နိဒါန်း

ဓာရေဿသိ ပန မေ တွံ ကဿပ သာဏာနိ - ပံသုကူလာနိ နိဗ္ဗသနာနိ။

ကဿပ, ငါဘုရားဝတ်ဆင်တော်မူသော မြေမှုန့်တွေ အလိမ်းလိမ်းကပ်တဲ့ ဤပံသုကူသင်္ကန်းတို့ကို သင်ဝတ်နိုင်ပါ့မလားဟု … မိန့်တော်မူ၍ ရှင်တော်ဘုရားဝတ်တော်မူသော သင်္ကန်းနှင့် အရှင်မဟာကဿပမထေရ် ဝတ်တော်မူသော သင်္ကန်းတို့ကို လဲလှယ်၍ ဝတ်တော်မူသောအားဖြင့် ပစ္စယသမ္ဘောဂ, အနေနှင့် အခြားသာဝကတို့နှင့် မဆက်ဆံ မိမိအားသာ ချီးမြှောက်တော်မူသော ကျေးဇူးတော်မြတ်ကို၎င်း၊ အောက်မေ့မှတ်ယုံ ဦးထိပ်ငယ် ပုံပြီးလျှင် ငါသည် မြတ်စွာဘုရား၏ စကားတော် အလုံးစုံတို့ကို ငါးထောင်သာသနာ ရှည်မြင့်ကြာအောင် သင်္ဂါယနာမတင်ပါမူကား " ကတညုတာ ကတဝေဒီ "မင်္ဂလာတရားပျက်ပြားသော သာဝကတပါး ဖြစ်လေရာသည်ဟူသော နှလုံးကို သိမ်းကြုံးပိုက်သွင်း၍ မြတ်စွာဘုရားအား ကျေးဇူးဆပ်သော အနေ ပထမသင်္ဂါယနာတင်လေသကဲ့သို့....

ဤစာရေးသူနှင့် ယခု ငါးထပ် ဘုရားကြီးကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူသော ဘုန်းတော်ကြီး ဦးနန္ဒမေဓာတို့မှာကား ဘဝနတ်နန်း စံမြန်းတော်မူပြီးသော ငါးထပ်ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်ကို အများဆုံး,အချီးမြှောက်ဆုံး ခံရသော ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်၊ အဘယ့်ကြောင့်ပါနည်း ဤစာရေးသူ၏ ညီတော်ဘုန်းတော်ကြီး ဦးနန္ဒမေဓာအား ဤလိုနေ,ဤလိုထိုင်,ဤလိုစား,ဤလိုသွား အစရှိသောအားဖြင့် ဝိနည်းတော်နှင့်လျော်ညီအောင် ဆိုဆုံးမရုံမျှမက ပိဋကတ်အခြေ

ရအောင် သင်ကြားပေးတော်မူခြင်း၊ မိမိဖိုင် ဂရုဘတ်၊ လဟုဘတ် အားလုံး ကျောင်းတိုက်ပါမကျန် လှူအပ် ချီးမြှင့်ခဲ့ခြင်းကြောင့် ငါးထပ်ဆရာတော်ဘုရား၏ကျေးဇူး အထူးခံစားရသော သူများ ဖြစ်ကြပါသည်။

ဤစာရေးသူအားလည်း ဤမျှလောက် လောကီရေးရာ လိမ္မာပါးနပ် အသက်မွေးတတ်အောင် သင်ကြားပေးခြင်း ပိဋကတ်အခြေရအောင် မိမိကိုယ်တိုင် သင်ကြားပေးရုံမျှမက ထိုထိုမှ ရှာသို့ ကိုယ်တော်တိုင် လိုက်၍ အပ်နှံပေးခြင်း၊ အကြောင်းမလှ၍ လူ့ဘဝသို့ ကျရောက်သည့်တိုင်အောင် မပင်-မပန်း ချမ်းချမ်းသာသာ နေထိုင်စားသောက်ရမှုကား ပျံလွန်တော်မူသော ငါးထပ်ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်များသာ ဖြစ်ပါသည်၊ ထိုကျေးဇူးတော်များကို ထောက်ထား၍ "ကတညုတာ ကတဝေဒီ" ပီပီ ပျံလွန်တော်မူသော ငါးထပ်ဆရာတော်ဘုရားကြီးသည် ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါတရားသက်သက် မိမိ၏ အကပ္ပိယဝေါဟာရမပါ- ဝစီဝိညတ်မဘက်ဘဲ အသက်တမျှ တည်ထား ကိုးကွယ်ခဲ့သော ငါးထပ် ရုပ်ပွါးတော်မြတ်ကြီး၏ ရောင်ဝါစွင့်စွင့် ငါးထောင်တင့်အောင် ကြာမြင့်စွာ တည်ပါစေခြင်းအကျိုးငှါ ညီတော်ဘုန်းတော်ကြီးသည် အားထုတ် ဆောင်ရွက်၍ ကျေးဇူးဆပ်နေစဉ်အတွင်း ဤစာရေးသူကလည်း ငါးထပ် ဘုရားကြီး သမိုင်းစာတမ်း တည်းဟူသော ကတော့ပန်းဖြင့် တုသီနတ်နန်း ကြွမြန်းလေပြီး ငါးထပ် ဆရာတော်ဘုရားကြီးအား ကျေးဇူးဆပ်လိုက်ပါသည်၊ ကျေးဇူးရှင်ငါးထပ်ဆရာတော်ဘုရားကြီးသည် အကယ်၍ သံသရာစက်ရဟတ် မပြတ်သေးပါမူ

ကား ဖြစ်လေရာဘဝက သိတော်မူ၍ ကောင်းချီးနှုမော် သာခု ခေါ်နိုင်ပါစေသတည်း။

၎င်းပြင် အခြားသော အကြောင်းများလည်း ယခု ပါဒ ကြီးရွာအနီးအနားရှိ စေတီကြီးပေါင်းများစွာတို့မှာ ဤကဲ့သို့ သမိုင်းစာစောင်များ မရှိခဲ့ခြင်းကြောင့်မှန်းခါ ရမ်းခါသူတဖုံ ငါ တမျိုး ရေးသားနေကြသည်ကို သဘိတရားကြီးမှ သားလျက် နေ့ခင်းလူများ ထိုကဲ့သို့ မဖြစ် ဇာစ်ဇာစ်မြစ်မြစ် ဤငါးထပ် ဘုရားကြီး၏ သမိုင်းကို သိကြပါစေဟူသော စိတ်ထားဖြင့်၎င်း၊ ယခု လွတ်လပ်ရေးခေတ်၌ ငါးထပ် ရုပ်ပွားတော်မြတ်ကြီးသည် ရှေးကကဲ့သို့ အနီးရှိ မြို့ရွာများကသာ ကြည်ညိုသောဘုရား မဟုတ်တော့ဘဲ မြန်မာပြည်လုံးဆိုင်ရာဘုရား၊ ကမ္ဘာလုံးဆိုင်ရာ ဘုရားအဖြစ်သို့ ပြောင်းလဲသွားရာ အလွန် ဘုန်းတန်ခိုးတော်ကြီး လာရကား မြန်မာလူမျိုးများသာမက ရှမ်း, ကရင်, ကယား, ကချင်,ပလောင်,နာဂစသော တိုင်းရင်းသားဗုဒ္ဓဘာသာဝင်များ အပြင် ယိုးဒယား, ကမ္ဘောဒီးယား, လာအို, သီဟိုဠ်,အင်္ဂလန်, ပါကစ္စတန်စသော ပင်လယ်ရပ်ခြား တိုင်းတပါးသားများပါ မကြာမကြာလာရောက်၍ဝမ်းမြောက်ပူဇော်ဖူးမျှော်ကတော့ကြ သောကြောင့် ထိုထိုမြို့ရွာ ကမ္ဘာမှာနေသူ, သုတဂဝေသီပုဂ္ဂိုလ် တို့က ဤမျှ ကြီးကျယ်ခမ်းနား အလွန်သပ္ပါယ်တော်မူသော ရုပ်ပွားတော်မြတ်ကြီးကို မည်သူကဦးစီး၍ မည်သည့်သက္ကရာဇ်က မည်သူတို့၏ ကုသိုလ်ဖြစ်ကြပေသနည်းဟု ခဏခဏ သိလိုလှ သဖြင့် မေးကြသောကြောင့်၎င်း၊ ညီတော် ဘုန်းတော်ကြီးက တိုက်တွန်းသောကြောင့်၎င်း၊ ဤ'ငါးထပ်ဘုရားကြီးသမိုင်း' ကို

ထိုထိုသုတလိုလား အမျိုးသားတို့ သိကြပါစေဟူသော စိတ်ထားဖြင့်ရေးသားရခြင်းဖြစ်ပါသည်။

ဤသမိုင်းကို ရေးသားရာ၌ ရှေးပထမပိုင်းကို မှိုငြမ်းပြုရာ မြန်မာပြန်- မွန်ပါဒရာဇဝင်၊ ကျေးဇူးရှင် ငါးထပ် ဆရာတော်ဘုရားကြီး ကူးယူထားသော လက်ရေးမူ ပါဒရာဇဝင် မြန်မာပြန်- ယိုးဒယားပါဒရာဇဝင် ပုံနှိပ်မူ ပါဒရာဇဝင်၊ သုသောဓိတ-မဟာရာဇဝင်၊ မှန်နန်းရာဇဝင်၊ ရခိုင်ရာဇဝင်၊ မဟာဝင်၊ သာသနာ လင်္ကာရစာတမ်း၊ သာသနဝံသပ္ပဒီပိကာ၊ ကလျာဏီကျောက်စာ၊ ပါရာဇိကဏ်အဋ္ဌကထာ၊ ၅၅၀ နိပါတ်စသော များစွာသော ဘုရားသမိုင်းများ၊ ဤနယ်ရှိ ရှေးသူဟောင်းတို့ အစဉ်မှတ်သားလာသော ရာဇဝင်စကားများ၊ မျက်မြင် သာဓကများနှင့် ညှိနှိုင်း၍ ရေးသားထားပါသည်။

ထိုသို့မိမိဉာဏ်မှီသလောက်ရေးသားပါသော်လည်းဤပါဒမြို့တည်သောနှစ်မှာ သာသနာနှစ် * ၂၃၀-နှစ်ရာ့သုံးဆယ်ပြည့်နှစ်ဖြစ်ရာ ရောက်ဆဲသာသနာ ၂၅၀၀-နှစ်ထောင့်ငါးရာနှင့်နှုတ်လျှင် နှစ်ပေါင်း ၂၂၇၀-နှစ်ထောင့်နှစ်ရာ့ခုနစ်ဆယ် ကြာမြင့်ခဲ့လေပြီ၊ ရှေးက ယခုကဲ့သို့ အရေး အဘတ် အမှတ်အသားမလွယ်ကူသည့်ပြင် အမှတ်အသား အကွာရာများ ရှိမှ ရှိသေးရဲ့

* မဟာသက္ကရာဇ် ၉၄-ခုနှစ် ဘုရားမပွင့်မီ ၁၀-နှစ်က ပါဒမြို့တည်သည်ဟု ပြည်တော်သာ ဦးထွန်းခို့နှင့် ၎င်း၏ ဆရာကြီး ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဦးကျော်တို့ ယိုးဒယားဘာသာမှ မြန်မာဘာသာ ပြန်ဆိုရေးသားပြီးဖြစ်သော ပါဒရာဇဝင်၌ဆိုသော ၏ ၎င်းတို့အလို ပါဒမြို့တည်သည်မှာ နှစ်ပေါင်း နှစ်ထောင့်ခြောက်ရာ ကျော်ခန့်ကြာရှိပေပြီ။

လားဟု ဤစာရေးသူက သံသယရှိခဲ့ပါသည်၊ အဘယ့်ကြောင့်ပါနည်း-ဗုဒ္ဓဘာသာဝင်များအသက်ပမာမှတ်သားနာယူလေ့ကျက်အပ်သော ပိဋကတ်သုံးပုံအလုံးစုံကိုသော်မှ သီဟိုဠ်ကျွန်း၌ သာသနာနှစ် ၄၅၀ လေးရာ့ငါးဆယ်နှစ်ကျမှသာလျှင်၊ ပေထက်အက္ခရာတင်၍ ရေးသား မှတ်ထားကြပါသည်၊ ၎င်းပေထက်အက္ခရာမတင်မီ ရှေးအခါ၌မူကား အလွန် သတိ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသူများဖြစ်ရာ နှုတ်ဖြင့်သာ ဆောင်ရွက်လာခဲ့ကြပါသည်။

ဤမြန်မာနိုင်ငံ သထုံမြို့သို့ သာသနာနှစ် + ၂၃၅-နှစ်ရာ့သုံးဆယ့်ငါးနှစ်၌ သာသနာရောက်လာသော်လည်း ၎င်းသာသနာ မရောက်မီက မွန်ဘာသာအရေးအသား၊ အမှတ်အက္ခရာများရှိပြီးဖြစ်သည်။ သို့မဟုတ် ၎င်းသာသနာရောက်ပြီးနှစ် မည်မျှလောက်ကြာမှ မာဂဓအက္ခရာများကိုမှီး၍ မွန် အရေးအသားများ ပေါ်ပေါက်လာသည်ကိုကား ဤစာရေးသူ၏အရာမဟုတ် ဆဋ္ဌာ-ဘိည ပဋိသမ္ဘိဒါပတ္တ ဘုရားရဟန္တာတို့၏ အရာသာ ဖြစ်ပါသည်။

---

+ ကလျာဏီကျောက်စာ၌ သာသနာနှစ် ၂၃၆ နှစ် သထုံသို့ သာသနာရောက်သည်ဟု ဆိုသေး၏။

သီဟိုဠ်ကျွန်း၌သာ ၂၃၆-ခုနှစ် သာသနာရောက်သည်၊ အခြားသော ဂ-ရှစ်ဌာနသို့မူကား သာသနာနှစ် ၂၃၅-နှစ်ရာ့သုံးဆယ့်ငါးခု တန်ဆောင်မုန်း ၊ သာသနာပြုခိုင်းစကပင် အသီးသီးကြွတော်မူကြသည်ဟု ဆိုပါသည်။

သို့အတွက် ဤ ပါဒမြို့တည်သည်မှာလည်း သာသနာနှစ် ၂၃၀-နှစ်ရာသုံးဆယ်ပြည့်နှစ်ဟုဆိုလေရာ ဇာင်းသက္ကရာဇ်၌ နန်းတက်သော မင်းများအမည်၊ အိမ်နိမ့်စံနှစ်၊ စည်းစိမ်စံနှစ်၊ အသက်တော်၊ သားတော်၊ သမီးတော်များ၊ ထိုမင်း နတ်ရွာစံသည့်နောက် နောက်တက်သော မင်းများ၏ အမည်၊ ခုနှစ် သက္ကရာဇ်များ ပါဒမြို့အနီးအနားရှိ တည်ထားသော စေတီတော်ကြီးများနှင့် ခုနှစ်သက္ကရာဇ်များမှာ ရှေးက နှုတ်ဖြင့်သာ မှတ်သားလာကြရာ နောက်အရေးအသား အမှတ်အကွဲရာရောက်လာမှ မိမိတို့ အစဉ်အဆက် မှတ်သားလာသမျှကို မှန်ကတမျိုး၊မြန်မာကတဖုံ ရေးသားမှတ်ထားခဲ့ဟန်တူပါသည်။ ထို့ကြောင့်ပင် သက္ကရာဇ်နှင့် မင်းဆက်များ အမျိုးမျိုး ကွဲပြား၍နေရာ ဤစာကြည့်သူများသာ မိမိတို့ ဉာဏ်မီသလောက် ခွဲဝေပိုင်းခြား မှတ်သားနိုင်ကြပါစေသတည်း။

ဒုတိယပိုင်းနှင့် တတိယပိုင်းကိုမူကား ငါးထပ်ဘုရားကြီးတည်ရာ၌ ပဓာန နာယကဖြစ်တော်မူသော ကျေးဇူးရှင် ငါးထပ်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိတော်မူစဉ်က ငါးထပ်ဘုရားကြီးနှင့် သက်ဆိုင်ရာ အားလုံးတို့ကို အဖန်ဖန်အခေါက်ခေါက် မေးမြန်းလျှောက်ထား၍ မိန့်ကြားတော်မူသော စကားများကိုဇင်း၊ ယခု ငါးထပ်ဘုရားကြီးကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူသော ညီတော် ဘုန်းတော်ကြီး၏ မှတ်တမ်းမှတ်စုများကိုဇင်း သေချာစေ့ငုစွာ ကောင်းမွန်စွာကြည့်ရှုပြီးလျှင် ဤငါးထပ်ဘုရားကြီးတည်ရာ၌ အဌလုပ်ရာမှစ၍ ပန်းရံငါးရာ-ပန်းရံလုပ်ရာတို့၌ ပဲခူးဆားပမာ နေရာတကာပါသော

ယခုရှိဆဲ အသက် ၉၅-နှစ်ရှိ ဥပသကာကြီး ဦးကျွန်း၊ ကိုရင်း အခါခါမေး၍ ရသမျှသော ဗဟုသုတတို့ကို မပျောက်မပျက် ပါစေသတည်းဟူသော သဒ္ဒါယိုဖိတ် သောမနဿ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်ဖြင့် ရေးသားထားသော ဤ ငါးထပ်ဘုရား ကြီးသမိုင်းစာကို မှတ်သားလိုသူ မျိုးဗိုလ်လူတို့သည် ကြည်ဖြူ သော စိတ်ထားဖြင့် လေးလေးစားစား ကြည့်ရှုဘတ်ကြားနာယူ ကြစေကုန်သတည်း။

၁၃၁၇-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄-ရက်

ကဝိဓဇဘွဲ့ခံ-ဦးကျော်။

## မာတိကာ

စာမျက်နှာ နံပါတ်။


နိဒါန်း — က
ပဏာမနှင့် ပါဒမြို့တည်ခြင်း — ၁
နန်းတော်နေရာ ရှာတော်မူခြင်း — ၃
ဘောဂသေနမင်းကြီး၏ စိုးပိုင်သောမြို့နယ်များ — ၄
သာသနာတော် ရောက်လာတော်မူခြင်း — ၅
ဘောဂသေနမင်းနှင့် သုပဏ္ဏက ရသေ့ကြီးတို့ အယူမှန်သို့ ရောက်ကြခြင်း။ — ၆
ဘောဂသေန မင်းတရားကြီး၏သတင်း သီဟိုဠ် တိုင်အောင် ကျော်စောခြင်း — ၇
ဉာဏ်တော် အတောင်တရာခန့်ရှိသော စေတီတော် ကြီးများကို ရေတွက်ပြခြင်း — ။
ဘောဂသေမင်းနှစ်ပါး ခွဲခြားပြခြင်း — ၁၀
ဘောဂသေနမင်း ရသေ့ဝတ်ခြင်း — ၁၁
ပါဒမြို့ မင်းဆက်ပြတ်ခြင်း — ၁၃
မွန်ရာဇဝင်စကား ရှင်းလင်းချက် — ၁၄
ဤကျွန်းကို နာမည်အမျိုးမျိုး ခေါ်ဝေါ်ကြခြင်း — ၁၈
ဘုရားကြီးရွာ၌ မောင်သံလျင် မွေးဖွားခြင်း — ၁၉
မောင်သံလျင်ကို သတ်ရန် ကြံစည်ခြင်း — ၂၀
မောင်သံလျင်နှင့် ဝက်ကြီးတို့ တွေ့ကြခြင်း — ၂၂
ရသေ့ညီနောင်သုံးယောက်တို့၏ ရှေး ဘဝ အကြောင်း — ၂၄

## မာတိကာ

စာမျက်နှာ နံပါတ်။

မောင်သံလျင် ရသေ့ကြီးသုံးပါးထံမှ ကောက်ကျစ်
စဉ်းလဲ၍ စကြာသုံးပါးရခြင်း ၂၆
စကြာသုံးပါးအရှင် မောင်သံလျင် ၂၇
မောင်သံလျင် ပါဒမြို့ ထီးနန်းကို အမိအဘတို့အား
တောင်းစေခြင်း ၂၀
မောင်သံလျင်ကိုယ်တိုင် ပါဒမြို့ ထီနန်းကို သိမ်းမြန်း
တော်မူခြင်း ။
သံလျင်မင်းကြီး၏အကြောင်း ရှင်းလင်းပြခြင်း ၃၀
ပါဒမြို့မင်းဆက်ကို ပေါင်းပြခြင်း ၃၃
ပါဒမြို့ပျက်စီးပြီးသည့်နောက် ကျန်ရှိနေသော
ရုပ်ကြွင်းများ ၃၅
သံလျင်နှင့် ပါဒမြို့ဟောင်းကို မင်းဆက်ပြောင်း၍
အုပ်စိုးကြခြင်း ၃၇
ကုလား ဇဗင်္ဂါ,က ဘုရားပုထိုး အမျိုးမျိုးတို့ကို
ဖျက်ဆီးခြင်း ၃၈
ကုလားဇဗင်္ဂါလက်မှ လွတ်မြောက်ခြင်း ၄၀
အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခြင်း ၄၂

## ပထမပိုင်းပြီးပြီ။

---

### ဒုတိယပိုင်း

ပါဒမြို့ဟောင်းခေါ်ပါဒကြီးရွာအကြောင်း ၄၃

# မာတိကာ


| | စာမျက်နှာ နံပါတ်။ |
|---|---|
| ပါဒတောရ ကျောင်းနှင့် အခြားကျောင်း၌ သီတင်းသုံး နေထိုင်တော်မူသော ဘုန်းတော်ကြီးများ | ၄၄ |
| ငါးထပ် ဆရာတော်ဘုရားကြီးအား ဘုန်းကြီးမှို့က, ချီးမွမ်းတော်မူခြင်း | ၄၆ |
| ဘုန်းကြီးမှို့,နှင့် အတူ သီတင်းသုံးတော် မူသော ဘုန်းတော်ကြီးများ | ၄၇ |
| ဘုန်းကြီးမှို့,နှင့် မတွေ့၍ တခြားစိခွဲ ကျောင်းထိုင်ကြခြင်း | ၄၈ |
| သောက်တော်တွင်း အနီး၌ စေတီတော်တည်ခြင်း | ၅၀ |
| ၎င်းစေတီတော် ယင်ပြင်ရှိ တန်ဆောင်းများနှင့် ဆောက်လုပ်လှူဒါန်းကြသူ ဒါယကာများ | ၅၂ |
| ဘုန်းတော်ကြီး ဦးကေတု, သိမ်ကုန်း၌ သီတင်းသုံးတော်မူခြင်း | ၅၃ |
| အညာက ဘုန်းကြီးတပါးကို ဦးရွှေတုတ်, က ကျောင်းဆောက် ကိုးကွယ်ခြင်း | ၅၄ |
| စူဠဂဏ္ဍိခေါ် ရွှေကျင်ကိုးကွယ်သော ဒါယကာများ ဘုန်းကြီးပင့်၍ ကိုးကွယ်ကြခြင်း | ၅၅ |
| ထိုခေတ်က ပါဒကြီးရွာ၏ အခြေအနေ | ၅၆ |
| သံလျင်,ကျောက်တန်း မော်တော်ကားလမ်း ပေတာရာကြီးကို ပထမဆုံး ဖေါက်လုပ်သူ | ၅၈ |

## မာတိကာ

စာမျက်နှာနံပါတ်။

| | |
|---|---|
| စူဠဂဏ္ဍိ,မဟာဂဏ္ဍိ,ရွှေကျင်,သုဓမ္မာ ကွဲ၍ အဓိကရဏ်းဖြစ်ခြင်း | ၅၉ |
| ကျုံ့ကန်ရွာ၌လည်း ရိုက်ပွဲဖြစ်ခြင်း | ၆၀ |
| ငါးထပ်ဘုရားကြီး တည်ရာဌာနသို့ ကျောင်းရွှေ့ပြောင်း ဆောက်လုပ်ခြင်း | ၆၁ |
| ငါးထပ် ဘုရားကြီး ကျောင်းနေရာ၌ ပထမ ကျောင်းဆောက် လှူဒါန်းကြသော ကျောင်း ဒါယကာများ | ၆၃ |
| ငါးထပ်ကြီး ဆရာတော်ဖြစ်မည့် ရဟန်းတော် မန္တလေးမြို့မှ ကြွလာတော်မူခြင်း | ၆၄ |
| အဘယ့်ကြောင့် ရွှေကျင်ဆရာတော်ကြီးဟု ကျော်ကြားတော်မူပါသနည်း | ၆၅ |
| ငါးထပ်ဘုရားကြီးဆရာတော် ဖြစ်မည့် ရဟန်းတော် ဗါဒကြီးရွာသို့ ကြွရောက်တော်မူခြင်း | ၆၆ |
| ကျောင်းထိုင်ဘုန်းကြီး ပရိသုဒ္ဓပြုခြင်း | ။ |
| ဒါယကာများ အကုသိုလ် မပွားရအောင် အပေါင်းအသင်း အနည်းငယ်ပြင်ခြင်း | ၆၈ |
| ကျောင်းသစ်များ ဆောက်လုပ်လှူဒါန်းကြခြင်း | ၇၀ |
| ကြီးပွားလတ္တံ့သော တိတ်ကြီး နိမိတ်ကြီး | ။ |
| တတိယကျောင်း | ၇၁ |

## မာတိကာ

စာမျက်နှာ နံပါတ်။

ငါးထပ်ဘုရားကြီးဆရာတော် သီတင်းသုံးတော်
မူသော ကျောင်း မီးလောင်ခြင်း ၇၂
စတုတ္ထ တိုက်ကျောင်းနှင့် ပဉ္စမ ဘုရားတိုက် ၇၃
ဆဋ္ဌမ ပိဋကတ်တိုက်ကျောင်း ၇၄
သိမ်သမုတ်ခြင်းနှင့် ဒုတိယ တိုက်သိမ် ၇၅
ပထမ, ဒုတိယ, တတိယ, စတုတ္ထ ဆွမ်းစား
ကျောင်း ။
ကုဋ္ဌိ ၇၆
ဇရပ်များနှင့် ဇရပ်ဆောက်လုပ် လှူဒါန်းကြသော
ဒါယကာများ ၇၇
ဘဏ္ဍာတိုက် ဆောက်လုပ်လှူဒါန်းခြင်း ၈၀

# ဒုတိယပိုင်းပြီးပြီ။

## တတိယပိုင်း

ငါးထပ်ဘုရားကြီးတည်ရန် အကြံအစည်ဖြစ်ခြင်း ၈၂
ငါးထပ်ဘုရားကြီးတည်ရန် အုဌ်လုပ်ခြင်းနှင့် ပန်း
ရံ ငှားရန် တိုင်ပင်ကြခြင်း ၈၆
ပန်းရံငှားရာ၌ အခက်အခဲတွေ့နေခြင်း ၈၇
ဘုရားတည်ရန် စုဆောင်းထားသောပစ္စည်းများ ၈၉
ဘုရားတည်ရန် အခါပေးခြင်း ၉၀

## မာတိကာ

စာမျက်နှာ နံပါတ်။

ဘုရားတည်ရန် ပန္နက်ရိုက်ခြင်းနှင့် ပထမ နိမိတ် ကြီး ၉၁
ငါးထပ်ဘုရားကြီး ပန္နက်ရိုက်စဉ် တဆယ့်နှစ်ရာသီ
ခွင်၌ ဇာတာတော်တည်နေပုံ ၉၃
ထူးဆန်းအံ့သြဘွယ် ၉၄
ပလ္လင်တော် အင်္ဂြမြစ်ချပုံ ၉၅
ငါးထပ်ဘုရားကြီးဘည်ထားပုံနှင့် ဌာပနာပုံ ၉၆
ကျိုက်စောရှင် စေတီတော်ကြီး၏ ဓာတ်တော်
မွေတော်တို့ကို ပြခြင်း ၉၈
အင်္ဂမလောက်သမျှ ဘုရားဒါကယာကြီး
ဦးပေတိုး့က တဦးတည်းဒါယကာ ခံယူခြင်း ၁၀၂
ဒုတိယအကြိမ် ဝက်မလွတ်ငှက်ပျောပင်မှ ထူး
ဆန်းစွာ နိမိတ်ပြခြင်း ၁၀၅
ထူးဆန်းသော ငှက်ပျောပင်နှင့် တွဲတေးဆရာ
တော်, ဦးနာဂ, အဟော ၁၀၆
ဦးခေါင်းတော်နှင့် မျက်နှာတော်ကို တည်လုပ်ရာ၌
ငါးထပ်ဆရာတော်ဘုရားကြီးက အထူး ဝါယမ
စိုက်တော်မူခြင်း ၁၁၀
ရုပ်ပွားတော်မြတ်ကြီး ပြီးစီးသွားသောအခါ ပန်းရံ
ဆရာကြီး ဆရာညက်,က အထူးသဘောကျ၍
ဝမ်းမြောက်ဝမ်းသာ လျှောက်ထားခြင်း ၁၁၂

## မာတိကာ

စာမျက်နှာ နံပါတ်။


| | |
|---|---|
| တတိယအကြိမ်နိမိတ်ကြီး | ၁၁၅ |
| ရုပ်ပွားတော်မြတ်ကြီးအား အနေကဇာတင်ခြင်း နှင့် ဘွဲ့ကမ္ဗည်းထိုးတော်မူခြင်း | ၁၁၈ |
| ငါးထပ်ဆရာတော်ဘုရားကြီးက တားမြစ်တော်မူခဲ့ခြင်း | ၁၂၂ |
| ငါးထပ်ရုပ်ပွားတော်မြတ်ကြီး ဥဏ်ာတော်အမြင့်နှင့် အသေးစိတ် အတိုင်းအတာများ | ၁၂၅ |
| စတုတ္ထအကြိမ်နိမိတ်ကြီး | ၁၂၈ |
| ငါးထပ်ဘုရားကြီးတည်ပြီးခါစအချိန်၌ ပါဒကြီး ရွာသူရွာသားများ ဥစ္စာစီးပွားတိုးတက်နေခြင်း | ၁၂၉ |
| ငါးထပ်ဘုရားကြီး၏ တန်ခိုးတော် | ၁၃၀ |
| ငါးထပ်ဘုရားကြီး ပလ္လင်တော်နှင့်တကွ မှန်စီ၍ ရွှေသက်န်းကပ်လှူကြသော အလှူဒါယကာများ | ၁၃၃ |
| တန်ဆောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခြင်း | ၁၃၄ |
| အာရုံခံ တန်ဆောင်းတော်ကြီး ဆောက်လုပ် လှူဒါန်းခြင်း | ၁၃၇ |
| မြောက်ဘက်နတ်လမ်းနှင့် ခြသေ့်နှစ်ကောင် ကောင်းမှုရှင် | ။ |
| ငါးထပ်ဘုရားကြီး၏ တနင်္ဂနွေထောင့်ရှိ ရွှေတိုင် လုံးကြီးများနှင့် ဘာဘူဆောင် တန်ဆောင်းကြီး | ။ |
| ငါးထပ်ဘုရားကြီး၏ အရှေ့ဘက်ရှိ ယွန်းနှစ်ဘက် | |

## မာတိကာ

စာမျက်နှာ နံပါတ်။


| | |
|---|---|
| ညှပ်ပြာသာဒ်ဆောင်တန်ဆောင်းကြီး | ၁၃ဂ |
| ကျောက်ပြား ခြေတော်ရာတဆူ တည်ထား ကိုးကွယ်ခြင်း | ။ |
| အထက်ပါတန်ဆောင်းနှင့် ဆက်လျက် မင်းညီနောင် ဘာဘူဆောင်တန်ဆောင်း | ၁၃၉ |
| နတ်လူ သာဓုခေါ်ရန် ခေါင်းလောင်းကြီးလှူဒါန်းခြင်းနှင့် လျှပ်စစ်မီးစက်ဖြင့် မီးပူဇော်ခြင်း | ။ |
| ရေစက်တည်ထား လှူဒါန်းခြင်း | ၁၄၀ |
| လျှပ်စစ်ဓာတ်မီးစက်နှင့် ရေစက်ကို သုဒ္ဓိယပဝေယျာဝစ္စအသင်းဝင် အချို့ အသင်းသားတို့က တာဝန်ယူစောင့်ရှောက်ထားခြင်း | ၁၄၂ |
| ရေစက်နှင့်ကပ်လျက် ယခုသုံးစွဲနေသောရေတွင်း | ၁၄၃ |
| ရေကန် | ၁၄၄ |
| ဝတ္တကမြေ လှူဒါန်းသူများ ဦးစံမှန်းခြံမြေ့ဝယ်၍ ဘုရားလမ်းသစ် ဖေါက်လုပ်လှူဒါန်းခြင်း | ၁၄၅ |
| ပေတရာရှိ ခေတ္တနားနေရန် ဇရပ်များ | ၁၄၆ |
| လမ်းပြုလုပ်လှူဒါန်းသူများ | ။ |
| ငါးထပ်ဆရာတော်ဘုရားကြီးပျံလွန်တော်မူခြင်း | ၁၄၉ |
| အာသီသ | ၁၅၀ |
| နိဂုံး | ၁၅၁ |
| နောက်ဆက်တွဲ | ၁၅၇ |

# ငါးထပ်ဘုရားကြီးသမိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပထမပိုင်း။

### ပဏာမ

သက်ျသာကိန်၊ အသမ္ဘိန်ဟု၊ မုနိန်ဒအထွဋ်၊ တခွတ်ဥသျှောင်၊ ငါးမာရ်အောင်သား၊ မြတ်ခေါင်ဇိန၊ တုမရသည့်၊ လူ့ဘပရမေ၊ သုံးလူ့ဆွေနှင့်၊ ဓမ္မေဘုရား၊ မြတ်ဖြားသံဃာ၊ အရိယာပေါင်း၊ ညွတ်ခါပြောင်းရှေ၊ နှောက်ခွန္ဒာင်းခုဒ္ဒါ၊ သိစိမ့်ငှါဟု၊ ရွာပါဒကြီး၊ နတ်ဘုံနီးမျှ၊ အံ့ချီးဘွယ်ပင်၊ ငါးထပ်ရှင်၏၊ ဖြစ်စဉ်ထုံ့ပွတ်၊ သချပ်ဇာတ်ကို၊ များမှတ်စေသို၊ ဖွင့်ဟာဆိုမည်၊ ထိုထိုလူများ သိစေသား။

### ပါဒမြို့တည်ခြင်း

ငါးထပ်ဘုရားကြီး၏သမိုင်းကို ရေးသားရလျှင် ဤငါးထပ်ဘုရားကြီး၏ ကိန်းဝပ်စမွှယ်တော်မူရာ ဌာနဖြစ်သော ပါဒရွာကြီး၏ အကြောင်းကို ဘုရားဖူးလာ များစွာသော လူများတို့ သိသင့်သလောက်သိအောင် ရေးသားဦးမှ သင့်တော်ပေမည်။

အဘယ့်ကြောင့်ပါနည်း.... ဤ ပါဒရွာကြီးကား ရှေးအခါ၌ အလှန်တရာစည်ကားလှ၍ ပြည်သူအများ ချမ်းသာ ဝပြောပြီးလျှင် ထီးနှင့် နန်းနှင့် ကြငှန်းပွင့်၍ တင့်တင့်တယ်တယ် ကြီးကျယ်ဖြန့်မိုး မွန်မင်းများ အုပ်စိုးတော်မူခဲ့ကြသော ရွာကြီး ဖြစ်လေသည်။ ထို့ကြောင့်ပင် မွန်မင်းများအကြောင်းကို မကျဉ်းမကျယ် သိလွယ်ရုံလောက် ပါဒရာဇဝင်ကို ရေးသားပါဦးအံ့....။

သိဟိုဠ်ကျွန်းသား မင်းမျိုး-မင်းနွယ်များ ဖြစ်ကြကုန်သော ဘောဂသေန- နရသေန- သီဟသေန ညီနောင် သုံးယောက်တို့သည် သိဟိုဠ်ကျွန်းမှ ထီးနန်းစိုက်ရန် ကျွန်းသစ် နေရာသစ် ရှာရန်အလို့ငှါ သုဝဏ္ဏဘုမ္မိတိုင်း မြန်မာပြည်ဘက်သို့ သင်္ဘောဖြင့် ရွက်တိုက်၍ ထွက်လာခဲ့ကြရာ သီဟဒီပကျွန်းခေါ် ဤသံချင် ကျောက်တန်း တောတန်းကြီးသို့ ဆိုက်ဆိုက်မြိုက်မြိုက်တိုက်ရိုက် ရောက်လာခဲ့ကြပါသည်။ ထိုအခါ ညီနောင် သုံးယောက်တို့သည် ၎င်းတောတန်းကြီးကိုတွေ့လျှင် မိမိတို့ စီးလာရာ သင်္ဘောဆိုက်ကပ်၍ ကျွန်းပေါ်သို့တက်ပြီးလျှင် စုံစမ်း ရှာဖွေကြလေရာ ဤကျွန်းဌာနသို့ ရှေးက ရောက်နှင့်နေပြီးလျှင် ယောဂီအလုပ်ဖြင့် အဂ္ဂိရတ်ထိုး မီးပူဇော်နေသော ဟိန္ဒူလူမျိုး အိန္ဒိယတိုင်းရင်းသား သုပဏ္ဏက ရသေ့ကြီးနှင့်တွေ့ကြလေသည်။

ထိုအခါ ရသေ့ကြီးနှင့် ဝမ်းမြောက်ဝမ်းသာ ပြောဟောကြပြီးလျှင် ရသေ့ကြီး၏ ညွှန်ကြားချက်အရ ရသေ့ကြီးနှင့် တိုင်ပင် ညီညွတ်ကြ၍ ဤနေရာ၌ အခြေစိုက်ခါ နေထိုင်လျက် ရှိကြကုန်သော + ကရီနှင့် မွန်လူမျိုးတို့ကို အုပ်ချုပ်၍ မင်းပြုလုပ်ရန် ကြံစည်လေကြလေသည်။

---

+ ကရီ့က နောက် ကရင်ဖြစ်လာသည်။

## နန်းတော်နေရာ ရှာတော်မူကြခြင်း။

နန်းတော်နေရာကိုလည်း ယခု ပါဒကြီး ရွာသူရွာသားများ သောက်သုံးနေကြသော သောက်တော်တွင်းခေါ် ရေတွင်းကြီး၏ အနောက်မြောက် အနည်းငယ်ယွန်း ယခု ဝေနေယျသုခကျောင်းကုန်း ရှေးက သိမ်းကုန်းပါဒမြို့၊ နန်းစိုက်စဉ်အခါက လွှတ်တော်ကုန်း အမည်ရှိသော နေရာဘိုက်နှင့်တကွ ကျောက်တန်း၊ သံလျင်သွား ပေတရာလမ်းကိုခွလျက် အရှေ့ဘက် ခံများများ ဘူမိနက်သန် မြေကြန်လက္ခဏာနှင့်ပြည့်စုံသော နေရာများကို ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ ပြည့်စုံသောအခါ အထက်မြန်မာနိုင်ငံ သရေခေတ္တယာခေါ် ပြည်မြို့၌ ဒွတ္တရာမင်း၏သား ရန်ပေါင်မင်းနန်းစံ ၃၇-သုံးဆယ့်ခုနစ်နှစ်မြောက် သာသနာနှစ် * ၂၃၀-ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့ နံနက်မြန်မာ တချက်တီးအချိန်မှစ၍ ရွှေပန္နက်၊ ငွေပန္နက် ရိုက်နှက်စိုက်ထူပြီးလျှင် မြို့၏အင်္ဂါလက္ခဏာနှင့် ပြည့်စုံစွာ တည်ဆောက်လာခဲ့ရာ သုံးနှစ်ကြာမှ **နန်း**တော်အဆောက်အဦး အားလုံး ပြီးဆုံးခြင်းသို့ တိုင်ရောက်ပါသည်။ မြို့တော်ကိုလည်း သီဟနန္ဒမြို့ခေါ် ပါဒမြို့တော်ဟု ကမ္ပည်းထိုးတော်မူပါသည်။

သီဟနန္ဒကား သီဟိုဠ်သားတို့ နှစ်သက်မြတ်နိုးသော မြို့ဟု အဓိပ္ပါယ်ရ၍ ပါဒ-မြို့မှာကား ဤနေရာဌာနဝယ် အမှန်၊ အစ၊

---

* မြန်မာပြန် ယိုးဒယားပါဒချာဇဝင်ဆရာက မူကား ဘုရားမပွင့်မီ ၁၀-နှစ် မဟာသက္ကရာဇ် ၉၄-ခုနှစ်က တည်သည်ဟု ဆို၏။

ပထမတည်သောမြို့ တောင်ခြေ၌ တည်သောမြို့ဟု အဓိပ္ပါယ်ရပါသည်။

ပါဒ-၏ အဓိပ္ပါယ်မှာ အခြားမှတ်သားစရာ အဓိပ္ပါယ် အမျိုးမျိုးရှိပါသော်လည်း ဤသမိုင်းစာ၌ မရေးသားတော့ပါ။

ဤသို့လျှင် ထိုခေတ် ထိုအခါနှင့် လျော်ညီစွာ အံ့ဘွယ် ဘနန်း ထူးထူး ဆန်းဆန်း ထီးနန်း စိုက်ဆောက်ပြီးသော မွန်လူမျိုး ဘိုးရာဇာ ၏သမီး မယ်ဒွတ်ကို တောင်ညာစံဒေဝီမဟေသီ မိဖုရားကြီးအရာမြှောက်၍ စိုးစံတော်မူလေသည်။

## ဘောဂသေနမင်းတရားကြီး၏ စိုးပိုင်တော်မူသော မြို့နယ်များ

ပါဒဘုရင် ဘောဂသေန မင်းတရားကြီးကား သာသနာတော်၌ အလွန်ကြည်ညိုတော်မူ၏။ရဟန်း ပုန်ကြားတို့အားလည်း လေးစား၏။ အလှူပေးခြင်း သီလဆောက်တည်ခြင်း စွန့်ကြဲပေးကမ်းခြင်းစသော မင်းကျင့်တရား ဆယ်ပါးနှင့်လည်း ပြည့်စုံ၏။ ထို့ကြောင့်ပင် ထိုဘောဂသေနမင်းတရားကြီး၏ပိုင်တော်မူသော မြို့များကား ထိုအချိန်က တိဂုဏ်၊ ဒလ၊ ပဲခူး စသော မြို့ကြီးများမှာ အာဏာဟန်ခိုး မေးမြန်ခိုက်နှင့်ကြုံလေရာ မိမိတို့ စိုးပိုင်တော်မူသော နိုင်ငံတော် အကျယ်အဝန်းမှာ ဤသီဟဒီပကျွန်းသာမက တိဂုဏ်၊ဒလ၊ပဲခူးစသော မြို့များအပြင် ပုသိမ်ထိအောင်ပင် လက်အောက်ခံ နိုင်ငံအဖြစ်သို့ စိုးပိုင်တော်မူခဲ့ဘူးလေသည်။

## သာသနာတော် ရောက်လာတော်မူခြင်း

ထို ဗောဂဝသေန မင်းတရားကြီးသည် သာသနာတော်ကို ကြည်ညိုသည်ဟု ဆိုရငြားသော်လည်း မိမိ ကိုးကွယ် အားထားသော သုပဏ္ဏက ရသေ့ကြီးမှာ ဗုဒ္ဓဘာသာ ယောင်ယောင် ဟိန္ဒူဘာသာယောင်ယောင်နှင့် သံသရာမှ ထွက်မြောက်အောင် ပြုနိုင်သော ရသေ့ကြီးမဟုတ်ပါ၊ ထိုအခါ ရာမညတိုင်း၌ တပုဿ ဘလ္လိကတို့ ယူဆောင်လာသော ပဌမ သာသနာ ဂဝမ္ပတိ မထေရ် ယူဆောင်လာသော ဒုတိယ သာသနာများမှာ လည်း ကာလရှည်လျားသဖြင့် အခြေမခိုင် ယိမ်းယိုင်၍နေရာ နတ်ကိုးကွယ်သော ဟိန္ဒူအယူဝါဒတွေ အစားထိုး၍ အမျိုး မျိုး ကိုးကွယ်နေကြပါသည်။ ဗောဂဝသေနမင်းကြီး နန်းစံ ငါးနှစ်မြောက် သာသနာနှစ် ၂၃၅-ခုနှစ် ရောက်သော အခါ သထုံဘုရင် သီရိမာသောကမင်း လက်ထက် ရှင်သောဏနှင့် ရှင်ဥတ္တရ ရဟန္တာမထေရ်နှစ်ပါးတို့သည် ရဟန်းခံလောက်အောင် ကာရကသံဃာများနှင့်တကွ ရောက်လာမှသာလျှင် သာသနာ တော် အခြေတည်၍ ရာမညတိုင်းအားလုံး ဗုဒ္ဓသာသနာတော် ပြန့်နှံ့ကျော်စော သွားလေသည်။ ဗောဂဝသေနမင်းတရားကြီး လည်း သာသနာဟူသော စကား ကြားရုံမျှနှင့်ပင် အလွန် ကြည်ညိုသဒ္ဓါဖြစ်ပွားလာရကား များစွာသော ရဟန်း သံဃာ တို့ကို မိမိနေရာ သီဟဒီပကျွန်းသို့ ပင့်ဘိတ်၍ ပစ္စည်းလေးပါး တို့ဖြင့် မညှိုးမနွမ်းရအောင် လှူဒါန်းတော်မူလေသည်။

### ဗောဂဝသေနမင်းနှင့် သုပဏ္ဏက ရသေ့ကြီးတို့ အယူမှန်သို့ ရောက်ကြခြင်း။

ထိုအခါကြမှသာ ဗောဂဝသေနမင်းကြီးနှင့် သူ၏ ဆရာ

ရသေ့ကြီး သုပဏ္ဏကတို့သည် မီးပူဇော်သော ဟိန္ဒူအသူမှ ကင်းစင်၍ ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြပါသည်၊ ဘောဂသေန မင်းတရားနှင့် တိုင်းသားပြည်သူ ဗိုလ်လူအပေါင်းတို့သည်လည်း သောင်းသောင်းဖြဖြ သာသနာတော်၌ ကြည်ညိုသောစိတ်များ ဝင်စားလာကြရာ များစွာသော တိုင်းသူပြည်သား လူအများ တို့သည် ချမ်းသာရေး-မင်္ဂလာဆုရ ရကြပါကုန်သည်။ ရှင်ရဟန်း ပြုသူများနှင့် သရဏဂုဏ်တည်သူများကား မရေမတွက်နိုင်တော့ပါ။ ထိုအချိန်အခါ၌ ပါဒနုပြည်တော်သူ နေပြည်တော်သား များနှင့်တကွ ဘောဂသေနမင်းကြီးပါ အခြားသော လောကီ အာရုံ ကာမဂုဏ်စိတ်များ မဝင်စားနိုင်ကြတော့ဘဲ ဘုရားတည့် ကျောင်းဆောက်၊ တရားကျင့်သော စိတ်များဖြင့်သာ အချိန် ကုန်လွန်၍ သွားကြပါသည်။

## ဘောဂသေန မင်းကြီး၏သတင်း သီဟိုဠ်တိုင်အောင် ကျော်စောခြင်း။

ဤသို့ ဘောဂသေန မင်းတရား၏ ဂုဏ်ကျေးဇူး သတင်း စကားသည် ရာမညတိုင်း အားလုံးသာမက သီဟိုဠ်ကြအောင် ပြန့်နှံ့ကျော်စောသွားလေရာ များစွာသော သီဟိုဠ်ကျွန်းသား ရဟန္တာ အရှင်မြတ်တို့သည် မိမိတို့ တကျွန်းတည်း သားချင်းဖြစ် သော ဘောဂသေန မင်းတရားကြီးထံသို့ သာသနာတော်၏ လက်ဆောင်ဖြစ်သော ဗုဒ္ဓ၏ နှားမွေးတော်၊ သင်းကျစ်တော်၊ ဆံတော်များစွာနှင့် သွားတော်စသော ဓာတ်တော်တို့ကို မကြာ မကြာ ဤသီဟဒီပကျွန်းသို့ သာသနာတော် အစွန်ရှည်စွာတည် တော်မူလိမ့်မည်ဟု အနာဂတံသ ဉာဏ်တော်ဖြင့် မြော်မြင်တော်

မှုရကား၊ သာသနာနှစ် ၂၃၈-ခု ၂၃၉- ခုနှစ်လောက်က ယူ ဆောင်လာ၍ ဘောဂသေန မင်းဘုရားကြီးနှင့် ထိုမင်း၏အနွယ် ဖြစ်ကြကုန်သော ပါဒ မင်းဘို့အား ပေးအပ်တော်မူကြလေရာ အောက်ပါ အလွန်မြင့်မား၍ သားနားသပ္ပါယ် ကြည်ညိုဘွယ် ရှိသော စေတီတော်ကြီး များစွာတို့ကို တည်ထားကိုးကွယ်တော် မူကြပါကုန်သည်။

## ဉာဏ်တော် အတောင်တရာခန့်ရှိသော စေတီတော်ကြီးများကို ရေတွက်ပြခြင်း

ဘောဂသေနမင်းနှင့်၊ ထိုမင်း၏ သား, မြေး, မြစ်, ဆွေမျိုး မင်းဆက်များ တည်ထားခဲ့၍၊ ထိုအချိန်၌ ဉာဏ်တော် တရာခန့် နှင့် တရာ့အထက်ရှိပြီးလျှင် ကျောက်နတ်လမ်း၊ ကျောက်လှေခါး ကျောက်ပစ္စယံ၊ ကျောက်ပန်းတင်ခုံတို့နှင့် တည်ထားသော စေတီတော်ကြီးများကို ရေတွက်၍ ပြရပါမူကား-

ယခု ပါဒ- ငါးထပ်ဘုရားကြီး၏ တောင်ဘက်ခြံထဲမှာ ဆု တောင်းပြည့်ခေါ် ကျိုက်စောရှင်စေတီတော်ကြီး.... ၁-ဆူ။

သံလျင်- ကျောက်တန်းသွား ပေတရာလမ်း၏ အနောက် ဘက် သီလဝါသွား ပေတရာ၏မြောက်ဘက် အရိုးတောင့်ခေါ် ကျိုက်ခဆွတ်စေတီတော်ကြီး.... ၁-ဆူ။

ရင်းအရိုးတောင်ဘုရား၏ မြောက်ဘက် ကျောက်နတ်လမ်း နှင့် ဆက်သွယ်ထားသောကျိုက်စောလုတ် စေတီတော်ကြီး၁-ဆူ

ညောင်ဝိုင်း အောင်ဇေယျုံ့ရပ်ပွားတော်၏ အရှေ့ဘက် ကျိုက်ဒေးယျုံခေါ် စေတီတော်ကြီး.... ၁-ဆူ။

အဒ္ဒတ္တောရွာ၏ တောင်ဘက် ကျိုက္ကမော့ရွာ အနီးရှိရေးကား ကျိုက္ကပေါ့ ယခု ကျိုက္ကမော့ ခေါ် စေတီတော်ကြီး.... ၂- ဆူ။

ကျောက်တန်းမြို့ပေါ်ရှိ ကျိုက်ပြာသာဒ်တန္ဒ နှင့် ကျိုက်ပြာသာဒ်တနော် စေတီတော်ကြီး.... ၂-ဆူ။

အလယ်ရွာကျောင်း၏ မြောက်ဘက် ကျိုက်သာမည် စေတီတော်ကြီး.... ၁ ဆူ။

အများသိ ကျော်ကြား၍ ကြည်ညိုသူ အလွန်များပြီးလျှင် သက်တော်ထင်ရှား ဆံတော်စစ်ရှိတော်မူသော ကျိုက်ခေါက် စေတီတော်ကြီး.... ၁-ဆူ။

၎င်း ကျိုက်ခေါက်စေတီတော်ကြီး၏ အနောက်တောင်ယွန်း ကျိုက်ဒေဝ ခေါ် စေတီတော်ကြီး.... ၁-ဆူ။

အားဖြင့် စေတီတော်ကြီး ၁၀-ဆူတိတိ ရှိပါသည်။ ဥာဏ်တော် အတောင် ၃၀-၄၀-ရှိ၊ ယခုတန်ခိုးကြီးလှသော ကျိုက်မော်ဝန်း စေတီတော်ခန့် စေတီတော်များနှင့် ထို့ထက် ဥာဏ်တော်ကြီးမားပြီး ခြုံတွေ လယ်ကွင်းတွေထဲမှာ ဆင်းရဲစွာ ဒုက္ခရစရိယာ ကျင့်နေတော် မူကြကုန်သော စေတီတော် အပေါင်းများစွာတို့ကိုကား ရေတွက်၍ မပြနိုင်တော့ပါ။

ယခုအခါ တန်ခိုးတော် အလွန်ကြီးပြီး ရွှေရောင်တွေ တဝင်းဝင်း ညှိအခါ ခေတ်မီးတွေ ထိန်ထိန်လင်း၍ အလွန်သပ္ပါယ် ကြည့်ရှု ဖူးမြင်ရသူများ အားမရနိုင်ဘွယ်ရာ ဖြစ်တော်မူသော ကျိုအသုတ် ခေါ် ဆူးလေစေတီတော်ကြီး၊ ကျိုက်ဒေအတ်, ခေါ် ဗိုလ်တထောင်စေတီတော်ကြီးနှင့်၊ ကျိုက္ကစံစေတီများမှာလည်း၊ ဤပါဒ်ဘုရင် ဘောဂသေနမင်းတရား၏ကုသိုလ်တော်ပွား တိဂုဏ်မြို့များကို ထိန်းသိမ်း စောင့်ရှောက် ရသော

အသုတ် အမတ်ကြီး၏ ကုသိုလ်တော်များသာ ဖြစ်ပါသည်။ ရှင်းတိဂုဏ်မြို့ သို့မဟုတ် ယခု ရန်ကုန်မြို့ပေါ်ရှိ အခြား စေတီပေါင်းများစွာနှင့် သိမ်တော်ကြီးများကိုလည်း ဘောဂသေနမင်းကြီး၏ တိုက်တွန်းချက်အရ အသုတ် အမတ်ကြီးနှင့် ရဟန္တာမထေရ်များ သမုတ်ထားတော်မူကြပါသေးသည်။

**ဘောဂသေန မင်းနှစ်ပါး ခွဲခြားပြခြင်း။**

အထက်ပါ စကားကို ရှင်းပြပါဦးအံ့- သက်ဆိုင်ရာ ဆူးလေသမိုင်းစသောသမိုင်းဆရာများ၏ အလိုအားဖြင့်မူကား တိဂုဏ်မြို့ သို့မဟုတ် ရန်ကုန်မြို့ပေါ်ရှိ အထက်ပါ စေတီတော်များကို သံလျင် ဘောဂသေနမင်းကြီး တည်ထားသည်ဟု ဆိုကြပါသည်။ပါဒ သံလျင် ရာဇဝင်များ၌ ဘောဂသေနမင်း နာမည်တူ မင်းနှစ်ပါး ရှိပါသည်။ တပါးမှာ ဤသမိုင်းပါ၊ ပါဒမြို့တည် ဘောဂသေန မင်းကြီးဖြစ်၍၊ တပါးမှာ သံလျင်မြို့ကို နောက်ဆုံး အုပ်စိုးသွားသော * ရှင်မွေးနွန်း၏ ခမည်းတော် ဘောဂသေနမင်း ဖြစ်ပါသည်။ ရှင်မွေးနွန်း၏ ခမည်းတော် ဘောဂသေနမင်း သံလျင်မြို့ကို အုပ်စိုးစဉ်အခါ၌ တိဂုဏ်မြို့မှာလည်း မင်းနန္ဒာ၏ ခမည်းတော် တိဂုဏ်ဘုရင် အုပ်စိုးလျက်ရှိပါသည်။ သို့အတွက် အဘယ်မှာလျှင် သံလျင် ဘောဂသေန မင်းသည် အသုတ်အမတ်ကြီးကို တိဂုဏ်မြို့ပေါ်မှာ ဘုရားတည်၊ သိမ်သမုတ်သောအားဖြင့် ကုသိုလ်တော်ပွား ပြုခိုင်းပါအံ့နည်းစဉ်းစားတော်မူကြပါ။

ရှင်းပြင် ထိုဆူးလေစေတီတော်များ တည်ထားသောနှစ်မှာ

---

* ရှင်မွေးလွန်းဟုလည်း ဆိုသေး၏။

သာသနာနှစ် ၂၃၈၀-ခု၊ ၂၃၉၉-ခုနှစ်သောက်ဟု ဆိုပြန်ရာ ထို အချိန်အခါ၌ ဘောဂသေနမင်း ရှိဘိုဝေးစွ သံလျင်မြို့ကိုပင် မတည်ရသေးပေ၊ မျက်မြင် သံလျင်မြို့ဟောင်းရှိ မြို့ရိုးအုဋ္ဌ ဟောင်းများကို ကြည့်ရှုခြင်းအားဖြင့် မြို့သက်အနှစ်၊ နှစ်ထောင် ကျော်ခလောက် မရှိသေးကြောင်းလည်း ထင်ရှား ပါသည်။ သံလျင်မင်းများမှာလည်း မောင်ဇော်ရင်၊ မောင်သံလျင် ခေါ် သံလျင်မင်းတရား တပါးသာလျှင် ကျိုက်ဝိမသုံးနှိ, ကျိုက်ဒေ ပရင်း စသောအားဖြင့် စေတီတော်ပေါင်း များစွာတည်ထား ကြောင်း၊ ရာဇဝင်၌လာပါသည်။ အခြားသောမင်းများ ဘုရား တည်ကြောင်း ရာဇဝင်၌မလာပေ၊ ပါဒမြို့မှာသာလျှင် မျက်မြင် ရှေးဟောင်းဘုရား ငုတ်တိုပေါင်းများစွာနှင့် ပါဒမြို့ နန်းတော် နေရာဟောင်း၊ မြို့ရိုးဟောင်း၊ ကျုံးဟောင်းများစွာကို ကြည့်ရှု စဉ်းစား ဝေဘန်သောအားဖြင့် သံလျင် ဘောဂသေနမင်း မဟုတ်ကြောင်း ထင်ရှားလှပါသည်။

## ဘောဂသေနမင်း ရသေ့ဝတ်ခြင်း။

ဤသို့လျှင် ဘောဂသေန မင်းကြီးသည် ဤမျှ မြင့်မား ကြီးကျယ် အလွန်သပ္ပါယ်သော စေတီတော်ကြီး များစွာတို့ကို မိမိတဦးတည်း တည်ထားသည် မဟုတ်၊ ထိုမင်း၏မင်းဆက်များ ဖြစ်ကြကုန်သော နရသေနမင်း၊ မြစောနောင်မင်း၊ ရာဇာစော နောင်မင်း၊ သုခမုခနန်းစောရှင်မင်း၊ တတ္တနာဂမင်း၊ ဘိုးမင်း စောနောင်မင်းတို့ ထပ်ခါထပ်ခါ တည်ထားကြသောကြောင့် သာဤမျှ ကြီးကျယ်မြင့်မားများပြားသော စေတီတော်များ ဖြစ် လာကြပါသည်။

ဘောဂသေန မင်းကြီးလည်း ဤသို့ လူ့ဘဝဖြင့် ဒါန ကုသိုလ်, သီလကုသိုလ် များပြုလုပ် အားထုတ်ခြင်းဖြင့် အားမရ တင်းမတိမ်နိုင်၊ဝီရိယခိုင်ခိုင် သမာဓိမဏ္ဍိုင်ဖြင့် ဘာဝနာကမ္မဋ္ဌာန်း တရားများ အားထုတ်လိုရကား၊ဘုရားအလောင်းနေမိ့မင်းကြီး များထုံးကို ကျင့်သုံးသောအားဖြင့်၊ သာသနာနှစ် ၂၄၀- ပြည့် နှစ် နန်းစံ * ဆယ်နှစ်မြောက်၌၊ မိမိ၏ထီးနန်းစည်းစိမ်အားလုံး ကို ညီတော် နရသေန့မင်းသားအား လွှဲအပ်စွန့်ပစ်၍ ရသေ့ ရဟန်းပြုပြီးလျှင် ယခု အောင်ဇေယျ ရုပ်ပွားတော်ကြီး သီတင်း သုံးတော်မူရာ ဆွယ်ဝန်းကုန်း့ခေါ် ညောင်ဝိုင်းကုန်း၌၊ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်တော်မူရာ များမကြာမှီ ဈာန် တရားများရသည်ဟု ရာဇဝင်အဆိုရှိပါသည်။

## ပါဒမြို့ မင်းဆက်ပြတ်ခြင်းအကြောင်း

ပါဒမြို့၌ မင်းဆက်ပေါင်းကား ဘောဂသေနမင်းမှစ၍၊အုပ် စိုးလာကြရာ ၃၅-ဆက်မြောက်၊ ဇံရင်မင်း, (သံလျင်မင်း)ကြမှ မင်းဆက်ပြတ်ပါတော့သည်၊ ပါဒမြို့ကို မင်းဆက်မပြတ် အုပ်စိုး လာကြသည်ဟု ဆိုရငြားသော်လည်း ညီညီညွတ်ညွတ် အုပ်စိုး လာကြခြင်းတော့ မဟုတ်ကြပါ နောက်မင်းများလက်ထက်၌ တဦးကို တဦးကတိုက်, တဦးကို တဦးကသတ်ပြီးလျှင် နန်းသက် မပြတ်သာ အုပ်စိုးလာကြခြင်းဖြစ်ပါသည်၊ ဘောဂသေနမင်း တည်ထားသော သာသနာ အဆောက်အဦး ဘုရားစေတီများကို လည်း အထက်ပါ ထပ်မံတည်သောမင်းများမှတပါး သံလျင် မင်းကိုနှုတ်၍ ကျန် ၂၈-ဆက်သောမင်းတို့တွင် အချို့ သာသနာ

---

* ရှစ်နှစ် ဟုလည်း ဆိုကြသေး၏။

တော်ကို ကြည်ညိုသော မင်းများဖြစ်၍ ဘုရားများတည်ကြပါ သည်၊ အချို့မင်းများ သာသနာတော်ကို ကြည်ညိုသော မင်း များမဟုတ်ကြပါ မိမိတို့ထင်ရာကျင့်သုံး၍ တော်သလိုနေသော မင်းများသာဖြစ်တန်ရာသည်။

သို့အတွက် ဘောဂသေနမင်းကြီး စိုးပိုင်ခဲ့သော နယ်ပယ် များမှာလည်း 'ဒလ'မြို့မှတပါး အခြားသော မြို့နယ်များမှာ ပါဒနိုင်ငံတော်၏လက်အောက်မှ ပုန်ကန်ထကြွ ထွက်ခွါသွားကြ ပါတော့သည်၊ ပါဒမြို့ကြီး ပျက်စီးလိုသော် နောက်ဆုံး အုပ်စိုး သွားသောမင်း ထိုခေတ်အခေါ် တလိုင်းမွန်မင်းဘွဲ့တော် ရာဇ ဝင်သုံး(အရိန္ဒရာဇာ)မင်းမှာ သာသနာတော်ကိုလည်း မစောင့် ရှောက် မချီးမြှောက် မင်းကျင့်တရားဆယ်ပါးလည်းမကျင့်၊ ရှေးရှေးမင်းတို့၏ တုံးတမ်းစဉ်လာကိုလည်း မလိုက်နာ၊ တနှစ် တကြိမ် ပူဇော်မြဲဖြစ်သော ကမ္ဘာစောင့်နတ်၊ သာသနာစောင့် နတ်၊ သမ္မာဒေဝနတ်တို့မှစ၍ ပြည်စောင့်နတ်၊ မြို့စောင့်နတ်တို့ အားလည်း ပူဇော်ပသခြင်းမပြုသဖြင့်၊ နတ်တို့လည်း အလွန် စိတ်ဆိုးကြလေသည်။

**မွန်ရာဇာဝင်စကား ရှင်းလင်းချက်။**

ဤနေရာ၌ ပါဒရာဇဝင်စကားကို ရပ်တန့်၍ မွန်ရာဇဝင် ၏စကားကို ရှင်းလင်းပြဦးအံ့-

ဘောဂသေနမင်း စသော ညီနောင်သုံးယောက်တို့ သည် ဘီလူးမဲ့ကုဝဏ္ဏရန်မှ ကြောက်လှသောကြောင့် တုံးငယ်ကို လှေထွင်းပြီး ရောက်မိရောက်ရာ၊ သမုဒ္ဒရာ ပင်လယ်ကြီးကို ဖြတ်ကူးလာရာ၊ ယူဇနာ ခုနစ်ရာ (မိုင်- ၉၀၀)ခန့်ဝေးသော မြန်မာပြည်၊ ယခု ကျိုက်မှော်ဝန်း

စေတီတည်ရာဌာနသို့ ဆိုက်ရောက် လာကြသည်ဟု ဆိုသော စကား။

ဘောဂသေန စသော ညီနောင်သုံးယောက်တို့သည် ဝိဇယမင်း၏ သားတော်များ ဖြစ်ကြသည်ဆိုသောစကားမှာ ယုတ္တိမရှိပါ၊ အဘယ့်ကြောင့်ပါနည်း၊ ယူဇနာ ခုနစ်ရာခန့်ဝေးသော သမုဒ္ဒရာကို လှေငယ်ကလေးနှင့် ကူးလို့ မဖြစ်နိုင်၊ အကယ်၍ ဖြစ်နိုင်သည်ထားဘိဦး၊ ဝိဇယမင်းတို့ လူစုနောက်ပါ ကျွန်သင်း ခုနစ်ရာခန့်နှင့်တကွ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူသောနေ့ သီဟိုဠ်ကျွန်းသို့ ဆိုက်ရောက်သည်ဟု မဟာဝင်က ဆိုထားရာ ပါဒမြို့တည်သောနှစ်မှာ ၂၃၀-ပြည့်နှစ်ဟု ထိုမှန်ရာဇဝင်ကပင် ဆိုထားပြန်သောကြောင့် ထိုမင်းသားတို့ မွေးနေ့ကစ၍ ရေတွက်ပါလျှင် နှစ်ပေါင်း ၂၅၀-ကျော်ခန့် ကြာပေမည်၊ သို့အတွက် ထိုမင်းသားတို့၏ အသက်နှစ်ပေါင်း ၂၅၀-ကျော် ရှည်ပါမည်လော စဉ်းစားတော်မူကြပါ။

ထို့ထက် ယုတ္တိမရှိသော စကားကား- သပဏ္ဏကရသေ့ကြီးကို ဝိဇယမင်း၏ ဘွားတော် ကေသရီ၊ မိဖုယား၏ မောင်တော်ဟု ဆိုပြန်သေး၏၊ ကေသရီ မိဖုယားတို့၏ အကြောင်းကား ငါတို့မြတ်စွာဘုရား မပွင့်မီ အနှစ် တရာလောက်က အိန္ဒိယပြည်လာလတိုင်းမှာ ဖြစ်ပေါ်သောကြောင့် သူဆိုသော ပါဒမြို့တည်သော သာသနာနှစ် ၂၃၀-နှင့် ပေါင်းလျှင်၊ နှစ်ပေါင်း ၄၀၀-ခန့်မျှ ရှိသွားမည်ဖြစ်သောကြောင့် ထိုရသေ့ကြီးအသက်

အနှစ် ၄၀၀-ခန့် ရှည်နိုင်ပါမည်လော စဉ်းစား၍ ယုံ တော်မူကြပါ။

အလွန် ယုတ္တိမတန် ပညာရှိ လက်မခံနိုင်သောစကား မှာကား ယခု အရိုးတောင်ခေါ် ကုန်းတော်ပေါ်သို့ ဒီရေအလွန်တက်သောကြောင့် ခြသေ့်သေတကောင်မျော ၍ တင်သည်ဟု ဆိုပြန်ပါသည်၊ ၎င်း အရိုးတောင် ကုန်း ပေါ်ရောက်အောင် ဒီရေတက်လျှင် အောက် အနိမ့်ပိုင်း ဖြစ်သော ပါဒနန်းတော်နေရာ မြို့တော်နှင့်၊အခြား မိမိ အုပ်စိုးရာ အနီးအနားရှိ မြို့ရွာ နယ်ပယ်များမှာ ဒီရေ အောက်သို့ အနည်းဆုံး ဆယ်တောင့်ဆယ့်ငါးတောင်မျှ စ၍၊ အတောင်နှစ်ဆယ်, သုံးဆယ်ထိ လောက်အောင် ရောက်သွားမည်ဖြစ်ရာ၊ လူများ ဘယ်နေရာမှာ ဘယ်လို နေ၍၊ ဘာတွေကို အုပ်စိုးမည်နည်း၊ ရှေ့နောက်အလွန် မညီသော စကားများသာဖြစ်ပါသည်။

ဘူမိဗေဒ ဆရာတို့၏ အလိုအားဖြင့်ကား နှစ်ပေါင်း နှစ်သောင်းခန့်ကပင်၊ ဤ သံလျင်- ကျောက်တန်း ကုန်း တန်းကြီးသည် ပင်လယ်ရေပြင်ထက် ပေါ်နေသည်ဟု အယူရှိကြပါသည်၊ ၎င်းစကားကို ဤ စာရေးသူလည်း ယုံကြည်၏။ ဤ သံလျင်ကုန်းတန်းနှင့် အရှေ့ ကွင်းပြင် တလျှောက် မြေအောက်ကိုတူးကြည့်က အနက် ၆-ပေ ၁၀-ပေမှစ၍၊ မြေမြင့်လျှင် မြင့်သလို ပေ ၃၀-၄၀ လောက်ရောက်မှပင်, ပင်လယ်မြေနက်ကို တွေ့နိုင်ပါ

သည်၊ အချို့ အမှေ့ ကွင်းရွာများ၌ ရေကန်တူးကြရာ အနက် ၉-ပေ ၁၀-ပေခန့် ရောက်သောအခါ ပုဆိုး တပတ်ခန့်ရှိသော သစ်ပင်ကြီးများ, မြေကြီးများပိ၍ ညိုမဲနေသည် တွေ့ရပါသည်၊ ဥပမာ ကြာရိုး ကြာစွယ်ကို ထောက်သဖြင့် ရေတိမ် ရေနက်ကိုသိရသလို ဤမြေပိနေသော သစ်ပင်ကြီးများကို မြင်ရသောအားဖြင့် စိန္တိတဉာဏ်ရှင်တို့ ဆင်ခြင်၍ သိကြစေသတည်း၊ ခြင်္သေ့ သေနှင့် ခြင်္သေ့အရိုးကို စေတီတည်သည်ဟူသော စကားကိုကား ဤ စာရေးသူ မယုံကြည်သဖြင့် ဖြေဆိုဘွယ်ပင် မလိုတော့ပါ။

သို့သော်လည်း ဘောဂသေနမင်း ညီနောင် သုံးယောက်တို့ကိုကား သီဟိုဠ်ကျွန်းသားများဖြစ်ကြသည်ဟု ဤစာရေးသူလည်း ယုံကြည်ပါသည်၊ အဘယ့်ကြောင့်ပါနည်း လူများသည် မိမိတို့ ဇာတိ,ဌာနကို ဂုဏ်ပြုလိုကြ၏၊ ဥပမာအားဖြင့် ကျွန်တော်က, ရန်ကုန်သား၊ကျွန်တော်က, မန္တလေးသားဟု၊ မိမိတို့ဇာတိဌာနကို ဂုဏ်ပြုသလိုပင် ဘောဂသေနစသော ညီနောင် သုံးယောက်တို့လည်း၊ မိမိတို့ သီဟိုဠ်ကျွန်းသားဖြစ်ကြောင်းကို ဂုဏ်ပြုလိုသည့်အတွက် ကျွန်းကိုလည်း သီဟဒီပကျွန်း၊ မြို့ကိုလည်း သီဟနန္ဒမြို့၊ ကုန်းတွေကိုလည်း သီဟရာဇာကုန်း၊ သီဟဠကုန်း၊ သီဟမင်္ဂလကုန်း၊ သီဟကေတုကုန်း၊သီဟစိတြကုန်း၊ သီဟဗန္ဓဝကုန်း၊ စသော ဧကဒေသ ဝေါဟာရ နည်းအားဖြင့်၊ သီဟ,သီဟ,ဆိုသော စကားကို

ရေးကထား၍၊ ကမ္ဗည်းထိုးထားခဲ့ကြပါသည်၊သို့အတွက် ၎င်းစကားကို ထောက်သောအားဖြင့် သီဟိုဠ်ကျွန်းသား ဟု ယုံကြည်ပါသည်။

## ဤကျွန်းကို နာမည်အမျိုးမျိုး ခေါ်ဝေါ်ကြခြင်းအကြောင်း။

ဤကျွန်းကိုလည်း သီဟိုဠ်သားများ ပထမ ကနဦး ထိးနန်း စိုက်သောကြောင့် ＊သီဟဒီပကျွန်းဟု ကမ္ဗည်းထိုးတော်မူသည်။ သံလျင် မင်းတရား + ပတ္တမြားရသောကြောင့် မဏိဒီပကျွန်း။

ရသေ့သုံးပါးထံမှ သံလျင်မင်း, ကောက်ကျစ် စဉ်းလဲ့ပြီး ထားမကြီး, စကြာ့စသော စကြာသုံးပါး ရသောကြောင့် ∴ တြိဝင်္ဂကျွန်း။

ရသေ့,သိကြား,ပါဒဘုရင်မင်း, အားဖြင့်၊ သုံးဦးသားတို့

---

＊ခြင်္သေ့သေ, တင်သောကြောင့် သီဟဒီပကျွန်းခေါ်သေး၏။

+ကဿပဘုရားရှင် လက်ထက် ဂေါတမ, ဘုရားအလောင်း ဟင်္သာမင်းဖြစ်၍ ပင်လယ်ထဲမျောလာရာ သိကြားမင်း ပဏ္ဍုကမ္ဗလာ တင်းသောကြောင့် လူ့ပြည်သို့ကြည့်ရာ ဟင်္သာမင်း,ကို မြင်လေ လျှင် ပတ္တမြားပစ်ချ၍ ဤကျွန်းပေါ်လာသောကြောင့် မဏိဒီပကျွန်း' ခေါ်သည်ဟု ဆိုသေး၏၊ ၎င်းစကား,ကား အကြောင်းဝေးလှ၏။

∴ကျွန်းသဏ္ဌာန် အကောက်သုံးခု ရှိသောကြောင့် တြိဝင်္ဂ ကျွန်းဟုလည်း ဆိုသေး၏။

အလွန်မြတ်သော * ဥတ္တရင်္ဂကုန်းပေါ်၌ ကျိုက်ခေါက်စေတီတော် တည်သောကြောင့် တြိယင်္ဂကျွန်း။

တက္ကသိုလ်ပြည် ခုဒ္ဒဒိပ္ပရသော ဤကျွန်း၌နေဘူးသောကြောင့် ခုဒ္ဒဒိပ္ပကျွန်းဟု ဤကျွန်းကို အမျိုးမျိုး နာမည်ပေး၍ ခေါ်ခေါ်ကြသေး၏။

## ဘုရားကြီးရွာ၌ မောင်သံလျင် မွေးဖွားခြင်း အကြောင်း။

+ အရိန္ဒမာဇာမင်း၊ မင်းကျင့်တရားပျက်ပြားချိန်၌ ပါဒမြို့၏ အရှေ့ နှစ်ဆယ့်ငါးမိုင်ခန့်ကွာ ၊ဘုရားကြီးရွာ၌ တောင်သူကြီး လင်မယားမှာ ဘုန်းသမ္ဘာ ရုပ်ဆင်းအင်္ဂါ လက္ခာနှင့် ပြည့်စုံပြီး လျှင် အလွန် သန်မာဖျတ်လတ်လျင်မြန်၍ ခွန်အားဗလ အလွန် ကြီးမားသော သားတစ်ယောက်ကို ဖွားမြင်လေ၏။ ထိုသားငယ် သည် မွေးစကပင် နံနက် တယောက်မ- ညနေ နှစ်ယောက်မ စသောအားဖြင့် ဆထက်ထံပိုး တိုး၍တိုး၍ အစားကြီးလာရာ လူလားမြောက်သောအခါ တစ်နေ့ ဆန်နှစ်တင်း သုံးတင်းကုန် အောင် စားနိုင်လေ၏။ ထိုသူငယ်ကိုလည်း သန်မာလျင်မြန်လှ သောကြောင့် မောင်သံလျင်ဟု အများ ခေါ်ဝေါ်ကြကုန်၏။

## မောင်သံလျင်ကို သတ်ရန် ကြံစည်ခြင်း။

ဤသို့ သားဖြစ်သူ မောင်သံလျင်သည် လျင်မြန်ပေ့ပါး

---

* လှိုင်းရေလုံး လွှမ်းမိုးသောကြောင့် ဥတ္တရင်္ဂကုန်းခေါ်သေး၏။

\+ ကျေးဇူးရှင် ဤစာရေးသူ၏ ဥပဇ္ဈာယ်ဆရာ ငါးထပ် ဆရာ တော်ဘုရားကြီး ကူးယူထားသော လက်ရေးမူ'ပါဒရာဇဝင်'မှ ရေးစကားလုံးများကို အနည်းငယ်ပြုပြင်၍ ကူးယူပါသည်။

အလွန်ခွန်အားလည်းကြီး, အစားအသောက်လည်း ကြီးသဖြင့် မိဘတို့သည် ပါဒရှင်ဘုရင်၏ဘေးရန်မှ အလွန်ကြောက်ရွံ့ကြကုန်၏၊ ဤမျှလောက် အစားအသောက် ကြီးမားသောသူအား နေ့စဉ်ဝ,အောင်ကျွေးမွေးဘို့ရန်နှင့် ဆန်စပါး, ရဘို့ရန်လည်း ဝန်လေးလှ၏။ သို့အတွက် ငါတို့သားကို လှည့်ဖြားရ၍ ဖျောက်ဖျက်ပစ်မှ တော်လိမ့်မည်ဟု လင်မယားနှစ်ယောက် ကြံစည်တိုင်ပင်ပြီးလျှင် မောင်သံလျင်,ကိုခေါ်၍ ပြောဆိုသည်မှာ “ချစ်သား....ငါတို့မှာ သူများကဲ့သို့ ကူးသန်းသွားလာရန် လှေတက်မရှိပါ၊ သို့အတွက် ငါတို့သားအဘ လှေခုတ်ရန် သစ်သားရှာ သွားကြကုန်အံ့....”ဟု ပြောဆိုရ၍ သူတပါး၏လှေကို ငှါးရမ်းလျက် စားရေရိက္ခာ အပြည့်အစုံတင်ပြီးလျှင် သီဟဒီပကျွန်းသို့ လာခဲ့ရာ ယခု သီလဝါရွာကမ်းနား၌ လှေကိုဆိုက်ကပ်ထားခဲ့၍ လှေလုပ်ရန် သစ်သားရှာတက်ကြလေသည်။

သီဟဒီပကျွန်းကမ်းပေါ်သို့ တက်ရောက်ခါ လှေခုတ်ရန် သစ်ပင်ရှာဖွေကြရာ လုံးပတ် အတောင်နှစ်ဆယ်ခန့်ရှိသော ရေမနေပင်ကြီးကို တွေ့သဖြင့် သားအဘနှစ်ယောက် ခုတ်လှဲကြရော ရာ သစ်ပင်ကြီး လဲမည့်ဆဲဆဲတွင် အဘက, ဥပါယ်တမည်ဖြင့် ပြောဆိုသည်မှာ “ငါ့သား..ဤသစ်ပင် မြေပေါ်သို့ကျလျှင် ကွဲရှ-နာကြွေသွားတော့မည်....၊ ထိုသို့ သစ်တုံးကြွေကွဲသွားက လှေလုပ်ရန်မတော် အလကားဖြစ်တော့မည်၊ ထို့ပြင် ဤသစ်တုံးကို ကမ်းနားသို့ရွှေ့ရန် ငါးသား ထမ်းနိုင်မည်ဟု အဘေသိသော်လည်း အဘေက ငါ့သားပခုံးပေါ်သို့ရောက်အောင် တင်မပေးနိုင်ပါ၊ သို့အတွက် ငါ့သား....သစ်ပင်မလဲမှီ ဤသစ်ပင်ကို

မှေး၍ ထမ်းထားပေါ....”ဟု ဆိုလေ၏။ အဘဆိုတိုင်း သား မောင်သံလျင်လည်း ပခုံးဖြင့် အသင့်ခံ၍ထမ်းရန် ပြုလုပ်နေစဉ် ပင် အဘက ဆက်လက်ပြီး သစ်ပင်ကို ခုတ်လိုက်ရာ သစ်ပင်လဲ ကျလေလျှင် အဘလည်း သစ်ပင်ပိ၍ မောင်သံလျင် သေပြီဟု ထင်မှတ်သောကြောင့် အဘသည် လှေရှိရာအရပ်သို့ လျင်မြန်စွာ ဆင်း၍ မိမိနေရင်း ဘုရားကြီးရွာသို့ ထွက်ခွါ ပြန်သွားလေ၏။

မောင်သံလျင်သည်း မင်းဖြစ်ရန် ဘုန်းကံရှိသူ ဖြစ်သော ကြောင့် သစ်ပင်ပိ၍မသေဘဲ သစ်တုံးကို ထမ်းပြီးလျှင် ကမ်း နားသို့သွားလေသော် ကမ်းနားသို့ ရောက်သောတခါ အဘ လည်း ထွက်ခွါသွားနှင့်ပြီ ဖြစ်သောကြောင့် လှေမတွေ့ရကား၊ အဘ သွားသော ခြေရာလက်ရာကိုကြည့်၍ “ဪ-ငါလာသည်ခဲ့ သည်မှာ အဘ ထွက်ခွါသွားသောလှေနှင့် သိသိကွာ....”သည်ဟု ညည်းညူလေ၏။ ၎င်း ‘သိသိကွာ’စကားမှာ ကာလရွေ့လျော၍ ‘သီလဝါ’ဟု ယခုတိုင် ခေါ်တွင်လေသည်။ ထို့နောက် မြောက် ဘက်သို့ လျှောက်၍သွားရာ အဘတို့ လှမ်းဆွတ်သဖြင့် တရှုတ် ရှုတ် ငိုကြွေးလေသည်။ ၎င်း တရှုတ်ရှုတ်ငိုကြွေးရာအရပ်ကိုလည်း ‘အလှမ်းရှုတ်’ခေါ်ရာမှ ကာလရွေ့လျော၍ ‘အလှမ်းဆုတ်’ဟု ယခုတိုင် ခေါ်တွင်လေတော့သည်။

## မောင်သံလျင် နှင့် ဝက်ကြီးတို့ တွေ့ကြခြင်း။

မောင်သံလျင်လည်း တောကြီးမြက်မဲ ဈာသီဟာဒီပကျွန်းထဲမှာ တယောက်တည်းနေပြီးလျှင် ရောက်မိရောက်ရာ ခြေဦးတည့်ရာ မြောက်သို့ လျှောက်၍သွားလေရာ ယခု သံလျင်မြို့တည်သော နေရာသို့ရောက်သောအခါ ဝက်ကြီးတကောင်သည် ပတ္တမြားပျံ

ကို ငုံပြီးလျှင် ကောင်းကင်ခရီးဖြင့် ဤသိဟဒီပကျွန်းသို့ ပျံလာ၍ စားသောက်မြဲဖြစ်သော ရေသဖန်းသီးကိုစားရန် မိမိငုံလာသော ပတ္တမြားပျံကို ရေသဖန်းပင် အမြစ်ကြား၌ ဖုံးဖိဝှက်ထားပြီးလျှင် ကြွေကျနေသော ရေသဖန်းသီးများကို စားလေ၏။ ထိုနောက် ပြန်ချိန်ရောက်က မိမိဝှက်ထားသော ရေသဖန်းပင်အမြစ်ကြားမှ ပတ္တမြားပျံကို တူးဖေါ်၍ငုံပြီးလျှင်ပျံသွားသည်ကိုမောင်သံလျင်ချုံကြားမှပုန်းအောင်း၍ကြည့်ရာမြင်လေ၏။ နောက်တနေ့ ရောက်သောအခါ ဝက်ကြီး မလာမီမောင်သံလျင်သည် ရေသဖန်းပင်ပေါ်သို့တက်၍ဝက်ကြီးအလာကို စောင့်ဆိုင်း၍နေရာ ဝက်ကြီးလည်း ရှေးနည်းအတိုင်းလာ၍ရေသဖန်းသီးကို စားမြဲစားနေစဉ် မောင်သံလျင်သည် ရေသဖန်းသီးအလုံးကြီးများကိုဆွတ်၍ အရှေ့ပစ်လိုက်-အနောက်ပစ်လိုက်-တောင်ပစ်လိုက်-မြောက်ပစ်လိုက်နှင့် ဝေးသည်ထက်ဝေးအောင်ရေသဖန်းသီးများကိုပစ်လေ၏။ ဝက်ကြီးလည်း ပစ်တိုင်း- ပစ်တိုင်းသော ရေသဖန်းသီးများကို လိုက်၍-လိုက်၍ ကောက်စားနေစဉ် ဝက်ကြီးရန်မှ လွတ်လောက်သောအခါ သစ်ပင်ပေါ်မှလျင်မြန်စွာဆင်း၍ ပတ္တမြားပျံကို သစ်ပင်မြစ်ကြားမှ တူးဖေါ်ယူပြီးလျှင် တဖန် သစ်ပင်ပေါ်သို့ ပြန်တက်နေလေ၏။ ဝက်ကြီးလည်း ပြန်ချိန်ရောက်၍ မိမိပတ္တမြားဝှက်ထားရာသို့ လာပြီးလျှင်ပတ္တမြားကို တူးဆွရှာဖွေရာ မတွေ့သဖြင့် ဒေါသအမျက် အလွန်ထွက်သော ဝက်ကြီးကို မြင်လေလျှင် မောင်သံလျင်သည် ရေသဖန်းပင်ပေါ်မှဆင်း၍ သစ်ပင်ကိုနှုတ်ပြီးလျှင် ဝက်ကြီးကိုရိုက်သတ်လေရာ ဝက်ကြီးသေလေ၏။ ၎င်းဝက်သေကြီးကိုမောင်သံလျင် ဆွဲသွားရာ လမ်းကိုလည်း ယခုတိုင် ဝက်သွား

တံခါးဟု တွင်လေ၏။ ဝက်ကြီးကို ဖျက်ဆီးခဲ့စိတ်၍ သွေးနီနီ မြင်ရာအရပ်ကိုလည်း မိမိ မင်းဖြစ်သောအခါ ဘုရားတည်တော်မူသည်။ ဘွဲ့တော်ကို မွန်ဘာသာ ကျိုက်ဖရိုအုံ မြန်မာလို ဘုရားနီဘုရားဟု ခေါ်တွင်လေ၏။ ဝက်သားကို မီးကင်၍ စားရာ အရပ်ကိုလည်း မွန်ဘာသာ 'အထင်ကလိပ်' မြန်မာဘာသာ ဝက်ကင်ရာအရပ်ဟု ခေါ်တွင်လေ၏။

မောင်သံလျင်လည်း ပတ္တမြားပျံကိုရ၍ ကြံစည်သည်မှာ 'ငါသည် လူသားဖြစ်သည်အားလျော်စွာ တောထဲ၌အမြဲနေနိုင်မည်မဟုတ်၊ လူရှိရာအရပ်သို့ သွားလျှင် သင့်တော်ပေမည်ဟု ကြည့်ရှုသည်ရှိသော် ရန်အောင်မြင်ကုန်း၌ နေသော ရသေ့၏ မီးခိုးကိုမြင်လေ၏။

## ရသေ့ညီနောင် သုံးယောက်တို့၏
## ရှေးဘဝအကြောင်း။

ဤသီဟဒီပကျွန်း၌ ရန်အောင်မြင်ကုန်း, ကျိုက်ဒေးပရင်းကုန်း, ကျိုက်ဒေးဝန်းကုန်း ဟူ၍ ကုန်းသုံးကုန်းရှိရာတွင် ရသေ့ညီနောင်သုံးယောက်တို့လည်း အသီးအသီး တကုန်းစီ နေထိုင်ကြကုန်၏။ ထိုရသေ့ညီနောင်သုံးယောက်တို့သည် လွန်ခဲ့သော အတိတ်ဘဝ၌ ပုဏ္ဏားမျိုးဖြစ်ကြစဉ် သိကြားမင်း၏ ညီငယ်သုံးယောက်ဖြစ်ကြကုန်၏။ သိကြားမင်းသည် သတိရ၍ ငါ၏ ညီငယ်သုံးယောက်တို့သည် အဘယ်အရပ်ဌာန၌ ဖြစ်ကြကုန်သနည်းဟု ကြည့်ရှုလတ်သည်ရှိသော် အထက်ပါကုန်းများ၌ ရသေ့သုံးယောက်ဖြစ်နေကြသည်ကို တွေ့မြင်ပေ၏။

ထိုအခါ ရန်အောင်မြင်ကုန်း၌နေသော အသက် ၇၀ ကျော် ရှိ ရသေ့ကြီးထံသို့ ဆည်းကပ်ပြီးလျှင် အရှင်ရသေ့ကြီး ဤ တောကြီးထဲ၌ တယောက်သဲ တရားအားထုတ်နေရသည်မှာ ပျော်ပါရဲ့လား- ဘာများ အလိုဆန္ဒ မပြည့်ဝပါသနည်း-ဟု မေးလေရာ ရသေ့ကြီးလည်း ဒါယကာ.... ငါ့အား မီးအလို့ ငှါ ထင်းကိုစွအတွက် အလွန်ပင်ပန်းဆင်းရဲလှပါသည်ဟု ဆို လေလျှင် သိကြားမင်းလည်း အရှင်ရသေ့ကြီး ထင်းအလိုရှိ လျှင် ဤထားမကို စေခိုင်းပါလော့- အလိုရှိတိုင်း ထင်းရပါ လိမ့်မည်ဟုဆို၍ ထားမကို လှူဒါန်းခဲ့လေ၏။

ထိုနောက် ကျိုက်ဒေးပရင်းကုန်း၌ နေထိုင်တော ရှင်ရသေ့ ထံသို့သွား၍ ရှေးနည်းတူ မေးပြန်၏၊ ရသေ့ကြီးလည်း ငါ့အား ချောင်းဆိုးရောဂါ မကြာမကြာဖြစ်ပါသည် သို့အတွက် နွား နို့ထောပတ်ကို အလိုရှိပါသည်ဟု ပြောဆိုလေလျှင် သိကြား မင်းလည်း ရသေ့ကြီးအား မြူတာအိုးကိုလှူ၍ အရှင်ရသေ့ ကြီး ဤမြူတာအိုးသည် အလိုရှိသလောက် နွားနို့ ထောပတ် ရနိုင်ပါသည် ရန်သူနှင့် တွေ့ကြုံလျှင်လည်း ဤ မြူတာအိုးကို မှောက်လိုက်သည်ရှိသော် မြစ်ကြီး ဖြစ်နိုင်ပါသည်ဟု ပြောဆို လျှောက်ထားခဲ့လေ၏။

ထိုနောက် ကျိုက်ဒေးဝန်းကုန်း၌ နေသော ရသေ့ကြီး၏ ထံသို့သွား၍ ရှေးနည်းတူ မေးပြန်လေ၏၊ ရှင်ရသေ့ ကြီးလည်း ငါ့အား အခြားသော အန္တရာယ်မရှိပါ အနောက်မြောက်ထောင့် ၌ရှိသော ဝါးရုံ၌ ဆင်တို့သည် လာရောက် နှောင့်ယှက်ကြသဖြင့် ငါကောင်းကောင်း အိပ်စက်၍မရပါ၊ ဆင်းရဲပင်ပန်းလှပါသည်

ဟုဆိုလေ၏။ သိကြားမင်းလည်း 'စည်'ကို လှူပြီးလျှင် အရှင်ရသေ့ကြီး ဤ 'စည်' ကို တီးသည်ရှိသော် စစ်သည် ဗိုလ်ပါ အမြောက်အမြား ထွက်ပေါ်ပါလိမ့်မည်၊ ရန်သူ ဟူသမျှလည်း ပြေပျောက်ပါလိမ့်မည်၊ ဤ'စည်ငယ်' ကို အသုံးပြုတော် မူပါလော့ဟု ပြောဆို လျှောက်ထား၍ တာဝတိံသာ နတ်ပြည်သို့ ပြန်သွားလေ၏။

## မောင်သံလျင် ရသေ့ကြီးသုံးပါးထံမှ ကောက်ကျစ် စဉ်းလဲ၍ စကြာသုံးပါးရခြင်း။

မောင်သံလျင်လည်း မီးခိုးမြင်ရာ ရန်အောင်မြင် ကုန်းသို့ ပတ္တမြားယျှံကိုင်၍ ကောင်းကင်ခရီးဖြင့် ပြန်လာခဲ့ရာ ရသေ့ကြီး၏အထံသို့ ရောက်လေ၏၊ ရသေ့ကြီးလည်း အသင်ကား လူလော၊ နတ်လော၊ ဘီလူးလော မေးသေရာ မောင်သံလျင်သည် အကျွန်ုပ် လူသား စင်စစ်ဖြစ်ပါသည်၊ အရှင်ရသေ့ကြီး၏ထံ၌ နေထိုင်ဆည်းကပ်လို၍ လာရခြင်းဖြစ်သည်ဟု လျှောက်ထားလေလျှင် ရသေ့ကြီးက နေထိုင်ရန်ခွင့်ပြုလေ၏။

မောင်သံလျင်လည်း ရသေ့ကြီး ထံ၌ ရှိသော ထားမ၊ အကြောင်းကို သိမြင်လေလျှင် ရှင်ရသေ့ကြီး ...ကောင်းကင်သို့ ပျံနိုင်ပါရဲ့လားဟု မေးလေ၏၊ ရသေ့ကြီးလည်း ငါစျာန်မရ၍ မပျံနိုင်ပါဟု ပြောဆိုလေလျှင် မောင်သံလျင်သည် ပတ္တမြား ပျံကိုင်၍ ကောင်းကင်သို့ ပျံပြလေ၏၊ ရသေ့ ကြီးလည်း ပတ္တမြား၏ အစွမ်းသတ္တိကိုမြင်လျှင်အလွန်လိုချင်ရကား၊ကောင်းကင်သို့ပျံသောအတတ်ကား ရသေ့ ရဟန်းတို့၏ အတတ်သာ

ဖြစ်သည်၊ငါ့အားဤပတ္တမြားပျံ့ကိုပေးပါလော့ဟု တောင်းလေ ရာ မောင်သံလျင်လည်း ထားမ နှင့်လဲမည်ဟု ဆိုသည်ရှိသော် ရှင်ရသေ့လည်း သဘောတူသဖြင့် ပတ္တမြားနှင့် ထားမလဲလှယ် ကြလေ၏၊ မောင်သံလျင်လည်း ထားမကို ရသည်ရှိသော် ရှင် ရသေ့၏လည်ပင်းကို ဖြတ်ချေဟု ထားမကိုစေ၍၊ ရှင်ရသေ့ သေလေလျှင် ပတ္တမြားပျံ့ကိုယူပြီးလျှင် ကျိုက်ဒေးပရင်းကုန်း ရသေ့ရှိရာသို့ ပျံ့ခဲ့လေ၏။

ထိုကုန်းသို့ရောက်သောအခါ ရသေ့ကြီး၏ထံ၌ရှိသော မြူ တာအိုး၏ အကြောင်းကို မောင်သံလျင်သိ၍၊ ရွှေးနည်းတူ မြူ တာအိုးနှင့် ပတ္တမြားကို သဘောတူလဲလှယ် ကြပြန်လေ၏၊ မြူ တာအိုးကိုရသောအခါ ရသေ့ကြီးကို သတ်ပြီးသော် ပတ္တမြား ပျံ့ကိုယူပြီးလျှင် ကျိုက်ဒေးဝန်း ကုန်း၌နေသော ရသေ့ကြီးထံ သို့သွားပြန်လေ၏၊ ထိုကုန်းသို့ ရောက်သောအခါ ရသေ့ကြီး၏ ထံ၌ရှိသော စည်ငယ်၏အကြောင်းကို မောင်သံလျင်သိ၍ ရွှေး နည်းတူ စည်ငယ်နှင့် ပတ္တမြားကို သဘောတူ လဲလှယ်ကြပြန် လေ၏၊ စည်ငယ်ကိုရသောအခါ ရသေ့ကြီးကို သတ်ပြီးသော် ပတ္တမြားကိုယူပြီးလျှင် ရသေ့သုံးဦးတို့၏ အသုံးအဆောင်များ ဖြစ်ကြကုန်သော ထားမ, မြူတာအိုး, စည်ငယ်တို့နှင့်တကွ မိမိ မွေးဘွားရာ ဇာတိဖြစ်သော ဘုရားကြီးရွာသို့ပြန်ခဲ့လေ၏။

## စကြာသုံးပါးအရှင် မောင်သံလျင်။

မောင်သံလျင်, မိမိရပ်ရွာသို့ ရောက်သောအခါ စကြာသုံး ပါးရလာသော သတင်းစကားသည် တခဏခြင်း ကျော်ကြား

ပြန်နှင့် သွားရကား၊ ဘုရားကြီးရွာ အနီးအနားရှိ မြို့ရွာများမှ၊ သတ္တိ,ဗျတ္တိနှင့် ပြည့်စုံသော လူများလည်း မောင်သံလျင် ထံသို့ ကျွန်တော်မျိုးခံလာကြကုန်၏၊ ထိုအခိုက် ပါဒ ဘုရင်*အရိန္ဒ ရာဇာမင်းကို မိမိအား မပူဇော်, မပသ,သည့်အတွက် ရန်ညှိုးရှိ နေသော ထီးဖြူစောင့်နတ်သည် လူယောင်ဖန်ဆင်း၍ မောင်သံ လျင်ထံ, ကိုယ်တိုင်လာပြီးလျှင် အသင်သည် ဘုန်းသမ္ဘာနှင့် ပြည့်စုံသူလည်းဖြစ်သည်၊ မင်းပြုနိုင်သော အစွမ်းသတ္တိရှိသူလည်း ဖြစ်သည်၊ သို့ဖြစ်သောကြောင့် ပါဒမြို့ ထီးနန်းကို သိမ်းအုပ်၍ မင်းပြုလုပ်တော်မူပါလော့ဟု တောင်းပန်လေ၏။

## မောင်သံလျင် ပါဒမြို့ထီးနန်းကို အမိ,အဘတို့အား တောင်း စေခြင်း။

မောင်သံလျင်လည်း ထီးဖြူစောင့်နတ် တောင်းပန် သော စကားကိုကြားလျှင် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရကား၊အမိ အဘများကို ပါဒမင်း၏အထံသို့ စေလွှတ်၍ ထီးနန်းကို တောင်း စေလေ၏၊ အမိ,အဘတို့လည်း ပါဒမြို့သို့သွား၍ နန်းတော်တွင်း သို့ မဝင်ဝံ့ကြသဖြင့်၊ နန်းတော် တံခါးဝကနေပြီးလျှင် မိမိသား မှာသည့်အတိုင်း ဟစ်အော်၍ ထီးနန်းကို တောင်းလေ၏၊ ပါဒ မင်းကြီးကြားလေသော် မောင်သံလျင်၏ အမိအဘ တို့ကို ရိုက် ပုတ်၍ နှင်ထုတ်လိုက်လေ၏။

## မောင်သံလျင်, ကိုယ်တိုင် ပါဒမြို့ထီးနန်းကို သိမ်းမြန်းတော် မူခြင်း။

မောင်သံလျင်၏ အမိ,အဘတို့ကို ထိုကဲ့သို့ ရိုက်ပုတ် နှင်ထုတ်

---

* တလိုင်းမွန် မင်းလည်းဟူ။

လိုက်ရာ ပြန်လာပြီးလျှင် သားဖြစ်သူအား ပြောကြား သော အခါ မောင်သံလျှင့်လည်း စုရုံးရသမျှသော လူများနှင့်၊ ပါဒ မင်းကြီးအား တိုက်ခိုက်ရန် ဘုရားကြီးရွာမှ ထွက်လာခဲ့လေ၏၊ ပါဒမြို့ တံခါးသို့ ရောက်လေလျှင် ထီးနန်းကိုလည်း ပေး အပ်မည်လော့, စစ်သော်လည်း တိုက်မည်လော့ဟု ကြွေးကြော် လေ၏၊ ပါဒမင်းကြီး ကြားလေလျှင် အမတ်ကြီး တယောက် အား စစ်သည်ဗိုလ်ပါ ငါးရာနှင့်တကွ မောင်သံလျှင်ကို သတ် ဖြတ်လေဟု စေတော်မူ၏၊ အမတ်ကြီးလည်း မင်းကြီး ဆိုတိုင်း, ထွက်၍ဖမ်းဆီးလေသော် မောင်သံလျှင်သည် စည်ယော့ ကို တီး လိုက်ရာ၊ စစ်သည်ဗိုလ်ပါများစွာဖြစ်၍ တဘက် ရန်သူတို့အား တိုက်စေသည်ကို ပါဒမင်းကြီး ကြားသိလေလျှင် မိမိကိုယ်တိုင် စစ်သည်ဗိုလ်ပါများစွာနှင့်တကွခွန်အားရှိသမျှ ဘိ၍ဘိုက်လေ၏။

မောင်သံလျှင်လည်း မြူတာအိုးကို မှောက်၍ သွန်လိုက်ရာ မြစ်ကြီးဖြစ်၍ စစ်တဘက်စီ ခြားနေလေ၏၊ ထိုနောက်မှ ငါသတိ မေ့လျော့စေချေသည် ထားမှ့ကိုစေ၍ ပါဒမင်း၏ ဦးခေါင်း ကို ဖြတ်စေသည်ရှိသော် ဤမျှလောက် ပင်ပန်းဆင်းရဲကြန့်ကြာ မည်မဟုတ်ဟု ဆင်ခြင်မိသဖြင့် ထားမှ့ကို စေလွှတ်၍ ပါဒမင်း ကြီး၏ ဦးခေါင်းကို သတ်ဖြတ်စေ၏၊ ပါဒမင်း နတ်ရွာစံလေ လျှင် ပါဒမြို့ထီးနန်းကို သိမ်းမြန်းစိုးစံတော် မူလေ၏၊ ငါသည် ပါဒမြို့၌ စံနေသည်ထက် ပတ္တမြားရရာအရပ်၌ မြို့နန်းတည်၍နေ လျှင် သာ၍ သင့်လျော်ပေမည်ဟု ကြံစည်၍၊ ပတ္တမြားရရာ အရပ် ဤသီဟဒီပကျွန်း၏ မြောက်ဘက်အဖျား ယခုသံလျှင်မြို့ တည်ရာ၌၊ ခြင်္သေ့သဏ္ဍာန် မြို့တည်တော်မူပြီးလျှင် ထီးနန်း

စိုက်ထူ စိုးစံတော်မူလေ၏၊ မြို့ကိုလည်း မိမိနာမည်ကို အစွဲပြု၍ * သံလျင်မြို့ဟု ကမ္ပည်းထိုးတော်မူသည်၊ နောက်ကာလ ရွေ့လျော၍ တညင်မြို့ဟုခေါ်ဝေါ် ကြပြန်လေသည်၊ ထိုသံလျင်မြို့ကိုလည်း သံလျင်မင်းက စ၍အုပ်စိုးလာရာ၊ မင်းခြောက်ဆက်မြောက်ဘောဂသေနမင်း လက်ထက်၌ မင်းဆက် ပြတ်လေတော့သည်။

မောင်သံလျင်လည်း ပါဒမြို့၌ရှိသော ဆင်၊ မြင်း၊ ဗိုလ်ပါအားလုံးနှင့်တကွ သူဌေး၊ သူကြွယ်၊ လက်လုပ် တတ်သူ၊ ပန်းပု၊ ပန်းရံ၊ ပန်းဘဲ၊ ပန်းတင်း၊ ကျောက်ဆစ်သမားစသော အလုပ်သမားများပါမကျန်ယူဆောင်၍သွားလေရာ ပါဒမြို့ကြီးမှာ ထီးကျိုး၊ စည်မှောက်၊ နန်းတော်ပါ ပျောက်သောဘဝသို့ ရောက်ရှိသွားလေတော့သတည်း။

## သံလျင် မင်းကြီး၏အကြောင်း

## ရှင်းလင်းပြခြင်း။

ဤနေရာ၌ ပါဒရာဇဝင်စကားကို ရပ်နား၍ လက်နက်စကြာသခင်၊ သံလျင် မင်းတရားကြီး၏ အ

---

*မြသံလျင်မင်းသွီး တည်သော မြို့ဖြစ်သောကြောင့် သံလျင်မြို့ခေါ်သည်ဟု ယိုးဒယားဘာသာပြန် ပါဒရာဇဝင်၌ဆိုသေး၏၊ ၎င်းစကားလည်း ယုတ္တိမရှိလှပါ၊ ၁၂-မိုင်ကျော်ခန့်ရှိသော ကုန်းတန်းကလေး၌ တောင်ဘက်ထိပ်က တမင်း၊ မြောက်ဘက်ထိပ်က အိမ်ရှေ့မင်း၊ နန်းစိုက်သည်ဆိုသော ထီးပြိုင်၊နန်းပြိုင်၊ စကားမှာ သဘာဝအားဖြင့်မလျော်၊ ၎င်းသံလျင်မြို့လည်း ပါဒမြို့လောက် ရှေးကြသောမြို့မဟုတ်ကြောင်းကို မြို့ရိုးများကြည့်ခြင်း၊အားဖြင့် ထင်ရှားပါသည်။

ကြောင်းကို ရှင်းလင်းပြဦးအံ့၊ သံလျင်မင်းကြီး၏ ရာဇဝင် ဝတ္ထုကား· ဒုကနိပါတ်တော်လာ ဒဓိဝါဟနဇာတ်နှင့် အလွန်တူနေ၏၊ သို့အတွက် ဒဓိဝါဟနဇာတ်နှင့် ဆင်တူ ရိုးမှား ကူးယူထားသော ဒဏ္ဍာရီ,စကားများသာ ဖြစ် သည်ဟု အချို့ ဉာဏ်မမှီသူတို့ အယုံအကြည်မရှိကြပေ။ ဘဝများစွာ သံသရာဝယ် ကုသိုလ်ကံ ဆန်းကြယ် သလောက် အကျိုးပေးလည်း ဆန်းကြယ်ပေမည်၊နိပါတ် တော်လာဝတ္ထုနှင့် တူရုံမျှဖြင့် မယုံကြည်ဟု မဆိုသာ အချို့ဝတ္ထုများ နိပါတ်တော်နှင့် အကျိုးပေးခြင်းတူက ဝတ္ထုလည်း တူပေမည်၊ သံလျင်မင်းတရားကြီး ဝတ္ထု၌ ဆင်ပြောင်ကြီးရှိလျက်သားနှင့် ဆင်ခြေရာရှာဘို့ မလို သကဲ့သို့ မောင်သံလျင်, မွေးဖွားရာ ဘုရားကြီးရွာ ဝက် သားတံခါး ဘုရားနီကုန်းစသော သက်သေ, သာဓက များ အထင်အရှား ရှိနေရုံမျှမက သံလျင်မင်းတရားကြီး ကား မိစ္ဆာဒိဋ္ဌိဖြစ်သော အရိန္ဒမရာဇာမင်း အုပ်စိုးနေခိုက် သာသနာတော်စောင့်နတ်, ထီးဖြူစောင့် နတ် များက မင်းပြုလုပ်တော်မူပါဟု တောင်းပန်ရသော မင်းကြီးဖြစ် ၏၊ မင်းဖြစ်သော အခါလည်း ကြောင့်ကြမဲ့ မနေ ကျိုက်ဝိမသုံနီ, ကျိုက်ဖ ရိုအုံ့,စသော ရာဇဝင်လာ တစ် ဆယ့်သုံးဆူ,သော ဘုရားများ၏ ဘုရားဒါယကာကြီး လည်း,ဖြစ်၏၊ ဤကား ရာဇဝင်ဘုရားများကိုသာ ရေ တွက်ပြခြင်းဖြစ်ပါသည်၊ ရာဇဝင်မပါ ဘုရားများလည်း ရှိပါဦးမည်။ ဘုရားရှိကလည်း ကျောင်းရှိရပါမည်၊ ကျောင်းရှိကလည်း ထိုကျောင်း၌ သီတင်းသုံးသောသံဃာ

တော်များလည်း ရှိရပါမည်၊ ထိုကဲ့သို့ ကျောင်း,ကန်, ဘုရား,များ တည်သော ရတနာသုံးပါးအား ကြည်ညိုသော သာသနာ့ဒါယကာမင်းတရားကြီးဖြစ်လျှင်လည်း၊ မိမိ၏ တိုင်းသူ ပြည်သားများကို သနား, ချစ်ခင်ပြီး တိုင်းသူပြည်သားတို့၏ အကျိုးစီးပွားများကို တိုးပွားအောင် ဆောင်ရွက်နိုင်သော မင်းကြီးသာဖြစ်တန်ရာသည်၊ ထိုကဲ့သို့ သာသနာ့ဒါယကာ မင်းကြီးအား အဘယ်မှာလျှင် နတ်များ,သိကြားများ မစောင့်ရှောက်ဘဲ နေနိုင်ပါအံ့နည်း၊ စောင့်ရှောက် ရမည်သာတည်း။

သို့လျှင် မင်းတရားကြီး ထား,စကြာ စသော,စကြာ သုံးပါးရသလိုပင် ထိုခေတ်ထက် ရှေ့အနည်းငယ် နောက်ကျသော သာသနာနှစ် ၁၀၀-ခုနှစ်က, နန်းတက်သော ဒွတ္တဘောင်မင်းကြီးအား သိကြားမင်းက သီလဝံသ, ထား, အရိန္ဒမလှံပျံ, မင်းမြောက်တန်ဆာ ငါးပါး၊ စည်ကြီး အစရှိသည်တို့ကို ဆက်သသော ရာဇဝင်လာစကားကိုရင်း၊ ထိုခေတ်အောက် နောက်အလွန်ကျသော အနော်ရထာမင်းကြီးအား အရိန္ဒမလှံပျံရသောရာဇဝင်စကားကိုရင်း၊ ဤဝတ္ထု၌ရသေ့ကြီးများထံ သိကြားမင်းဆည်းကပ်၍ အလိုရှိသမျှ ဆောင်ရွက် ပေးသလိုပင် ကျိုက်ထီးရိုးသမိုင်း၌, တိဿ,ရသေ့ကြီး အလိုဆန္ဒပြည့်ဝစေရန် ခဲခဲယဉ်းယဉ်း ရသေ့ကြီး ဦးခေါင်းနှင့်တူသော ကျောက်လုံးကြီးကိုရှာ၍ တောင်ပေါ် တင်ပေးပြီးလျှင် ဆံတော်ရှင်မြတ်, ဌာပနာသည်ဟူသော သမိုင်းလာ

စကားကိုရင်း၊ ဤဝတ္ထု၌ သံလျင်မင်းတရားကြီး ခန့်အားဗလကြီးသလိုပင် ဗျတ်ဝိ၊ ဗျတ္တ ကုလားညီနောင်တို့ ဆင်စွယ်ကို ကိုင်တွန်းလျှင် ဆင်၊ ဖင်ထိုင်လျက် လဲသည်ဟူသော ရာဇဝင်စကားကိုရင်း၊ သီဟိုဠ်ကျွန်း၌ ဆင်ပြောင်ဆယ်စီးအားကို ဆောင်နိုင်သော ဘရဏ၊ စစ်ဗိုလ်ကြီး၊ သစ်ပင်၊ အုံးပင်၊ တို့ကို ဆွဲနုတ်ရိုက်ချိုးနိုင်သော ကောဋ္ဌက စစ်ဗိုလ်ကြီး၊ အဘယ၊ စစ်ဗိုလ်ကြီးတို့၏ ခွန်အားကို ပြဆိုသော မဟာဝင်၊ လာ စကားကိုရင်း၊ ယုံကြည်သောအားဖြင့် ဤသံလျင်တရားကြီး၏ဘုန်း၊ လက်ရုံး၊ ခွန်အားကို သူ့ခေတ်နှင့်၊ သူ့စကား ယခုခေတ်မျက်စေ့နှင့် ဆိုဖြတ်နိုင်သော အရာမဟုတ်၍ ယုံမှားမရှိ၊ သဒ္ဓါတရား ပြည့်ပြည့်နှင့် ယုံကြည်ကြပါစေသတည်း။

**ပါဒမြို့မင်းဆက်ပေါင်းကိုပြခြင်း။**

ဤသို့ပင်လျှင် ပါဒမြို့နန်းကို သိမ်းမြန်းစိုးစံတော်မူသော မင်းအပေါင်းကား * ဘောဂသေနမင်းမှစ၍ အုပ်စိုးလာရာ ၃၅-ဆက်မြောက် သံလျင်မင်းတို့ရောက်မှ မင်းဆက်ပြတ်ပါတော့သည်၊ နှစ် အရေအတွက်အားဖြင့် ၃၆၂-နှစ်ခန့် ပါဒမြို့

---

* မွန်ရာဇဝင် မြန်မာပြန် အလိုအားဖြင့် ဘောဂသေနမင်းကစ သံလျင်မင်းအဆုံး ပါဒမြို့ မင်း ၃၅-ဆက် သံလျင်မြို့ကို သံလျင်မင်းကစ ဘောဂသေနမင်းအဆုံး မင်းဆက်၆-ဆက်ဆိုပါသည်။ မြန်မာရာဇဝင်များ၌ကား ဇေယျသေနမင်းကစ အရိန္ဒရာဇာမင်းအဆုံး၊ သံလျင်မြို့ကို သံလျင်မင်းကစ ဘောဂသေနမင်းအဆုံး နှစ်မြို့ပေါင်း မင်းဆက် ၃၆-ဆက်ကြပါသည်။

နန်းသက်ရှည်ဟန်တူပါသည်၊ အဘယ့်ကြောင့်ပါနည်း- မြန်မာပြန် မှန်ပါဒရာဇဝင် လက်ရေးမူ စာတစ်ဆောင်၌ သံလျင်မြို့ကို သာသနာနှစ် ၂၉၂-ခုနှစ် တည်သည်ဟုရေးသားထားရာ နန်းစံမင်း ၃၅-ဆက်နှင့် တွက်ကြည့်လျှင် ၎င်းသာသနာနှင့် ၂၉၂-နှစ်မှာ မမှန်နိုင်ပါ၊ အဆင့်ဆင့် ရေးကူးသူများသည် သာသနာနှစ် ၅၉၂-ခုနှစ်ကို ငါးဂဏန်းမှာ အပေါ်က အခွေကလေးရှိရာ ၎င်းအခွေးကလေး မထင်သောမူကိုတွေ့၍ နှစ်ထင်ပြီးနောက် ကူးသူများသည်၂၉၂-ခုဟု မှားရှိကူးဟန်တူပါသည်၊ ဤနည်းကဲ့သို့ပင် သီဟိုဠ်က ရဟန္တာ ၈-ပါး ဆံတော်,ခါတ်တော်များနှင့် ကြွရောက်တော်မူလာသော သာသနာနှစ်မှာလည်း အချို့ လက်ရေးမူ, ပေမူ,ပုံနှိပ်မူများ၌၊ ၂၁၈-ခုနှစ်ဟု ရေးသားပါရှိလျှက်ရလေသည်၊ ၎င်းနှစ်မှာလည်း သုံးဂဏန်း အောက်ခြေပျက်နေသောမူကိုတွေ့၍ နောက်ကူးသူများ၊ သုံးကို တစ်ထင်ပြီး ကူးမှားဟန်တူပါသည်၊ အဘယ့်ကြောင့်ပါနည်း- သာသနာနှစ် ၂၃၆-ခု နယုန်လရောက်မှ မြတ်စွာဘုရား၏ သာသနာတော် သီဟိုဠ်ကျွန်းသို့ရောက်ရာ,သာသနာနှစ် ၂၁၈-ခုနှစ်မှာ သီဟိုဠ်ကျွန်း၌သာသနာတော်ပင်မရှိသေးပါ၊ သို့အတွက် အချို့ ယုတ္တိရှိရာ သမိုင်းစာပေမူများနှင့် ညှိနှိုင်း၍ ရဟန္တာ ၈-ပါး ဆံတော် ခါတ်တော်များနှင့် ကြွရောက်တော်မူလာသောနှစ်ကို သာသနာနှစ် ၂၃၈-ခုနှစ်ဟု ပြင်လိုက်ပါသည်၊ ဤပါဒမြို့ နန်းသက်ကိုလည်း ထိုနည်းတူစွာ ရှေ့နောက်ညှိနှိုင်း၍ ပါဒမြို့တည်သော သာသနာနှစ် ၂၃၀-ပြည့်နှင့် နန်းသက် ၃၆၂-နှစ်ပေါင်းသော် နှစ်ပေါင်း၅၆၂-ခုနှစ်ဖြစ်ပါသည်၊သို့အတွက်ဤပါဒမြို့နန်းသက် ၃၆၂-နှစ်သက်ရှည်သည်ဟု ဤသမိုင်းဆရာက ဆိုလိုပါသည်၊

သံလျင်မြို့ တည်သောနှစ်မှာလည်း သာသနာနှစ် ၅၆၂-နှစ် ဖြစ်ပါသည်။

## ပါဒမြို့ပျက်စီးပြီးသည့်နောက် ကျန်ရှိနေသော ရုပ်ကြွင်းများ။

ပါဒမြို့ပျက်စီးသွားသော နှစ်ပေါင်းကား-ဤငါးထပ်ဘုရားကြီး သမိုင်းရေးသားအချိန်၌၊ ၁၉၀၀ တစ်ထောင့်ကိုးရာ့ရှစ်နှစ်ခန့်ရှိလေပြီ၊ နန်းတော်ကြီးမှာကား- သစ်သားဖြင့် ဆောက်လုပ်သော နန်းတော်ကြီးဖြစ်သောကြောင့် အကြွင်းအကျန်မရှိတော့ပေ၊ ယခု ကျန်ရှိနေသော ရုပ်ကြွင်း ရုပ်ကျန်များကား....

(၁) နန်းတော်နေရာဟောင်း

(၂) ကျုံးဟောင်း

(၃) မြို့ရိုးဟောင်း

(၄) တရားစီရင်ရာ လွှတ်တော်ကုန်းနေရာ ယခု (ဝေနေယျသုခကျောင်းကုန်း)

(၅) လှေ့သင်္ဘောနှင့်လာသော နိုင်ငံခြားသားများအား စစ်ဆေးရာ အကောက်တော်တည်ရာဌာန၊ သို့မဟုတ် ထိုခေတ်အခေါ်, အကောက်တော်နန်းတည်ရာဌာန, သို့မဟုတ်, ရေကင်းထားရာဌာန, ယခုခေတ်အခေါ်' ရေတပ်ထားရာဌာန, ထိုနေရာကား- ယခု ကရပ်ရွာ၏ တောင်ဘက်၌ ချင်းချောင်း ရေနံစက်တည်ရာဌာန၊ထိုနောက် အင်္ဂလိပ်မင်းတို့ ရေတပ်ထားရာ ဌာနဖြစ်ပါသည်။ ထိုအရပ်ဌာနကို လူများက ယခုတိုင် နန်းတော်ငူ'ဟု ခေါ်ဝေါ်လျက်ပါသေးသည်။

(၆) မရေတွက်နိုင်သော စေတီပုထိုး အမျိုးမျိုး အပျက်အစီး ဘုရားငုတ်တိုများ။

(၇) ကျောက်ပလ္လင်များ ကျောက် သင်းပုတ်ပလ္လင်များ ကျောက်ထီးကြီးများ။

(၈) စေတီကြီးများ အနီးအနားပတ်လည်ရှိ တန်ဆောင်း နှင့် ကျောင်းများဆောက်ရန် ရွေးမင်းများ စိုက်ထားခဲ့သော ကျွန်းပင်များ။

(၉) ဂဝံရုပ်ပွားအမျိုးမျိုးအကျိုးအပဲ့များ၊အတော်အတန်ကောင်းမွန်သေးသော ထမလုံအနီးရှိ ဂဝံကျောက်ရုပ်ပွားဆင်းတုတော်ကြီး နှစ်ဆူအနက် တစ်ဆူကို ကြာကံဒိပ်ရွာ ဝါးကျောင်း၌ ကိုးကွယ်ထား၍ ကျန်တစ်ဆူကို ဘော့လုံးကွင်း ကျိုက်ဗောဓိဘုရားရှေ့တော်၌ ကိုးကွယ်ထားပါသည်၊ ၎င်းဆင်းတုတော်ကြီးများမှာ ဥာဏ်တော် ဆယ်တောင့်ထက်ကျော်ပါသည်။

(၁၀) ပါဒရှင်ဘုရင် ကိုးကွယ်သော ရသေ့ကြီး သီတင်းသုံးရာ ဂဝံကျောက်ဂူများ၊ ပါဒကြီးအနီး၌ရှိသော ရသေ့ဂူမှာ ဤစာရေးသူငယ်စဉ်က ဆာမိကြီး ဆိုသော ကုလားတယောက် ဂဝံကျောက်ယူရန် ဖျက်ဆီးပစ်လိုက်လေသည်။

(၁၁) လေးဘက်ဆစ်ထားသော ဂဝံကျောက်တုံးများ၊ ဝိုင်းဝိုင်းကျောက်တုံးများ။

(၁၂) ရသေ့ရုပ်ကြီးများနှင့်မရေမတွက်နိုင်သော အုဌ်ကျိုးအုဌ်ပဲ့များသာ ကျန်ပါတော့သည်။

## သံလျင်နှင့်ပါဒမြို့ဟောင်းမင်းဆက်ပြောင်း၍ အုပ်စိုးကြခြင်း။

ဤ ဆိုခဲ့ပြီးသော ရုပ်ကြွင်းရုပ်ကျန် အဟောင်းအမြင်းများကား ယနေ့ထက်တိုင် တွေ့မြင်နိုင်ပါသေးသည်။ ပါဒမြို့ကြီး ပျက်စီးပြီးသည့်နောက်၌ ရွာကြီးအဖြစ် တည်ရှိနေရာ ယနေ့ထက်တိုင် ပါဒကြီးရွာဟု ခေါ်ဝေါ်လျက် ရှိပါသေးသည်။ သံလျင်မင်းဆက် ပြတ်ပြီးသည့်နောက်၌ ဤနေရာဌာနကို ဟံသာဝတီ ပဲခူးကနေ၍ မွန်မင်းများအုပ်စိုးပါသည်။ ထိုနောက် မွန်မင်းများ အရေးနိမ့်၍ မြန်မာမင်းများအုပ်စိုးပါသည်။ထိုမြန်မာမင်းများ အုပ်စိုးစဉ် * ကောဇာသက္ကရာဇ် ၉၆၃-ခုနှစ်၌ ရခိုင်မင်းများအုပ်စိုးပြန်ပါသည်။ငင်းရခိုင်မင်းများလက်ထက်၌ ရခိုင်မင်းများထံ အမှုတော်ထမ်းနေသော ပေါ်တူဂီလူမျိုး ဘုရင်ဂျီ ဘာသာဝင် ကုလား ဇေဂ်ါဆိုသူ စစ်ဗိုလ်တယောက်ရှိပါသည်။ ၎င်းစစ်ဗိုလ် ကုလား + ဇေဂ်ါ့အား သံလျင်မြို့စောင့်ကြပ်ရန် ဆင်-မြင်း-ဗိုလ်ပါ အလုံးအရင်းနှင့်တကွ ရခိုင်မင်းက မြို့စောင့်ခန့်ထားခဲ့လေသည်။ သံလျင်မြို့ကိုလည်း စားစေသည်။ ဇေဂ်ါ

---

* ကောဇာသက္ကရာဇ် ဆိုသည်မှာ ယခု ခေါ်ဝေါ်သုံးစွဲနေသော သက္ကရာဇ်ဖြစ်ပါသည်။ ၎င်း ကောဇာသက္ကရာဇ်နှင့် ၁၁၈၂-နှစ် ရောပေါင်းလျှင် သာသနာနှစ်ဖြစ်ပါသည်။ ၎င်း ၁၁၈၂-နှစ်မှာ မြို့စားသောနှစ်ဖြစ်ပါသည်။

\+ ဇေဂ်ါ-မရင်ဂါ-ဇိလစ် ဒိဘရစ်တို့, ဖွင်ကာကူ့ဟု အမျိုးမျိုး ခေါ်ဝေါ်ရေးသားကြသေး၏။

လည်း တောင်ငူမင်းနှင့်တကွ ရခိုင်မင်းပါ လက်ဆောင်ပဏ္ဏာများ ဆက်သရလေသည်။ သက္ကရာဇ် ၉၆၅-ခုနှစ် ရောက်သောအခါ မုတ္တမမြို့စား ဗညားဒလကို ကို အားကိုးရ၍ သံလျင်မြို့စား ကုလားငဇင်္ဂါသည် တောင်ငူမင်းနှင့် ရခိုင်မင်းတို့အား ပုန်ကန်လေတော့သည်။ ထိုအချိန်မှစ၍ ဤသံလျင်ပိုင်နယ်များနှင့်တကွ ဟံသာဝတီပါမကျန် ပေါ်တူဂီလက်အောက်သို့ ကျရောက်ပြန်ပါတော့တည်။

## ကုလားငဇင်္ဂါက စေတီပုထိုး ဇ မျိုးမျိုးတို့ကို ဖျက်ဆီးခြင်း

ပေါ်တူတူဂီလက်အောက်သို့ ကျရောက်သွားသောနှစ်ပေါင်းကား တစ်ဆယ့်တစ်နှစ်ခန့်ကြာ၍ သက္ကရာဇ် ၉၇၄-နှစ် ကျရောက်မှ ပေါ်တူဂီလက်အောက်မှ လွတ်မြောက်ပါတော့သည်။ ငဇင်္ဂါပိုင်ချိန် တစ်ဆယ့်တစ်နှစ်အတွင်း ကုလားငဇင်္ဂါသည် မိမိလူမျိုး ကုလားများနှင့် ဤသံလျင် ပါဒ့ဟံသာဝတီ့ပုံခူး၊ တိဂုံဏ်ဒလ ပါမကျန် ထိုအခါက တန်ခိုးကြီးမားသော ဘုရားစေတီများကို ဌာပနာတိုက်ဖေါက်ပြီးလျှင် ရွှေဆင်းတု ငွေဆင်းတု ဟူသမျှ အကုန်ယူ၍ အရေကျိုပြီးလျှင် ဌာပနာထားသော ကျောက်သံပတ္တမြား ဘုရားမှာကပ်၍ သပ္ပါယ်အောင် စီခြယ်ထားသော ကျောက်မြက်ရတနာများ၊ ငှက်မနား၊ စိန်ဖူးများ၌ ပူဇော်ထားသော အဘိုးတန် ကျောက်မြက်ရတနာများပါမကျန် ယူဆောင်၍ အနောက်နိုင်ငံမှ ရောက်လာသော သင်္ဘောသား၊ ကုလားကုန်သည်များထံ ရောင်းချပါတော့သည်။

သို့အတွက် ကုလားငဇင်္ဂါမှာ ဘဏ္ဍာတော် အတော်အတန်

ခိုင်လုံသွားရကား၊ မိမိတိုင်းပြည်က ကုလားများကို လခရိက္ခာ ပေးပြီး ခေါ်ယူပြီးလျှင် လက်နက်ခဲယမ်းမီးကျောက်များ ဝယ်ယူ၍ တခါက ကုလားကျွန်ခံချင်သော နတ်သျှင်နောင်၏ အကူအညီဖြင့် တောင်ငူထီးအောင်ပင် ပိုင်ဆိုင်ခဲ့ဘူးလေသည်။

ဤသံလျင် ပါဒမြို့ဟောင်းရှိ ရှမ်း, ကရင်, မွန်, မြန်မာများလည်း ဇင်္ဂါ ထားအောက်၌ ပြားပြားဝပ် ကြောက်နေရကား အချို့ဗုဒ္ဓဘာသာဝင် ဘာသာရေးစိတ်ဓါတ် ပြင်းပြသူများမှာလည်း မြန်မာမင်းများရှိရာသို့ ထွက်ပြေးတိမ်းရှောင်၍ နေရပါတော့သည်၊ဤအခါမှစ၍ဇင်္ဂါနှင့်နီးစပ်သောပါဒမြို့ဟောင်းနှင့် သံလျင်မြို့ရှိ အကောင်းဆုံး, အဘိုးအတန်ဆုံး, တန်ခိုးအကြီးမားဆုံးဖြစ်သော ဘုရားပုထိုးမှစ၍ ယဉ်ကျေးမှုအားလုံး ပြုတ်ပြုတ်ပြုန်း ပျက်စီးပါတော့သတည်း။ ထိုအခါ အထက် မြန်မာနိုင်ငံ အင်းဝပြည်ကြီးရှင် ဘုရင်အနောက်ဘက်လွန် မင်းတရားကြီးသည် ဆင် မြင်း ဗိုလ်ပါ စစ်သည်တော်ပေါင်း များစွာနှင့် သံလျင်မြို့ကို လာရောက်သိမ်းယူပြီးလျှင် နတ်သျှင်နောင်ကိုလည်း "ငါ-တောင်ငူကိုနိုင်ပါလျက် သိမ်းယူတော်မမူ၊ သင်းကိုပင်ပြန်၍ မြို့စားပေးသနားတော်မူသည်၊ငါ၏ကျေးဇူးတော်ကိုမျှမထောက် သို့ကလောက် ကုလားကျွန်ခံရချင်ရမလား...."ဟု အမျက်တော်ပွါး၍ မြို့လယ်မှာ သတ်စေသည်။ ဇင်္ဂါကိုလည်း ဘုရားဖျက်သည့်ကုလား နိယတ မိစ္ဆာဒိဋ္ဌိလူမျိုးခြားဖြစ်သည်ဆို၍ သူ၏ အိမ်ရှေ့မှာ တံကျင်လျှို၍သတ်စေသည်။ သံလျင် မြို့သူမြို့သား များကိုလည်း လာရောက်ကြည့်ရှုကြစေဟု အမိန့်တော်ပြန်တော်မူလေသည်။

## ကုလားငင်္ဂါလက်မှ လွတ်မြောက်ခြင်း။

ထိုအခါမှစ၍ ဤသံလျင် ပါဒ့ကား- မြန်မာမင်း လက်အောက် တခါ ပြန်ရောက်ပါတော့သည်။ သံလျင့်ပါဒ့ရှိ ဗုဒ္ဓဘာသာဝင်များလည်း ဝမ်းမြောက်ဝမ်းသာ မိမိတို့ အယူဝါဒကို ထင်ထင်ရှားရှား လွတ်လွတ်လပ်လပ် ကိုးကွယ်ဆည်းကပ်နိုင်သည့်ပြင် ပျက်စီးနေသော ကျောင်းကန့် ဘုရား့များကိုလည်း ထပ်မံ၍ ပြင်ဆင်ကြပြန်ပါတော့သည်။ ဤသံလျင့်ပါဒ့ကား ငဇင်္ဂါနှင့်အနီးဆုံး-အဖျက်အဆီးအခံရဆုံးဖြစ်ရာ မပြင်ဆင်နိုင်၍ ဌာပနာတိုက်ဖေါက်ထားသော ဘုရားများမှာ ယနေ့ထက်တိုင် တွေ့မြင်နိုင်ပါသေးသည်။

ထိုနောက် သက္ကရာဇ် ၁၁၀၁-ခုနှစ်လောက်ရောက်သောအခါမှစ၍ မြန်မာမင်းနှင့်မွန်မင်းများ သူတပြန့်ငါတပြန်ခေတ္တခဏစီ အုပ်စိုးလာခဲ့ရာမှသက္ကရာဇ်၁၁၀၇-ခုနှစ်လောက် ရောက်သောအခါ ကွေ့ကရင်တို့ ကျေးမွေးစောင့်ရှောက်ထားသော ရာဇဝတ်သင့်၍ ထွက်ပြေးတိမ်းရှောင်နေသူ ပုဂံမင်း၏မိဖုယား 'သုပပ္ပါ'က မွေးဘွားသော 'မောင်သာလှ'ဆိုသူကို ကွေ့ဘုရင့် ဆင်ကျားရှင်ဟူသော အမည်ဖြင့် မွန်တို့က ပဲခူးဟံသာဝတီမှာ မင်းမြှောက်၍ အုပ်စိုးစေပြန်ပါသည်။ ထိုအခါ မြန်မာမင်းတို့ အစောင့်အနေခန့်ထားသူများ မနှစ်သက်၍ အကြိမ်ကြိမ် တိုက်ဖျက်သော်လည်းမရ၊ ဤသံလျင်နယ် ပါဒ့ကား မွန်မင်းများလက်အောက်သို့ တခါ ပြန်ရောက်ပါတော့သည်။ ထိုအချိန်၌ မွန်တို့အတော်အတန် စစ်သည့်ဗိုလ်ပါ လက်နက်ကိရိယာပြည့်စုံလာပြန်ရကား အထက်မြန်မာနိုင်ငံ- မုဆိုးဖို့ရွှေဘိုအနီးအနားထိအောင်ပင် ပိုင်

ဆိုင်ခဲ့ဘူးလေသည်။ ကျေ့ဘုရင် ဆင်ကျားရှင်လည်း ဟံသာဝတီ ပဲခူး၌ တာရှည်စွာ မအုပ်စိုးဝံ့ရကား မိမိကိုယ်မိမိ သိရင်ယ်ကြောက်ရွံ့ပြီးလျှင် သက္ကရာဇ် ၁၁၀၉-ခုနှစ် ရောက်သောအခါ စစ်တကောင်းဘက်သို့ ဆင်ဘမ်းသွားရာမှ တခါတည်း ပြန်မလာတော့ဘဲ ဇင်းမယ်ဘက်သို့ ထွက်ပြေးပါတော့သည်။ ဆင်ကျားရှင် မရှိသည့်နောက် မွန်မင်းများ မပျက်မကွက် ဆက်လက်အုပ်စိုးလာရာမှ သက္ကရာဇ်၁၁၁၈-ခုနှစ်သို့ရောက်သောအခါလက်ရုံးမှ မီးတောက်သည်ဟု ကျော်စောသော အလွန် ဘုန်းတန်ခိုးကြီးတော်မူသော 'ဦးအောင်ဇေယျ' ခေါ် 'အလောင်းမင်းတရားကြီး' လက်အောက်သို့ ဤသံလျင်နယ် ပါဒ့ပါမကျန် မြန်မာပြည် အားလုံး ကျရောက်ပြန်ပါတော့သည်။

## အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခြင်း။

ဤသို့ တိုင်းရင်းသားအချင်းချင်း သူတပြန့်ငါတလှည့် အုပ်စိုးနေစဉ်အတွင်း သက္ကရာဇ် ၁၂၁၄-ခုနှစ်၌ ဟံသာဝတီ ပဲခူးအထိ အင်္ဂလိပ်လက်အောက်သို့ ကျွန်အဖြစ် ကျရောက်သွားပြန်ပါတော့သတည်း။ ဤစကားမှာ ဤသံလျင်နယ် ကျရောက်ခြင်းကိုသာ ပဓာနထား၍ ရေးသားခဲ့ခြင်းဖြစ်ပါသည်။ တနင်္သာရီတိုင်းမှာမူကား သက္ကရာဇ် ၁၁၈၇-ခုနှစ်ကပင် အင်္ဂလိပ်လက်အောက်သို့ကျရောက်နေပြီး ဖြစ်ပါသည်။

ထိုနောက် ၎င်း ၁၂၁၄- ခုနှစ်၌ပင်လျှင် ပုဂံမင်းနှင့်မင်းတုန်းမင်းတို့ အမရပူရထီးနန်းကို လုကြပြန်ရာ အင်္ဂလိပ်မင်းတို့ကို တိုက်ခိုက်ရန် မလုံးပမ်းနိုင်သည့်အတွက် ချက်ကောင်းယူ၍ ကုန်းလမ်းက တောင်ငူမြို့အထိ ရေလမ်းတဘက်ကမ်းက မြေထဲမြို့

(ထိုနောက် မစ္စတာအာလုံ့မည်သော စစ်ဗိုလ်ကို အစွဲပြု၍ ယခု) အာလံမြို့အထိ, အခြားတဘက်ကမ်းက သရက်မြို့အထိ အင်္ဂလိပ်တို့က ဒုတိယအကြိမ် သိမ်းယူလိုက်ပြန်ပါသည်၊ ၁၂၄၇ ခုနှစ်သို့ ရောက်သောအခါ၌ကား မြန်မာပြည်အားလုံး တောင်တန်း နယ်များပါမကျန် အင်္ဂလိပ်တို့က တတိယအကြိမ်သိမ်းယူ လိုက်ပြန်ပါတော့သတည်း၊ ထိုသို့မြန်မာပြည်အားလုံးအင်္ဂလိပ်လက်အောက်သို့ ကျရောက်ပါသော်လည်း အင်္ဂလိပ်တို့မှာ, သူတပါး အခြားလူမျိုးများကို အုပ်ချုပ်စိုးမိုးရာ၌ အလွန် လိမ်မာ ပါးနပ်သူများဖြစ်လေရာ မည်သည့်ဘာသာဝင်ကိုမျှ ထိခိုက်အောင် ထင်ထင်ရှားရှား ပြုလုပ်လေ့မရှိ ဘာသာရေးနှင့် နိုင်ငံရေးကိုခြားနား၍ သိသောသူများဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်တို့မှာ မိမိတို့ယုံကြည်ရာ ဘာသာကို လွတ်လပ်စွာ ကိုးကွယ် နိုင်ကြပါသည်။

## ပဉ္စမပိုင်း ပြီးပြီ။

# ဒုတိယပိုင်း။

### ပါဒမြို့ဟောင်းခေါ် ပါဒကြီးရွာအကြောင်း။

ထိုသို့ မင်းအဆက်ဆက်ပြောင်း၍ နှစ်ပေါင်းများစွာပင်ကြာခဲ့ငြောင်းသော်လည်း ပါဒမြို့ဟောင်း၌မူကား ပါဒကြီးရွာအဖြစ် ယနေ့ထက်တိုင် အဆက်မပြတ်နေထိုင်လျက် ရှိကြပါသေးသည်၊ သို့သော်လည်း မြို့တည်ရာအထက်ကုန်းမြင့်ပိုင်း၌ လူနေအိမ်ခြေ

မရှိတော့ဘဲ ယခုမျက်မြင် ချောင်းကိုခွလျက် အနောက်ပိုင်း တောင်ပိုင်းအားဖြင့် နှစ်ပိုင်းခွဲခြား၍ ပြောင်းရွှေ့ နေထိုင်ကြပါ သည်၊ အလယ်ပိုင်း၌ အိမ်မရှိပါ အချို့လည်း ပါဒကြီးရွာ အနီးအနားရှိ၊ ခြံထဲမှာ အနှံ့အပြား နေထိုင်ကြပါသေးသည်၊ ၎င်းပါဒကြီး ရွာသားတို့ ကိုးကွယ်ကြသော ကျောင်းကား သက္ကရာဇ် ၁၂၁၄-ခုနှစ်အထက်နှင့် ၎င်းနှစ်တိုင်အောင် ပါဒ တောရကျောင်း ဖြစ်ပါသည်၊ ၎င်းပါဒတောရကျောင်းနှင့်ယခု ဝေနေယျသုခခေါ် ကျောင်းကုန်းရှိ သိမ်တို့မှာ မည်သည့်အခါ ၌တည်ရှိ၍ မည်သည့်အခါ၌ သမုတ် ထားကြောင်းကိုမူကား မည်သူမှ တတ်အပ်သေချာ မပြောကြားနိုင်တော့ပါ၊ ဝေနေယျ သုခ ကျောင်းကုန်းရှိ ယခုဆောက်လုပ်ထားသော သိမ်၏ အလျှင် တိုင်လုံးကြီးများနှင့် ဖျက်ပစ်လိုက်သော သိမ်ဟောင်း ကိုမူကား ညောင်ဝိုင်းရွာနေဆေးဆရာကြီးဆရာဆိုး က ဆောက် လုပ်လှူဒါန်းသော သိမ်ကြီးဖြစ်ပါသည်။

## ပါဒတောရကျောင်းနှင့် အခြားကျောင်း၌ သီတင်းသုံးနေထိုင် စော်မူကြသော ဘုန်းတော်ကြီးများ။

၎င်းပါဒတောရကျောင်းမှာလည်း ယခုပါဒတောရ ကျောင်း နေရာမဟုတ်ပါ၊ ယခုတည်ရှိဆဲဖြစ်သော ကျောင်း၏ အရှေ့ မြောက် အနည်းငယ်ယွန်း မြေညီကွက်ပြင်ဟောင်း၌ ဆောက် လုပ်ထားသော ကျောင်းဖြစ်ပါသည်၊ ၎င်းကျောင်းနေရာအနီး၌ ပါဒတောရသိမ်ကျန်ရှိရစ်ပါသေးသည်၊ ၎င်းပါဒတောရကျောင်း ၌ သီတင်းသုံးနေထိုင်ကြရသော ဘုန်းတော်ကြီးများ တို့တွင်

သက္ကရာဇ် ၁၂၁၄-ခုလောက်က သီတင်းသုံးတော်မူသော ဘုန်းတော်ကြီးမှာ အင်္ဂလိပ်များအဝင် ကာလကြီးပျက်သောကြောင့် တဦးကိုတဦး သတ်ပုတ် ထိုးခုတ် လုယက် ဖျက်ဆီးကြ၍မင်းမဲ့ တိုင်းပြည်ကဲ့သို့ ဖြစ်နေရကား၊ ၎င်းကျောင်း၌ မနေဝံ့တော့သည့်အကြောင်း မိန့်တော်မူလေရာ ပါဒကြီးရွာသားများက ယခုပါဒကြီးရွာ၏ တောင် ဒေါ်အေးကြိုင်အိမ်၏ တောင်ဘက် ဝန်းထရံနှင့် ကပ်လျက် တောင်ရေကန် ဦးဘိုးချို စည့်ကုန်း ဦးအုံးတင် ဒေါ်အုံးမယ်တို့ အိမ်နေရာအားလုံးကို ကျောင်းဝိုင်းဟုသတ်မှတ်ပြီးလျှင် ၎င်းနေရာ၌ ယာယီကျောင်းသစ် တဆောင်ဆောက်လုပ်ပေးရပါသည်၊ ထို့ကြောင့် ရှေးလူကြီးများက ၎င်းချောင်ကို'ကျောင်းချောင်' ဟု ခေါ်ကြပါသည် (ဘွဲ့တော်မသိ) ၎င်းကျောင်း၌ သီတင်းသုံးနေထိုင်သော ဘုန်းတော်ကြီးမှာလည်း နှစ်အတော်ကြာ၍ မြို့ရွာ ငြိမ်သက်သောအခါ ၎င်းကျောင်း၌ မနေလိုသည့်အတွက် အရပ်တပါးသို့ ကြွသွားပြန်ပါတော့သတည်း။

**ပါဒတောရကျောင်း၌ ဘုန်းကြီးမှုံ, သတင်းသုံးတော်မူခြင်း။**

ပါဒကြီးရွာနှင့် ခရီးတမိုင်ခန့်ကွာ တောကြီးထဲ၌ ဘုန်းကြီးမရှိဘဲ ပစ်ထားခဲ့သော ပါဒတောရကျောင်းမှာ မည်မျှကြာအောင် လူသူအသွားအလာဆိတ်သုဉ်းနေသည်မသိရပါ၊ နောက်ပါဒကြီးရွာအနောက်ဘက်ကမ်းနေ ဒေါ်ဆောင်, ဒေါ်သောင်တို့၏အစ်ကို ဦးသာဒွန်း၏ ဘကြီးတော်သူ (ဘွဲ့တော်မသိ) ဦးမှုံ, ဟု ခေါ်ဝေါ်ကြသော ဘုန်းတော်ကြီးက သူနေဝံ့သည်ဟု မိန့်ကြားတော်မူသည့်အတွက် ပါဒကြီး ရွာသူရွာသားများ

ဖြစ်ကြကုန်သော အင်္ဂလိပ်အစိုးရလက်ထက် ဒုတိယရွာခေါင်း, ယာခေါင်း, (သူကြီး)ဖြစ်သူ ဦးဖေ, ဦးတာတီး, အဖွားခါ, ဦးတိုးအား, အဖွားဥ, ဦးရွှေအုပ်, ဒေါ်ရွှေမယ်တို့က ကြီးမှူး၍ ဘုန်းကြီးမှ, အား လှူဒါန်းလိုက်ပါသည်၊ ၎င်းဘုန်းတော်ကြီး မှာလည်း ထားပီး, တုတ်ပီးသည်ဟု ကျော်စောပြီးလျှင် အဂ္ဂိ ရတ်ထိုးသော ဝါသနာရှိသောကြောင့် အကျင့်, သိက္ခာမှာ တော်သင့်ရုံသာရှိသော ဘုန်းတော်ကြီး ဖြစ်ဟန်တူပါသည်။

## ငါးထပ်ဆရာတော်ဘုရားကြီးအား ဘုန်းကြီးမှ,က, ချီးမွမ်းတော်မူခြင်း။

သို့သော်လည်း ဘုန်းကြီးမှ, သည် နိဂ္ဂဟာနိဂ္ဂဟေတဗ္ဗေ၊ ပဂ္ဂဏှေယာစ ပဂ္ဂဟံ, ဟူသောပါဠိအရ နှိပ်သင့်နှိပ်ထိုက်သော အလဇ္ဇီ, ဒုဿီလ,တို့ကို နှိပ်၍ မြှောက်သင့် မြှောက်ထိုက်သော လဇ္ဇီသူမွန်, သီလဝန်, တို့ကို မြှောက်ရမည် ဟူသော ပညာရှိ များစကားကို လိုက်နာကျင့်သုံးသူ ဖြစ်ရကား၊ ကုလမစ္ဆေရ, နည်းပါးသောကြောင့် မိမိအား ကိုးကွယ် ဆည်းကပ် လာသူ ဒါယကာများကို အောက်ကျောင်း ဘုန်းကြီးကလေးကိုတော့ (ကျေးဇူးရှင် ငါးထပ်ဆရာတော်ဘုရားကြီးကို ဆိုလိုပါသည်) မကဲ့ရဲ့ကြနှင့်ဟေ့, မင်းတို့ အပါယ်ကျသွားလိမ့်မယ်, သူတော် ကောင်းကြီးကွ,ဟု မကြာမကြာ မြှောက်စား မိန့်ကြားတော်မူ သည့်ပြင် မိမိကျောင်း၌ ကောင်းမွန်သော သရက် ပိန္နဲ မရမ်း, စသော အသီးအနှံများကိုရင်း၊ ကောင်းမွန်ပေါများသောအခါ ဆွမ်းဟင်းလျာများကိုရင်း၊ လာရောက် လှူဒါန်းစေတော်မူပါ သည်၊ ထိုသို့တရွာတည်း သီတင်းသုံးသော မြွေမြွေချင်း, ခြေမြင်,

ဆိုသောစကားကဲ့သို့ ဘုန်းကြီးမှူး၏ ဘုန်းကြီး, ဘုန်းကြီးချင်း ချီးမွမ်းမြှောက်စားတော် မူသောကြောင့်သာလျှင် ဘုန်းကြီးမှူး ပျံလွန်တော်မူသောအခါ ပါဒကြီးရွာသူ, ရွာသား, ဒါယကာ များတို့သည် ကွဲကွဲပြားပြားမဖြစ်ကြတော့ဘဲကျေးဇူးရှင်ငါးထပ် ဆရာတော်ဘုရားကြီးအားသာ ကြည်ညိုဝပ်လျှိုး ရှိခိုးဆည်းကပ် လာကြပါကုန်တော့သတည်း။

## ဘုန်းကြီးမှူးနှင့်အတူ သီတင်းသုံးတော်မူသော ဘုန်းတော်ကြီးများ။

၎င်းပါဒတောရကျောင်း၌ ဘုန်းကြီးမှူး, နေထိုင်စဉ်အတွင်း သက္ကရာဇ် ၁၂၄၀-ကျော် ၅၀-လောက်၌ပါဒကြီးရွာ၏ အိမ်ခြေ မှာ တရာခန့်လောက်ရှိ၍ ယခုငါးထပ်ဘုရားကြီး၏အရှေ့ဘက် ၌ အထက်အညာ သမံသာ, မင်းညီစု,မှ ပြောင်းရွှေ့လာသော ကြောင့် သမံသာမင်းညီစု,ခေါ်သော အိမ်ခြေ နှစ်ဆယ်ခန့်ရှိ သော ရွာငယ်တရွာရှိပါသည်၊ ၎င်းရွာ၌ ဦးဘိုးကောက်, ဒေါ် ခရု, ဦးထွန်းအောင်,နှင့် ဇနီး ဦးမုန်း,၏အဘေ ဦးဘိုကြီး ဦးသာ ဗျော, မင်ကြောင်ဆရာ ဆရာနီ, စသော သူများနေထိုင်ကြပါ သည်၊ ဒေါ်ခရု,တူးသော ရေတွင်းဖြစ်သောကြောင့် ဒေါ်ခရု တွင်းခေါ်သော ရေအလွန်ကောင်းသော ကျောက်ရေတွင်းကြီး တတွင်း၊ ဦးမြတ်လှ, ကာရံထားသော ခြံစည်းရိုးအတွင်း၌ယနေ့ ထက်တိုင် တွေ့မြင်နိုင်ပါသေးသည် ၎င်းရွာကလေးမှတပါး ပါဒ ကြီးရွာကနေ၍ ပါဒတောရ ကျောင်းသို့သွားသော ပေတရာ လမ်း၏ အနောက်ဘက် ယခု အဘိုး- ဘိုးထွန်းကျော် ခြံထဲ၌

ဦးရွှေဘိုး, ဦးသားထက်, ဦးပညာ, ဦးရွှေရေး, ဦးသဲ, ဆရာမောင်, စသော ရှမ်းလူမျိုးများ ၁၅-အိမ်ခန့် နေထိုင်ကြပါသေးသည်၊ ၎င်းရှမ်းလူမျိုးများလည်း ပါဒတော်ရကျောင်းကို ကိုးကွယ်သော ဒါယကာများသာဖြစ်ကြပါသည်၊ ဘုန်းကြီးမှူးနှင့်အတူ သက္ကရာဇ် ၁၂၄၀-လောက်ကစ၍ သီတင်းသုံးနေထိုင်ကြသော ပုဂ္ဂိုလ်များမှာ ဤစာရေးသူ၏ အဘိုးတော်သူ အသက် ၉၇-နှစ်ရှိ ယခုရှိဆဲ အဘိုး -ဘိုးထွန်းကျော်၏ ဦးရိုး သို့မဟုတ် (ဦးကြီး) တော်သူ ဦးဥက္ကံသ,နှင့် ပါဒကြီးရွာ အနောက်ဘက်ကမ်း ဦးရွှေလူ ဒေါ်စံ, တို့၏ မောင်တော်သူ ဦးသုခ,တို့ဖြစ်ကြပါသည်။

## ဘုန်းကြီးမှူး နှင့်မတွေ့၍ တခြားခွဲကျောင်းထိုင်ခြင်း။

ဦးဥက္ကံသ, ဆရာတော်မှာ စာပေ ပိဋကတ် အတော်အတန် တတ်မြောက် သည့်ပြင် ရတု, ရကန့်, ကာရန်သွား, ကဗျာလင်္ကာများကိုလည်း စီကုံးတတ်မြောက်တော်မူပါသည်၊ ၎င်းပြင် လက်ရိုးဗေဒင်များကိုလည်း တတ်မြောက် ကျွမ်းကျင်သောကြောင့် ကျောင်းသား တပည့်များအား သင်ကြားပို့ချပေးပါသည်၊ ၎င်းဆရာတော်လည်း ဘုန်းကြီးမှူး,နှင့် တာရှည်စွာနေကြသောအခါ စရိုက်ချင်းမတူသည့်အတွက် အနေအထိုင်သဘောချင်း မတိုက်ဆိုင်ရကား၊ ကြာကံဒိပ်ရွာ ဦးရွှေလှ,ဦးဖြူ ဦးသာဝီ စသော ညီအစ်ကိုတစုတို့ကပင့်၍ ယခု ဝါးကျောင်းနေရာ၌ ဝါးကျောင်းကလေး ဆောက်လုပ် ကိုးကွယ်ကြလေရာ ပထမ ဝါးကျောင်းကို အစွဲပြု၍ ယနေ့ထက်တိုင် ကြာကံဒိပ်ဝါးကျောင်း,ဟု ခေါ်ဝေါ်လျက် ရှိကြပါသေးသည်။

ဦးသုခ လည်း ပါဒတောရကျောင်း၌ နေစဉ် သက္ကရာဇ် ၁၂၅၀-လောက် သိက္ခာတော် ရှစ်ဝါရသောအခါ၌၊ ဘုန်းကြီး မှု ပျံလွန်တော်မူလေရာ ဘုန်းကြီးမှု၏တူဖြစ်သူ ဦးသာထွန်း, က ပါဒတောရကျောင်းကို သူသာလျှင် ပိုင်ဆိုင်သည်ဟုဆိုသော ကြောင့် ဦးသာထွန်းနှင့် ဘုန်းကြီးမှု ဆွေမျိုးများကတဘက်၊ ဦးသုခနှင့် ပါဒကြီး ရွာသူရွာသား ဒါယကာများက တဘက်စီ ဖြစ်၍၊စကာများကြပြန်ရာ ဘုန်းကြီးဦးသုခကိုပင့်၍ ယခုသောက် တော်တွင်းအနီးရှိ ဘုရားတန်ဆောင်းထဲ၌ ကိုးကွယ်ထားကြပါ သည်၊ထို့ကြောင့်ပင် ၎င်းကျောင်းကို ထိုအခါက ကန်ဆောင်း ကျောင်းဟု ခေါ်ကြပါသည်၊ နောက် (စေတီကျောင်းဟုလည်း ခေါ်ကြသေး၏) ထို့နောက် ဘုန်းကြီးဦးသုခကို ပေတရာအနီးရှိ ရှမ်းစုရွာ ဦးသာထက်က ၎င်းတန်ဆောင်းအနီး ကျောင်းဆောက် ၍ လှူဒါန်းပါသည်၊ ၎င်းကျောင်း၌ ဦးသုခ ရှစ်နှစ်ခန့် သီတင်း သုံး နေထိုင်တော်မူပြီးနောက် သိက္ခာတော် ၁၆-ဝါရ အသက် ၃၀-ခန့် သက္ကရာဇ် ၁၂၅၈-ခုနှစ်လောက် ရောက်သောအခါ မိမိ၏ဇာတိဖြစ်သော အထက်အညာ နွားထိုးကြီးနယ်သို့ ပြန်ကြွ သွားပါတော့သည်(ယခု ပျံလွန်တော်မူလေပြီ)၎င်းတန်ဆောင်း ကျောင်းမှာလည်း နောက်ထပ် ကျောင်းထိုင်ဘုန်းကြီး မရှိသည့် အတွက် အဆက်ပြတ်သွားလေရာ ကျောင်းဒါယကာ ဦးသာ ထက်က ၎င်းကျောင်းကိုဖျက်၍ ဝါးကျောင်း၌ ဆွမ်းစား ကျောင်းဆောက်လုပ် လှူဒါန်းလိုက်ပါသည်။

## သောက်တော်တွင်းအနီး၌ စေတီတော်တည်ခြင်း။

ပါဒတောရကျောင်းအနီးရှိ ပါဒရာဇဝင်အရ ကျိုက်ခဆွတ်

နှင့် ကျိုက်စောလုပ်ယခုအခေါ် (မြတ်စောညီနောင်) စေတီတော်ကြီးများမှာ ပါဒရွာသူရွာသားများ အမြဲကိုးကွယ်ဆည်းကပ်သွားလာရန် ခဲယဉ်းလှသောကြောင့် သက္ကရာဇ် ၁၂၀၀-ပြည့်နှစ်လောက်က ပါဒရွာကြီး အနောက်ဘက်ကမ်း သောက်တော်တွင်းအနီး၌၊ ယခုမျက်မြင် စေတီတော်ကြီးကို ဦးစံရှင်၏ အဘိုး ဦးရင်ကို၏အဘေ အဖိုးဘိုးက တည်ထားကိုးကွယ်ပါသည်။ ၎င်းစေတီတော်ကြီးမှာလည်း နှစ်ပေါင်း ၄၀- ကျော် ၅၀-ခန့်ကြာသောအခါ ပျက်စီးသွားပြန်ရာ ငါးထပ်ဘုရားကြီးကျောင်းတိုက်တွင်းရှိယခုဆွမ်းစားကျောင်းဒါယကာ ဦးဘိုးမြန်း၏ အဘေ သဒ္ဒါ့သီလ စသော သူတော်ကောင်းဥစ္စာ ခုနစ်ပါးနှင့် ပြည့်စုံသူ ယိုးဒယားအဆက်အနွယ်ဖြစ်သော မော်လမြိုင်မြို့သား ဘုရားဒါယကာကြီး ဦးကင်းက ထပ်မံပြင်ဆင်ပါသည်၊ ၎င်းဘုရားဒါယကာကြီး ဦးကင်းကား ထိုကဲ့သို့သော ထာဝရကုသိုလ်များမှတပါး ရပ်ရွာဆဲ၌၎င်း၊ ကျောင်းဝိုင်းအတွင်း၌၎င်း သန့်ရှင်းမှု ဝေယျာဝစ္စကုသိုလ်ကို အမြဲပြုလုပ်သူဖြစ်ရာ ကျေးဇူးရှင် ငါးထပ်ဆရာတော်ဘုရားကြီးက ဒါယကာကြီးဦးကင်း- ဝေယျာဝစ္စကုသိုလ်များ အမြဲပြုလုပ်သည် နတ်ပြည်များရောက်လျှင် ငါတို့ကိုလာပြောပါဦး မှာကြားလိုက်သည်ဟု ဤစာရေးသူအား မိန့်ကြားတော်မူဘူးပါသည်၊ ဤစာရေးသူ သိကြားလိမ္မာသောအယွယ်သို့ရောက်သောအခါ ထီးတော်လည်းကျိုး ညောင်ပင်များလည်းပေါက်၍ ဘုရားက အင်္ဂတေများလည်း ကွဲအက်ပျက်စီးနေပြန်ရာ သက္ကရာဇ် ၁၃၀၀-ပြည့်နှစ်လောက်၌ ငါးထပ်ဘုရားကြီးကျောင်းတိုက်တွင်းရှိ သိမ်ဒါယကာကြီးဦးအောင်ဘန်း-ဒေါ်ကျေးတို့က ထပ်မံပြင်ဆင် ထီးတော်အသစ်တင်သည့်

အတွက် ယခုမျက်မြင် သပ်သပ်ပါယ်ပါယ် ကြည်ညိုဘွယ်ရာ ဖူးတွေ့ရပြန်ပါသည်။

## ၎င်းစေတီတော်ယင်ပြင်ရှိ တန်ဆောင်းများနှင့် ဆောက်လုပ်လှူဒါန်းကြသူ ဒါယကာများ။

၎င်းစေတီတော်ကြီး၏ အရှေ့ဘက် သောက်တော်တွင်းနှင့် ကပ်လျက် ဆောက်လုပ်ထားသော ကြေးဆင်းတုတော်များနှင့် အင်္ဂတေခြေတော်ရာသီတင်းသုံးတော်မူရာ ပထမတန်ဆောင်းမှာ ငါးထပ်ဘုရားကြီး၏ ရှေ့တော်ရှိ အာရုံခံ တန်ဆောင်းကြီး၏ ဒါယကာ ဦးမောင်ကလေး၏အဘော ဦးဘိုးစ, အနိစ္စရောက်ပြီးနောက်၊ အမေ မယ်ကတ်ကြီး့က တိုင်လုံးကြီးများနှင့် ဆောက်လုပ်လှူဒါန်းပါသည်၊။သို့အတွက် ၎င်းတန်ဆောင်းကို မယ်ကတ်ကြီး့တန်ဆောင်းဟု ခေါ်ကြပါသည်။ယခုလက်ရှိ တန်ဆောင်းမှာမူကား မယ်ကတ်ကြီး တန်ဆောင်း ပျက်စီးပြီးသည့်နောက် သားဖြစ်သူဦးမောင်ကလေး-ဒေါ်ခင်တို့က ဆောက်လုပ်လှူဒါန်းထားသော တန်ဆောင်းဖြစ်ပါသည်၊ ၎င်းတန်ဆောင်းမှာလည်း နှစ်ပေါင်း၆၀-ကျော်ခန့် အသက်ရှည်လေပြီ၊ ၎င်းစေတီတော်ယင်ပြင်၌ပင်လျှင် ဦးရင်ကို-ဒေါ်စိန်းတို့က တန်ဆောင်းတဆောင် ပထမ * ကြေးတန်းကြီး (သို့မဟုတ် ယာခေါင်းကြီး အဘိုး

* ကြေးတန်းကြီး အဘိုးရိုးမှာ ရပ်ရွာကိုအလွန်စောင့်ရှောက်သည့်, သြဇာ,အာဏာ,ရှိသည်၊ အနီး အနားရှိ ရင်ရွာပေါ်၌, ယခုကာလ, မြို့အုပ်များထက်သြဇာ,အာဏာ,ရှိသည်ဟု ယခုရှိဆဲ အသက် ၈၆-နှစ်ရှိ ဦးရွှေလွန်းက ပြောကြားပါသည်။

ရိုး့မယ်ဘော်တို့ကတန်ဆောင်းတဆောင်ဆောက်လုပ်လှူဒါန်းကြပါသေးသည်၊ နောက်လှူဒါန်းသော တန်ဆောင်း နှစ်ဆောင်မှာ မှုကားပျက်စီးသွားလေပြီ။

## ဘုန်းတော်ကြီး ဦးကေတု သိမ်ကုန်း၌ သိတင်းသုံးတော်မူခြင်း။

သက္ကရာဇ် ၁၂၂၅-ခုနှစ်လောက်က အပ္ပိစ္ဆတာစသော ဂုဏ်များနှင့် ပြည့်စုံတော်မူသော သူတော်ကောင်းကြီး ဖြစ်တော်မူသော ဘုန်းကြီး ဦးကေတုသည်း ယခု ဝေနေယျသုခကျောင်းကုန်းခေါ် သိမ်ကုန်း၌ သိတင်းသုံး နေထိုင်ဘော် မူဘူးပါသည်၊ ၎င်းဘုန်းတော်ကြီး ဦးကေတုသည်း ပါဒကြီးရွာကို အမြဲဆွမ်းခံစားသောက်ပြီးလျှင် တရားအားထုတ်၍သော အချိန်ကုန်လွန်စေပါသည်၊ မည်သည့် သုမင်္ဂလ ဒုမင်္ဂလကိုမျှမလိုက် ဒါယကာတို့နှင့် အဆက်ဆံနည်းပါးပြီးလျှင် တပါးဘည်းသာ နေထိုင်လေ့ရှိပါသည်၊ မိမိအား သဒ္ဓါကြည်ညို၍လှူဒါန်းလိုသော ဒါယကာများမှာ ဆွမ်းခံကြွလာသောအခါ ဆွမ်း့သင်္ကန်း့ အစရှိသည်တို့ကို လှူဒါန်းလိုက်ရပါသည်၊၎င်းဘုန်းဘော်ကြီး ဦးကေတု့ထံ၌ ခိုင်းစရာ ကျောင်းသားနှစ်ယောက်ခန့်ရှိပါသည်၊ တယောက်မှာ ဤစာရေးသူ၏အဘိုး ဦးစံလှ့၏ သားဖြစ်သူ ဦးမိုး့ဖြစ်၍ ကျန်တယောက်မှာ ညောင်ဝိုင်းရွာသား ဖြစ်ပါသည်၊ သို့သော်လည်း ၎င်းဘုန်းတော်ကြီး ဦးကေတု့၏ သာသနာ့ဝန်ထမ်း ရဟန်းများနှင့်မလျော်သော ဝါသနာကား သိုက်တူးချင်သော ဝါသနာအလေ့အကျင့်ဖြစ်ပါသည်၊ ၎င်းဘုန်းတော်ကြီး ဦးကေတု့မှာ

တောကြီးထဲ၌ တပါးတည်း တရားအမြဲ အားထုတ်နေပါသော်လည်း သမာဓိခေတ် မခိုင်မြဲသည့်အတွက် သားရဲ, ပြိတ္တာ, နတ်ယုတ်မာတို့က နှောင့်ယှက်ဖျက်ဆီးသောကြောင့်လားမသိရ၊ ပျံလွန်တော်မမူမီ သုံးလ,လောက်က ရှူးသွတ်သွားလေရာ မိမိ၏ကံကြမ္မာအလျောက် ဇွဲကြိုးချ၍ ပျံလွန်တော်မူသွားပါသည်၊ ရင်းဘုန်းတော်ကြီး ဦးကေတုကို အထူးကြည်ညိုကြသော ဒါယကာများကား ကျစ်ရေးသူ၏ အဘိုး ဒေါ်စောမယ်၏အဘော ဦးသာထွန်းဇံ, ဇရပ်ဒါယကာကြီး ယခုရှိဆဲ ရှာသူကြီးဟောင်း ဦးဘဘော၏အဘော ဦးစံသူ,ဦးရွှေတုတ်,ဒေါ်ချိန်စသော ဒါယကာများ ဖြစ်ကြပါသည်၊ ဘုန်းတော်ကြီး ဦးကေတု, ပျံလွန်တော်မူပြီးနောက် သိမ်ကုန်း၌ ဘုန်းကြီး အဆက်ပြတ်သွားရာ သက္ကရာဇ် ၁၂၉၀-ခုနှစ်ရောက်မှ ရန်ကုန်သိမ်ကြီး ဘုန်းတော်ကြီး *ဦးဝိလာသ,က ကျောင်းလာဆောက်ပြီးလျှင် ဧနေယျသုခ,ကျောင်းကုန်းဟု အမည်သစ်တပ်၍ ကမ္မဋ္ဌာန်းတိုက်အဖြစ် တိုးတက်ကြီးပွား စည်ကားနေပါသည်။

## အညာက ဘုန်းကြီးတပါးကို ဦးရွှေတုတ်,က ကျောင်းဆောက်ကိုးကွယ်ခြင်း။

သက္ကရာဇ် ၁၂၃၅-ခုနှစ်သောက်ကာလည်း, အညာမှ ဘုန်းတော်ကြီးတပါး ကြွလာတော်မူရာ ဦးရွှေတုတ်- ဒေါ်ချိန်,တို့က ယခု သောက်တော်တွင်းအနီး ဦးလူဟံ၏ခြံထဲ၌ ငါးကျောင်းကလေးဆောက်၍ ကိုးကွယ်ခြင်းပါသည်။ ရင်းကျောင်းမှာလည်း

+ ရင်းဘုန်းတော်ကြီး ပျံလွန်တော်မူလေပြီ။

ရပ်ရွာနှင့် နီးကပ်လှသည့်အတွက် ဘုန်းတော်ကြီး မနေလိုသော ကြောင့် ယခု ငါးထပ်ဘုရားကြီးကျောင်း၏မြောက်ဘက် သီလ ရှင် ဒေါ်ပုည၏ခြံထဲ၌ သစ်သားကျောင်း ဆောက်လုပ်လှူဒါန်း ကိုးကွယ်ပြန်ပါသည်။ ၎င်းဘုန်းတော်ကြီးမှာလည်း သက္ကရာဇ် ၁၂၃၉ ခုနှစ်လောက် ရောက်သောအခါ ပါဒကြီးရွာ၌ မပျော် ပိုက်သည့်အတွက် အခြားအရပ်ဒေသသို့ ကြွသွားပြန်ပါတော့ သည်။

## စူလဂဏ္ဍီ ခေါ် ရွှေကျင်ဂိုဏ်းကိုးကွယ်သော ဒါယကာများ ဘုန်းကြီးပင့်၍ ကိုးကွယ်ကြခြင်း။

သက္ကရာဇ် ၁၂၂၅-ခုနှစ်လောက် ရောက်သောအခါ "ဝိစေယ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ" ယူသော ဒေသနာပုသဲ ကန်းကို စွဲသုံးပန်ဆင် ဉာဏ်အမြင်နှင့် ပြည့်စုံကုန်ကြသော ပါဒ ကြီးရွာ တောင်ကျောင်းကို ကိုးကွယ်ဆည်းကပ်သူများမှာလည်း မိမိတို့ ကိုးကွယ်ဆည်းကပ်ရာ ဆရာဘုန်းတော်ကြီး ကြွသွားပြီ ဖြစ်သောကြောင့် ကိုးကွယ်ဆည်းကပ်ရန် ဘုန်းကြီး ရှာဖွေစုံစမ်း ကြပြန်ရာ အလွန် အနေအထိုင် ကျစ်လစ်သိမ်မွေ့၍ ရွှေကျင် ဂိုဏ်း (ဤအရပ်ဒေသရှိ လူများအခေါ် စူဠဂဏ္ဍိခေါ်သည်) နှင့်အညီ ကျင့်သုံးနေထိုင်တော်မူသော ဘုန်းတော်ကြီးဦးသီလ ကို တွေ့ရှိကြပြန်သောကြောင့် အင်္ဂလိပ်ဝင်သည်မှ ပထမ ယာ ခေါင်းကြီး (သို့မဟုတ် ကြေးတန်းကြီး၊ ယခုအခေါ် သူကြီး) ဖြစ်သူ ဒေါ်ယု၊ ဒေါ်လှမေ၊ ဦးကျော်စ တို့၏အသော ဦးဘိုးရိုး၊ က ဦးစီးဥက္ကဋ္ဌ ကမကထပြုလုပ်၍ ပင့်ဆောင်လာပြီးလျှင် ယခု

* သောက်တော်တွင်း၏ မြောက်ဘက် ခရီးနှစ်ဖါလုံခန့်အကွာ ပါဒမြို့ရိုး့ကျုံး၏အနီး ဦးစောလှ၏ခြံ၌ ကျောင်းဆောက် လုပ် လှူဒါန်း ကိုးကွယ်ကြပြန်ပါသည်။ ပါဒကြီးရွာ တောင် ကျောင်းကိုလည်း ဖျက်ဆီးယူခဲ့၍ ဤနေရာသို့ ပြောင်းရွှေ့ ဆောက်လုပ်ကြပါသည်။ ၎င်းကျောင်းကိုလည်း အထက်အမြင့် ပိုင်းရှိ ပါဒတောရကျောင်းကို ထောက်၍၎င်း အောက် မြေနိမ့် ပိုင်း၌ ဆောက်သောကျောင်းဖြစ်သောကြောင့်၎င်း၊ ရှေးသူ့ရွာ သားများက အောက်ကျောင်းဟု ခေါ်ဝေါ်ကြပါသည်။

## ထိုခေတ်က ပါဒကြီးရွာ၏ အခြေအနေ။

ထိုအချိန်နှင့် အဆက်အောက် နှစ်အနည်းငယ် မဘိမ်းမယိမ်း အချိန်များ၌ ပါဒကြီးရွာ၏အခြေအနေကား-အိမ်ခြေ ၄၀-ကျော် ၅၀-ခန့်ရှိပြီးလျှင် ရွာ၏အနီးရှိ တောထဲ၌လည်း အစုလိုက်အစု လိုက် အိမ်ခြေအနည်းငယ်မျှစီ နေထိုင်ကြပါသေးသည်။ ပါဒ ကြီးရွာအနီးရှိ ကုန်းဘက်၌ တောကြီးမှာမူကား အလွန်ကြီးမား သည့်အတွက် ဆင်မှတပါး အခြားသော တောနေသတ္တဝါများ အစုံရှိပါသည်၊ ထို့ကြောင့်ပင် ပဲခူးမှာ ဆင်၊ သံလျင်မှာ ကျား၊ ဒလမှာ ပျား၊ဟု ဆိုရိုးစကားရှိရာ အလွန် ကျား့ပေါသည်ဟု ပြောစမှတ်ပြုကြပါသည်။ ပါဒကြီးရွာ၏ အရှေ့ဘက်ကွင်းပြင်၌ လည်း ကိုင်းတောကြီးများသာ ဖြစ်၍ ပေါက်ပင်ကြီးငယ်များ

---

* ယခု သောက်တော်ဘွင်းကား ခွဲ့တူးထားသော သောက် တော်တွင်းသာဖြစ်ပါသည်။ ရှေးရှင်ဘုရင်ရှိစဉ်က သောက်တော်တွင်း မှာ သေးသေး ဝိုင်းဝိုင်းဖြစ်ပါသည်။

အုပ်ဆိုင်း ပေါက်ရောက်လျက် နေသောကြောင့် လယ်လုပ်လိုသူများမှာ ၎င်းကိုင်းတောနည်းပါးရာ မြေကွက်၌ မြက်စိမ်းခုတ်ထွင်၍ တတိုးထွန်, သို့မဟုတ် ၄-ကေ ၅-ကေမျှသာ လုပ်ကိုင်စားသောက်ကြပါသည်။ ၎င်းကိုင်းတောကြီးထဲက စာ,များ ခဏခဏလာရောက် စားသောက်ကြသောကြောင့် ပေါက်ပင်ကြီးများပေါ်၌ လင့်စင်ထိုးပြီးလျှင် စပါးမှည့်ချိန်၌ အသံမြည်သော ကိရိယာများဖြင့် စာခြောက်ရပါသည်။ တတိုးထွန် ၁၀-ကေလောက်ကို စပါး တစ်ထောင်-ကိုးရာ,ထွက်သည်ဟု ပြောကြပါသည်။ ၎င်းစပါးများကို ကြိတ်ဆုံနှင့်ကြိတ်,မောင်းနှင့်ဖွပ်ပြီးလျှင် အညာက လှေကြီးများအလာ အညာကုန်များကို ဆန်နှင့်လဲလှယ်၍ စားသောက်ကြရပါသည်။ စားသောက် လဲလှယ်၍မကုန် ကျန်ရှိနေသော စပါးဟောင်းများကို စပါးသစ် သွင်းသောအခါ စပါးစိကိုခွဲ၍ ယက်ထုတ် သွန်ပစ်လိုက်ရပါသည်။ နောက်စပါး တစ်ရာ,ကို ၅၀-ဈေး- ၁၀ိ-ဈေး,ဖြစ်ပါသည်။ တစ်ဆယ်ဈေးဖြစ်သောအခါ အလွန်ဈေးကောင်းသည်ဟု သူထက်ငါ လု၍ ရောင်းချကြပါသည်။ သုံးသော ငွေများမှာလည်း ငါးကျပ်သားစီး,တဆယ်သားစီး ငွေခွက်များသာဖြစ်ပါသည်။ နောက်မှ မိတ်တုံးခေါ်သော နောက်တွဲ ဝိတိုရိယား ဒင်္ဂါးများ ပေါ်လာပါသည်။ နောက်မှ စပါးဈေး တဖြည်းဖြည်း ကောင်းလာသည့်အတွက် ပါဒကြီးရွာသားများ ပုဇွန်တောင်သို့ လှေကြီး လှေငယ်များဖြင့် တင်ဆောင်၍ ကူးသန်းသွားလာ ရောင်းချကြပါသည်။ စားသောက်စရာများနှင့် အထည် ရက်လုပ်ရန် ချည်များကိုလည်း • အောက်လမ်းက သံလျင်သို့ ပါဒကြီးမှ ခြေလျင်သွား၍ သံလျင်ဆိပ်ကမ်းကြမှတဖန် ရန်ကုန်မြို့သို့

လှေ-သမ္ဗာန်,နှင့်ကူးပြီး ဝယ်ယူပြီးလျှင် အလှန်ဆင်းရဲစွာထမ်းပိုး ပြန်လာရပါသည်။

## သံလျင်,ကျောက်တန်း, မော်တော်ကားလမ်း ပေတရာကြီးကို ပထမဆုံး ဖေါက်လုပ်သူ။

သက္ကရာဇ် ၁၂၄၀-ကျော်လောက် ရောက်သောအခါ ကြေးတန်းကြီးအဘိုးရိုး,က သံလျင်သို့သွားရသည်မှာ အောက်လမ်းက ဝေးလည်းဝေး၍မိုဃ်းတွင်းအတွက်သွားလာရန်ခက်သောကြောင့် ကုန်းတန်းက ယခု သံလျင်,ကျောက်တန်း,သွား မော်တော်ကားလမ်းကို ပါဒကြီး ရွာသူ,ရွာသားများနှင့် အနီးအနားရှိ ရွာသူရွာသားများကိုခေါ်၍ လှည်းလမ်းအဖြစ် ခုတ်ထွင် ရှင်းလင်းဖေါက်လုပ်ပါသည်။ တမန်းဦး,တံခါးကိုလည်း လူသွားနိုင်အောင် မိမိ၏ငွေကြေးဖြင့် စိုက်ထုတ်၍ ဆောက်လုပ်လှူဒါန်းပါသည်။ ထိုအခါ ကျောက်တန်းမြို့နေ(ထိုအချိန်က မြို့မဟုတ်သေးအိမ်ခြေ လေးငါးဆယ်ခန့်ထက် မပိုသော ရွာကလေးမျှသာ ဖြစ်ပါသည်) စစ်ဗိုလ်ကြီးသမ္မီးဂျီက ကြေးတန်းကြီးအဘိုးရိုး,အားခေါ်ငင်၍ ပြောပြသည်မှာ သံလျင်သို့ လမ်းလည်း မဖေါက်ပါနဲ့၊ တံတားလည်း မဆောက်ပါနဲ့၊ ဒါဟာ အစိုးရ အလုပ်တွေပါ အစိုးရလုပ်ပါလိမ့်မည်....”ဟု ပြောသော်လည်း “အစိုးရလမ်းဖေါက်မှာက-နောက်- လူအများ ဒုက္ခရောက်နေသည်မှာယခု မျက်မြင်ဖြစ်နေပါသည်”ဟု ပြောဆို၍ သမ္မီးဂျီစကားကိုနားမထောင်ဘဲ ဖေါက်လုပ်ကြရာ ကျိုက်ခေါက်,ဘုရားအရောက်လှည်းလမ်းအကြမ်း ပေါက်သွားပါသည်။ ကျိုက်ခေါက်ဘုရား

က သံလျင့်ရောက် လှည်းလမ်းမှာမူကား ယခင်က ရှိပြီး ဖြစ် နေသည့်အတွက် သံလျင်မှ ကျောက်တန်းရောက် တဆက်ထဲ လှည်းလမ်း ပေါက်သွားပါတော့သည်။ ၎င်းလမ်း ပေါက်ပြီး နောက် အောက်လမ်းလယ်ကွင်းစပ်ကလမ်းကို မသွားကြတော့ဘဲ ယနေ့ထက်တိုင် ကြေးတန်းကြီး အဘိုးရိုး ဖေါက်သော လမ်းက လူအများ သွားလာနေကြပါသည်။ သို့အတွက် ဤသံလျင့်ကျောက်တန်းသွား မော်တော်ကားလမ်းကြီးကား ကြေးတန်းကြီးအဘိုးရိုး၏ လုံ့လဆော်တိုက်တွန်းချက်အရလူထု၏ ကုသိုလ်ကြီးသာဖြစ်ပါသည်။

## စူဠဂဏ္ဍိ မဟာဂဏ္ဍိ ရွှေကျင့်သုဓမ္မာ ဂိုဏ်းကွဲ၍ အဝိကရုဏ်းဖြစ်ကြခြင်း။

ပါဒကြီးရွာသားတို့ နေထိုင်သော အိမ်များမှာလည်း များသောအားဖြင့် သင်ပေါင်းသားဖြင့် ဆောက်လုပ် ထားသော အိမ်များသာဖြစ်၍ သက်ကယ်ဖြင့်မိုးကာနေကြပါသည်။ သစ်ကြီး·ဝါးကြီးများ အလွန်ပေါများသော်လည်း ခွဲစိတ်အသုံးပြုရန် ဉာဏ်ဝင်စားဟန်မတူကြသေးပါ။ ပါဒကြီး အောက်ကျောင်းမှာမူကား သစ်သားတိုင်များနှင့် ပျဉ်းထောင်-ပျဉ်ခင်းဖြစ်ပြီး အမိုးမှာတော့ သက်ကယ်ပင် ဖြစ်ပါသည်။ သက္ကရာဇ် ၁၂၃၀-ကျော်လောက် ရောက်သောအခါ အထက်အညာ အရာတော်ရွာသား လူအမည် ဦးဘိုးမင်း ရဟန်းဘွဲ့ ဦးဝိသုဒ္ဓ အမည်ရှိသော ဦးပဥ္စင်းတပါး ကြွလာပြန်ရာ ၎င်း ဦးပဥ္စင်းနှင့်ကျောင်းထိုင်ဘုန်းကြီး ဦးသီလတို့ အတူတကွ နေထိုင်သီတင်းသုံးရာမှ

ကျောင်းထိုင်ဘုန်းကြီး ဦးသီလလည်း ဤအရပ်၌သာနေ၍ မပျော်ပိုက်သည့်အတွက် အခြားအရပ်တပါးသို့ ကြွသွားပြန်ပါသည်။ ပါဒကြီးရွာ၌လည်း စူဠဂဏ္ဍိုဝါဒ ရွှေကျင်ဂိုဏ်းကို ကိုးကွယ်သူများနှင့် မဟာဂဏ္ဍိုဝါဒ သုဓမ္မာဂိုဏ်းကို ကိုးကွယ်သူများဟူ၍ နှစ်ဂိုဏ်းကွဲပြားနေရာတဘက်နှင့်တဘက် စကားများ ရန်ဖြစ်ကြသောကြောင့် ဤစာရေးသူ၏အဘွားတော်သူ အဘွားချို၏ခါးကို ရိုက်နှက်မိသဖြင့် ခါးကျိုးသွားလေရာ သံလျင်မြို့သို့ (ထိုအချိန်က ကျောက်တန်း၌ ဂါတ်နှင့်ဆေးရုံများမရှိသေးပါ) ထမ်းစင်နှင့်ထမ်းယူသွားပြီးလျှင် ဂါတ်ကို တိုင်ကြားတရားစွဲဆိုခြင်း ခံရဘူးပါသည်။

## ကျုံ့ကန်ရွာ၌လည်း ရိုက်ပွဲဖြစ်ခြင်း။

ထို့အတူ ပါဒကြီးရွာ၏အရှေ့ ကျုံ့ကန်ရွာ၌လည်း သုဓမ္မာဂိုဏ်းကို ကိုးကွယ်ကြသူများနှင့် ရွှေကျင်ဂိုဏ်းကို ကိုးကွယ်ကြသူများ စကားများ ရန်ဖြစ်ကြပြန်ရာ ရွှေကျင်ဂိုဏ်းကို ကိုးကွယ်ကြများ အားနည်းလေရကား၊ ပါဒကြီးရွာသား အမျိုးတော်သူ ဦးရင်ကို့က သွားရောက်ခေါ်ငင်သည့်အတွက် ကျုံ့ကန်ရွာမှ ဦးဘိုးဦး-ဒေါ်မင်းဖြူနှင့် ၎င်းတို့၏သားသမီးများ ဖြစ်ကြကုန်သော ဦးအုံးခိုင်၊ဦးဘိုးထွန်း၊ဦးကျော်ဇံလှ၊ ဘိုးဦးကာ၊ဦးဘိုးဦး၏ညီ ဦးကျော်ဝ၊ ဒေါ်ဂျာ၊ ဦးဇံကြီး၏အမေ ဒေါ်ခွေးတို့ သက္ကရာဇ် ၁၂၃၃-ခုနှစ် ယခုရှိဆဲ ဦးဘစိန်၏အဘေ ဦးချစ်စုနို့စို့အယွယ်လောက်က အိုးအိမ်နှင့်တကွ အုံးပင်များပါမကျန် နုတ်ယူ၍ ပြောင်းရွှေ့လာကြပါသည်၊ ထိုကျုံ့ကန်ရွာမှ ပြောင်းရွှေ့လာသောသူများလည်း ပါဒကြီးရွာအလယ်ပိုင်း၌ နေထိုင်

ကြသည့်အတွက် တောင်ပိုင်းနှင့်အနောက်ပိုင်း တဆက်တည်း ဖြစ်ခါ တအိမ်နှင့်တအိမ် အဆက်မဝေးတော့ဘဲ ရွာတန်းရှည်ကြီးဖြစ်လာပါသည်၊ ထိုအခါ ပါဒကြီးရွာရှိ ရွှေကျင်ဂိုဏ်း ကိုးကွယ်သူများလည်း လူဦးရေ များပြားလာသည့်အတွက် အင်အား ကောင်းလာပါတော့သည်။

## ငါးထပ်ဘုရားကြီးတည်ရာဌာနသို့ ကျောင်းရွှေ့ပြောင်း ဆောက်လုပ်ခြင်းအကြောင်း။

ပါဒကြီးရွာ အောက်ကျောင်း၌ ဘုန်းတော်ကြီး ဦးသီလ, ပါဒကြီးရွာမှ ကြွသွားတော်မူပြီဖြစ်သောကြောင့် ဦးဝိသုဒ္ဓ, တပါးတည်း သီတင်းသုံးနေထိုင်တော်မူလေရာ တခါက တောထွက်ကြီးတပါး ခေတ္တခဏမျှ ရဟန်းဘဝနှင့် အတူနေထိုင်ပါသော်လည်း များမကြာမီ လူထွက်သွားပါတော့သည်၊ ဦးဝိသုဒ္ဓနှင့် ကျောင်းသားများမှာလည်း အောက်ကျောင်း၌ မြေနိမ့်ပိုင်း လည်းကျ, ရေခေတ်နှင့်လည်းနီး, သစ်ပင်များကလည်း အုပ်ဆိုင်း ညို့မှိုင်းနေသောကြောင့် ခဏခဏ ငှက်ဖျား,ဖျားကြသည့်အတွက် သက္ကရာဇ် ၁၂၃၈-ခုနှစ်၌ ဆရာဘုန်းကြီးနှင့် ကျောင်းဒါယကာများ တိုင်ပင်ညှိနှိုင်း၍ ယခု ငါးထပ်ဘုရားကြီး၏ကိုန်းဝပ် စမွယ်တော်မူရာ ကျောင်းတိုက်နေရာသို့ ပြောင်းရွှေ့လာကြပါတော့သည်၊ ၎င်းငါးထပ်ဘုရားကြီးကျောင်းတိုက်၏ ပထဝီ အနေအထားကား သံလျှင်,ကျောက်တန်း,သွား တောတန်းကြီး၏ အရှေ့ဘက်တောင်စောင်း၌ အောက်ခံ ဂဝံကျောက်သားများနှင့် ကျောက်စရစ်မြေပေါ်၌ တည်ထားသည့်အတွက် မိုးသည်း

မည်မျှပင်ရှာစေကာမူ အောက်ခံမြေကြီးများမှာ စုတ်စိုထိုင်းမှိုင်းခြင်းမရှိ၊ မိုယ်းရွာပြီးလျှင်ပြီးခြင်း, ဘိနပ်စီး၍ ကြွသွားနိုင်ပါသည်၊ ဘိနပ်မှာ သဲအနည်းငယ် ပေကျံခြင်းမှတပါး ရွှံ့-နွံ (ညွန်)ပေကျံခြင်းမရှိပါ၊ ကျောင်းဝိုင်း၏မြေတည်ပုံမှာ တောင်စောင်းမှာ တည်ထားသည့်အလျောက် မြေညီနည်းပါးပြီးအဆင့်ဆင့် အုဋ်တံတိုင်း, ကျောက်တံတိုင်းများခတ်၍ မြေနိမ့်ရာသို့ မြေကြီးများ လျှောမသွားရအောင် တားဆီးထားရပါသည်၊ ကျောင်း၏ မြောက်ဘက်မျက်နှာက စမ်းရေရှိသည့်အတွက် အနိမ့်ပိုင်းကနေ၍ ကျောင်းဝိုင်းကိုမျှော်ကြည့်ပါက အုဋ်တံတိုင်း အဆင့်ဆင့်၌ လှပစွာစိုက်ပျိုးထားသော သစ်ပင်, ပန်းပင်များ, သီးမျိုးစုံ, သစ်ပင်မျိုးစုံတို့မှာ တောင်ကမ်းပါးယံ အဆင့်ဆင့်၌ အလိုအလျောက်ပေါက်ရောက်နေသော သစ်ပင်, ပန်းပင်များပမာ လှပစွာ တွေ့မြင်နိုင်ပါသည်၊ ထို့ကြောင့်ပင် တရားကိုရှာသော များစွာသောသူတော်ကောင်းတို့၏ စိတ်နှလုံးကို ရွှင်ပြုံးကြည်နူး အထူးသာသာယာယာ မြေချမ်းသာစွာနေထိုင်စရာကောင်းလှပါတော့သည်၊ ၎င်းကျောင်းကို အနိမ့်ပိုင်းမှအမြင့်ပိုင်းသို့ ကျောင်းနေရာ ပြောင်းရွှေ့လာသော်လည်း ရှေးနာမည်မပျောက်သေးဘဲ ရှေးလူကြီးများက အောက်ကျောင်း ဟုခေါ်ဝေါ်လျှက် ရှိကြပါသေးသည်။

ငါးထပ်ဘုရားကြီးကျောင်းနေရာ၌ ပထမ ကျောင်း
ဆောက်လုပ်လှူဒါန်းကြသော
ကျောင်းဒါတကာများ။

ငါးထပ်ဘုရားကြီးကျောင်းနေရာ၌ ပထမ ကျောင်းကို

ဦးရင်ကို-ဒေါ်စိန်း နှင့် ကြေးဘန်းကြီးအဘိုးရိုးမယ်ဘော် တို့က ဆောက်လုပ်၍ ဘုန်းတော်ကြီး ဦးဝိသုဒ္ဓအား လှူဒါန်းပါသည်၊ ၎င်းနောက် ဦးဘိုးဦး- မယ်မင်းဖြူ တို့က ကျောင်းတဆောင် ဦးကျော်ဝ-ဒေါ်ဂျာတို့ကို ကျောင်းတဆောင် ပထမကျောင်းနှင့် လာကပ်၍ ဆောက်လုပ်လှူဒါန်းကြပြန်ပါသည်၊ ၎င်းကျောင်း မှာလည်း အမိုးမှာ သက်ကယ်မိုးသာဖြစ်ပါသည်။

## ငါးထပ်ဘုရားကြီး ဆရာတော်ဖြစ်မည့် ရဟန်းတော် မန္တလေးမြို့မှ ကြွလာတော်မူခြင်း။

သက္ကရာဇ် ၁၂၄၀ ပြည့်နှစ် ရောက်သောအခါ ဤစာရေးသူနှင့် ယခု ငါးထပ်ဘုရားကြီးကျောင်း ဘုန်းတော်ကြီး ဦးနန္ဒမေဓာ တို့၏ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူသော ပထမ ရွှေကျင် နိကာယ, ရွှေကျင်ဂိုဏ်းကြီး၏ ဂဏာကြွင္ဆ, ဂဏနာယ, ဂဏသာမိ, ဂဏာဓိပတိ, ဖြစ်တော်မူသော မန္တလေးမြို့, မန္တလေးတောင် မြောက်ဘက်စောင်းတန်းအနီး အရံကျောင်းတိုက်ကြီးသေးတိုက် နှင့်တကွ မဟာဓမ္မိကာရာမ တိုက်ကြီးဟုဆိုအပ်သော ရွှေကျင် တိုက်ကြီး ငါးတိုက်တို့ကို အစိုးရတော်မူသော မင်းတုန်းမင်းလှူ တံဆိပ်တော်နှင့် သီပေါမင်းတရား လှူဒါန်းတော်မူသော ဇာဂရာဘိဇေ သဒ္ဓမ္မဝံသ ဓမ္မသေနာပတိ အတုလာဓိပတိ သိရီဝပရ မဟာဓမ္မရာဇာဓိ ရာဇဂုရု ဟူသော သာသနာပိုင်တို့အားသာ လျှူဒါန်းဆက်ကပ်လေ့ ရှိတော်မူသော တံဆိပ်တော် နှစ်တန်ကို အလှူမခံ ပယ်လှန်စွန့်ပစ်တော်မူသော ပထမရွှေကျင်ဆရာ တော်ဘုရားကြီး၏ အထံတော်၌ ဥပဇ္ဈာယ်ယူ တပည့်ကြီးဖြစ်

တော်မူသော ငါးထပ်ဘုရားကြီး ဆရာတော်ဖြစ်မည့် သိက္ခာတော် ကိုးဝါရ *အရှင်ကုသလ ရဟန်းတော်မြတ်သည် မန္တလေးမြို့၌ ပဌမ သင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး လှူပြည်ခြင်း၍ နတ်ထီးဘုံနန်း စံမြန်းတော်မူပြီဖြစ်သောကြောင့် ရဟန်းရော လူပါ အားငယ်တသ စိတ်သောကရောက်နေသည့်အတွင်း နန်းတော်တွင်းကလည်း ရှုတ်ထွေးပွေလိမ် စိတ်မငြိမ်စရာ သတင်းစကားများ အကြိမ်ကြိမ်ကြားရသည့်အတွက် မန္တလေးမြို့မှ စုန်ဆင်းလာခဲ့ရာ ရန်ကုန်မြို့ ပုဇွန်တောင် ကျောက်တိုင်ကျောင်းသို့ ရောက်ရှိ နေထိုင်ပါတော့သည်။

## အဘယ့်ကြောင့် ရွှေကျင်ဆရာတော်ဘုရားကြီးဟု ကျော်ကြားတော်မူပါသနည်း။

ရွှေကျင်ဂိုဏ်းကြီးကို လက်မှန်အစ ပထမ တည်ထောင်မူသော ရွှေကျင်ဆရာတော်၊ မဟာထေရ်မြတ်ကြီးကား သက္ကရာဇ် ၁၁၈၄-ခုနှစ် ဝါဆိုလပြည့်ကျော် ၁၂-ရက်နေ့ ညဉ့် မြန်မာ ၃-ချက်တီးကျော် ၁၃-ရက် အင်္ဂါနေ့သို့အဝင် ကောင်းမြတ်သော အချိန်အခါ၌ အထက်မြန်မာပြည် ရွှေဘိုမြို့တောင်လက်၊ လှတောကြီး ငါးရွာအဝင် ရွှေကျင်ရွာတွင် ခမည်းတော် ဦးမောင်၊

---

*ပါဒနိုင်ငံတော် ရာဇဝင်ဆရာကမူကား အရှင်ကုသလ၏ ငယ်နာမည်ကို မောင်မြတ်စံ၊ ဟု ရေးသားထားရာ ထိုဆရာ၏ ကြံစည်ထားသော အမည်မျှသာဖြစ်ပါသည်၊ ဆရာတော်ကမူကား မည်သူ့အားမျှ မိမိငယ်နာမည်ကို မပြောကြားခဲ့ပါ ဤစာရေးသူထက် ဆရာတော်နှင့် ရင်းနှီး နီးကပ်သူများမရှိပါ။

မယ်တော် မယ်မိတို့မှ ဘွားမြင်တော်မူသည်ဖြစ်၍ ငယ်မည် မောင်သန့်, ရှင်ရဟန်းဘွဲ့ အရှင်ဇာဂရ, ဘွဲ့အမည်တော်ရှိပြီး ရွှေကျင်ရွာ၌ ဘွားမြင်တော်မူသောကြောင့် ရွှေကျင်ဆရာတော်ဟု မြန်မာမဆန့် ကမ္ဘာနှံ့အောင် ကျော်ကြားတော်မူသော ဆရာတော်ဘုရားကြီးဖြစ်ပါသည်။

## ငါးထပ်ဘုရားကြီး ဆရာတော်ဖြစ်မည့် ရဟန်းတော် ပါဒရွာကြီးသို့ ကြွရောက်တော်မူလာခြင်း။

ငါးထပ်ဘုရားကြီး ဆရာတော်ဖြစ်မည့် ရဟန်းတော်မြတ်မှာ လည်း ရန်ကုန်ပုဇွန်တောင် ကျောက်တိုင်ကျောင်း၌ သီတင်းသုံးနေတိုင်တော်မူစဉ်အတွင်း ရှေးယခင်အခါက သိရှိတော်မူရင်းဖြစ်၍ မိမိ၏ ရွှေချက်သိုရာ, အရာတော်ရွာ၌ သာမဏေဘဝက အတူတကွ နေထိုင်ဘက်ဖြစ်တော်မူသော ဒင္ဓိမိတ္တ, ဖြစ်သူ ပါဒကြီးရွာ၌ သီတင်းသုံးနေထိုင်တော်မူသော ဘုန်းတော်ကြီး ဦးဝိသုဒ္ဓ, ရန်ကုန်မြို့ ကျောက်တိုင်ကျောင်းသို့ ကြွလာတော်မူခိုက်နှင့် ကြုံကြိုက်တော်မူလေရာ ရှေးယခင်ကပင် ပါဒကြီးရွာသို့ ကြွလာလိုစိတ်များရှိထားသည့်အတွက် ဘုန်းတော်ကြီး ဦးဝိသုဒ္ဓ နှင့်အတူ ပါဒကြီးရွာသို့ လိုက်လာခဲ့ပါသည်။

## ကျောင်းထိုင်ဘုန်းကြီး ပရိသုဒ္ဓပြုခြင်း။

ပါဒကြီးရွာသို့ရောက်သောအခါ ငါးထပ်ဘုရားကြီး ဆရာတော်ဖြစ်မည့် ရဟန်းတော်မှာ ယခု ဇရပ်တန်း၏ မြောက်ဘက် သီလရှင် ဒေါ်ပုည,၏ခြံထဲ၌ ဦးရွှေတုတ်ကဆောက်လုပ်၍ ရှေးက ဘုန်း တော်ကြီးတပါး စွန့်ပစ်၍သွားသောကျောင်းမှာသီတင်းသုံး

နေထိုင်တော်မူပါသည်၊ ထိုသို့ တကျောင်းတိုက်တည်းနေဘုန်းတော်ကြီးနှစ်ပါးမှာ ကျောင်းနေရာ ကွဲပြားနေသည့် အတွက် တပါးစီ သီတင်းသုံးနေထိုင်တော်မူရာ ကျောင်းဒါယကာ ဦးရွှေတုတ်,က မိမိကျောင်းကိုဖျက်၍ ပထမကျောင်းနှင့် လာကပ်လျက် ဆောက်လုပ် လှူဒါန်းပြန်ပါသည်၊ ထိုအခါတကျောင်း တတိုက်တည်း၌ဘုန်းတော်ကြီး နှစ်ပါးတို့မှာပျော်ပိုက်ရွှင်ပြုံး အတူတကွ သီတင်းသုံးနေထိုင်တော်မူကြစဉ်အတွင်း+သက္ကရာဇ် ၁၂၄၃-ခုနှစ် ရောက်သောအခါကျောင်းထိုင်ဘုန်းကြီး‡ဦးဝိသုဒ္ဓပရိသုဒ္ဓ(လူထွက်သွား) ပြုသွားပြန်သောကြောင့် မိမိတပါးတည်းသာ ကျန်ရှိနေသည့်အတွက် အောက်အရပ်ဒေသကား မိုးကလည်းရွာ,အညာနှင့် ရာသီဥတုကလည်း ကွာပြီးလျှင် မိမိအားကိုးစရာ ဘုန်းတော်ကြီး ဦးဝိသုဒ္ဓလည်း မရှိတော့သည့်အတွက် စိတ်အနှောင့်အယှက်ဖြစ်ခါ အထက်အညာသို့ ပြန်ကြွသွားတော့မည့်အကြောင်းကိုမိမိ၏စတုပစ္စယာ ဒါယကာဒါယိကာမများ ဖြစ်ကြကုန်သောဦးရင်ကို,ဒေါ်စိန်း, ကြေးတန်းကြီးအတိုးရိုးမယ်တော်, ဦးဘိုးဦး,မယ်မင်းဖြူ, ဦးကျော်ဝ, ဒေါ်ဂျာ တို့အား ပန်ကြားတော်မူလေရာ

---

+ရိုက်နှိပ်ပြီး ငါးထပ်ဆရာတော်ဘုရားကြီး၏။ထေရုပ္ပတ္တိ အကျဉ်းချုပ်၌ တနှစ်သာ ဘုန်းကြီး ဦးဝိသုဒ္ဓ,နှင့်အတူ သီတင်းသုံးသည် ဟု ငါးထပ်ဆရာတော်ဘုရားကြီး,က မိန့်ကြားတော်မူသော်လည်း ယခုရှိ ဆဲတပည့်များက အခိုင်အမာ လေးနှစ်ခန့်အတူ သီတင်းသုံးနေတော်မူသည်ဟု ပြောကြားသည့်အတွက် ၁၂၄၃ ခုနှစ်မှ ဦးဝိသုဒ္ဓ,ပရိသုဒ္ဓ ပြုသည်ဟု ပြင်လိုက်ပါသည်၊ ဆရာတော်ဘုရား ခမ့ပြောဟန် တူပါသည်။

ရှင်းဒါယကာကြီးဒါယိကာမကြီးများကဘုရားတပည့်တော်ဘုရားတပည့်တော်မတို့အား ခိုကိုးရာမဲ့ဖြစ်အောင် စွန့်ပစ်၍ ကြွသွားတော်မမူပါနှင့်ဘုရား အရှင်ဘုရား ကြွသွားတော်မူပါက ဘုရားတပည့်တော်များနှင့် ကျောင်းသားများမှာ ဖရိုဖရဲပြိုကွဲ ပျက်စီးရန်သာ အကြောင်းရှိပါတော့သည်၊ သို့အတွက် ဘုရားတပည့်တော်များအား ငဲ့ညှာ သနားသောအားဖြင့် နည်းကောင်းပြသဆိုဆုံးမ၍ ဤပါဒကြီးရှာ၌သာ သီတင်းသုံး နေထိုင်တော်မူပါ၊ ဘုရားတပည့်တော်များကလည်း ပစ္စည်းလေးပါး မညှိုးနွမ်းရအောင် လှူဒါန်းဆက်ကပ်ပါမည်ဟု အကြိမ်ကြိမ် လျှောက်ထားကြသည့်အတွက် ငဲ့ကွက် သနားသောအားဖြင့် မိမိ၏ ဇာတိအရာတော်ရှာ၌ တဝါ သီတင်းသုံးခြင်းမှတပါး ဤပါဒကြီးရှာ၌သာ အသက်တော်ရှည်သရွေ့ ကာလပတ်လုံး သီတင်းသုံး နေထိုင်တော်မူပါသည်။

## ဒါယကာများ အကုသိုလ် မပွားရအောင်

## အပေါင်းအသင်း အနည်းငယ်ပြင်ခြင်း

ထိုသို့မိမိအား ပါဒကြီး ရှာသူရှာသားများက ဆိုဆုံးမရန်အကြောင်း တောင်းပန် လျှောက်ထားသောအခါ၌ ပိုင်ပိုင်နိုင်နိုင် ပြောဆို ဆုံးမနိုင်ပြီဖြစ်ရကား ဗုဒ္ဓဘာသာဝင်ခြင်းဖြစ်လျက် ရွှေကျင်ဂိုဏ်း, သုဓမ္မာဂိုဏ်း ကွဲရုံမျှနှင့် ငရဲ မလားကြ စေလိုကြောင်း သုဓမ္မာကို့ကိုးကွယ်သူဖြစ်စေ, ရွှေကျင်ကို့ ကိုးကွယ်သူဖြစ်စေ ရိုက်ပွဲတွေဖြစ်နေလျှင် ဘုန်းကြီးတွေကို ကွဲရှဲနေလျှင် အဘယ်မှာလျှင် ကောင်းနိုင်ပါမည်နည်း ကိုယ်ကောင်းမှ ကောင်း

ပေမည်၊ ကိုယ်မကောင်းလျှင် ဘယ်ဂိုဏ်းဖြစ်ဖြစ် ဂိုဏ်းကကောင်း အောင်မလုပ်နိုင်ဟု ဒါယကာ ဒါယိကာမများအား မိန့်ကြား တော်မူပြီးလျှင် မိမိလည်း ရှေ့က ရွှေကျင်ဂိုဏ်း တူ ၍သာ ဝပါင်းသင်း ဆက်ဆံပါသော်လည်း နောက်ကျသောအခါ ဒိဋ္ဌ သုတ ပရိသင်္ကိတဟု ဆိုအပ်သော အကြောင်းသုံးပါးမှ လွတ် သော သုဓမ္မာဂိုဏ်းများနှင့်လည်း ကံကြီး ကံငယ် ဆောင်ရွက်၍ ပေါင်းဘက်တော်မူပါသည်၊ ထိုအခါ ပါဒကြီးရွာ၌ သုဓမ္မာ ကိုးကွယ်သူများလည်း ကျေနပ်ရွှင်ပြုံး၍ ရွှေကျင် ကိုးကွယ် သူများနှင့်တစည်းတလုံးထဲဖြစ်ခါ ငါးထပ်ဘုရားကြီး ဆရာတော် ဖြစ်မည့် ရဟန်းတော်မြတ်၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် တို့ကို တဖြည်းဖြည်း ယုံကြည်လေးစား အားထား လေရကား အောက်ပြည့်၍ စပါးဈေးကောင်းခိုက်နှင့် ကြုံကြိုက်သောကြောင့် ပါဒကြီးရွာ၏ အခြေအနေမှာ လူနေအိမ်ခြေများပြား ဥစ္စာစီး ပွား တိုးတက်လာသည့်အလျောက် သက်ကယ်ကျောင်းဘဝမှ ယခုပြဆိုလတ္တံ့သော အလွန်ကြီးကျယ်ခန်းနား ငါးထပ် ရှပ်ပွား တော်မြတ်ကြီးနှင့်တကွ ကျောင်းကြီး ကျောင်းငယ် ဇရပ်အသွယ် သွယ် လျှပ်စစ် ဓာတ်မီးများပါ သွယ်တန်းလျက် ရေစက်ပါ တဖုံ အလွန်ပြည့်စုံသော ကျောင်းတိုက်ကြီးအဖြစ်သို့ဆိုက်ရောက် လာပါတော့သတည်း။

## ကျောင်းသစ်များ ဆောက်လုပ်လှူဒါန်းကြခြင်း။

သက္ကရာဇ် ၁၂၅၇-ခုနှစ် ရောက်သောအခါ လေကြီး မိုးသည်း ကြီးလာသောကြောင့် ကျောင်းဆောင်အားလုံး ပျက်ပြုန်း ပြို ကျသွားလေရာ ကျောင်းသုံး ပရိဘောဂများပါမကျန်အတော်

အတန် ပျက်စီး သွားပါသည်၊ ထိုအခါ ကျောင်းဟောင်းက သစ်သားများကိုအသုံးမပြုတော့ဘဲ ကျွန်းသား, အင်သားအသစ်များဖြင့် ယခုကျောက်ဆင်းတုဘုရားသိတင်းသုံးတော်မူရာ တိုက်ကလေး နေရာ၌ စမုခ်ဆောင်နှင့်တွဲလျက် အရှေ့ဘက်ကပထမ ဦးရွှေတုတ်, ဒေါ်ချိန်တို့က, ကျောင်းတဆောင်၊ ၎င်းကျောင်းပုံစံအတိုင်း အနောက်ဘက်က ဒုတိယဦးမောင်ကလေး, ဒေါ်ခင်တို့က, ကျောင်းတဆောင် ဆောက်လုပ်လှူဒါန်းကြပါသည်၊ ၎င်းကျောင်းမှာ ဘေးကနေကြည့်လျှင် စမုခ်ဆောင် နှစ်ဆောင်နှင့် တကျောင်းတည်းကဲ့သို့ ထင်ရသော်လည်း ကျောင်းပေါ် တက်ကြည့်မှ တောင်နှင့်မြောက်, အလယ်တည့်တည့် ပျဉ်အခင်းပါဖြတ်ထားသောကြောင့် ကျောင်းနှစ်ကျောင်းဖြစ်ကြောင်း သိရပါသည်၊၎င်းကျောင်းများမှစ၍၊နောက်ဆောက်သောအဆောက်အဦးများမှာ သွတ်မိုးများသာ ဖြစ်လာပါတော့သည်။

## ကြီးပွားလတ္တံ့သော တိတ်ကြီး, နိမိတ်ကြီး။

ငါးထပ် ဆရာတော်ဘုရားကြီး လက်ထက် ပထမ ဆုံးဆောက်သော ဦးမောင်ကလေးကျောင်း၏ ကွန်းတိုင်စိုက်ရန်မြေကြီးတူးသောအခါ ထိပ်ဝ နှစ်ပေ,ကျော်ခန့်ရှိ ကြေးနီလင်ပန်းကြီး လေးချပ်ထပ်လျက် တွေ့ရပါသည်၊ ထိုအခါ ဆရာနှင့် ဒကာ, တို့မှာ ဝမ်းမြောက်ဝမ်းသာ ဤနေရာ ဌာနကား ဘူမိနက်သန့်,မှန်၍ 'ကြေး' (ကြီး) ဆိုသည့် အတိုင်းမချွတ်ကေန် အမှန်ကြီးပွား သာသနာတော် ထွန်းကားမည့်ကျောင်းတိုက်နေရာကြီး ဖြစ်ပေဘော့မည်ဟု အုတ်အုတ်, ကျက်ကျက်, နှစ်သက်ကြည်နူး အထူး အားတက် လာကြပါ

သည်။ ဤကျောင်းတိုက်နေရာကား ပါဒမြို့ ကောင်းစားစဉ်က မြို့ဟောင်းနေရာ ဖြစ်သည့်အတွက် ရှေးဟောင်း ပစ္စည်းများ တွေ့ရှိတတ်လေရာ ဤစာရေးသူငယ်ငယ် ကျောင်းသားအရွယ်က မြက်နုတ် သုတ်သင်နေကြစဉ် ထိပ်ဝ ဆယ်လက်မခန့်ရှိသော ကြွေးဝါ ဖလားကြီးနှစ်လုံးနှင့် ၎င်းဖလားကြီးထဲ၌ ပုဂံလုံးကြီးများပါ တွေ့ရှိရပါသည်၊ ပုဂံလုံးကြီးများကား နှစ်ပေါင်း အလွန်ကြာမြင့်သည့် အတွက် ဆွေးမြေ့ကြေကွဲ၍နေလေပြီ ကြွေးဖလားကြီး တလုံးမှာလည်း ကြွေးညိုစွဲ၍ ပေါက်နေလေပြီ၊ ကြွေးဖလားကြီး တလုံးမှာကား ယနေ့ထက်တိုင် ကျောင်း၌တွေ့မြင်နိုင်ပါသေးသည်။

## တတိယကျောင်း။

၁၂၆၂-ခုနှစ် ရောက်သောအခါ ဘုရားဒါယကာကြီး ဦးပေတိုး ဒေါ်ငြိမ်း တို့က ရှစ်ပတ်လည်တိုင် လေးပင် ပတ်လည်ရေလယ်လယ်ပေါ်နှင့်အားလုံးအလွန်ကောင်းမွန်သောပထမတန်း ကျွန်းသားဒုကြီး၊ ဗျက်ကြီးများဖြင့် ထိုခေတ်က ငွေသုံးထောင်ကျော် အကုန်ခံ၍ ဆောက်လုပ် လှူဒါန်းပါသည်၊ ၎င်းကျောင်း၌ ကျေးဇူးရှင် ငါးထပ်ဆရာတော်ဘုရားကြီး အသက်ရှည်တော်မူသရွေ့ကာလပတ်လုံး သီတင်းသုံး နေထိုင်တော်မူသွားပါသည်။

## ငါးထပ်ဘုရားကြီးဆရာတော် သီတင်းသုံးတော်မူသော ကျောင်း မီးလောင်ခြင်း။

၎င်းကျောင်းကြီးမှာ ၁၃၁၇-ခုနှစ် တပို့တွဲလဆန်း ၁၃-ရက်နေ့ ည၌ ၁၂-နာရီခန့်က မီးလောင်သွားလေပြီ၊

ရင်းကျောင်းကြီး မီးလောင်ပါသော်လည်း ရင်းကျောင်း ကြီးနှင့် တစ်ဆယ့်နှစ်ပေကွာ ငါးထပ်ဘုရားကြီးသိတင်း သုံးတော်မူသော တန်ဆောင်းတော်ကြီးကို မီး မခသွား သည်မှာ (ငါးထပ်ဘုရားကြီး၏တန်ခိုးတော်ကြောင့်သာ ဖြစ်ပါသည်၊ တန်ခိုးတော်၏အကြောင်းကို ဘုရားတည် ရာ အခဏ်း၌ သီးခြားရေးသားပါမည်) ပါဒကြီး ရှာသူ ရှာသားများ၏ အသက်စွန့်၍ကာကွယ်မှု၊ ကျောက်တန်း ဂါတ်နှင့်သံလျင်ဂါတ်တို့၏အရေးယူ၍အချိန်မှီတယ်လီဖုံး နှင့် အကြောင်းကြားပေးမှု၊ ကျောက်တန်းမီးသတ်နှင့် သံလျင်မီး သတ်တို့၏ ဝိုင်းဝန်းကူညီ ငြိမ်းသတ်မှု၊ နိုင်ငံ တော် အစိုးရတို့၏ ပါဒကြီးရွာအတွက် မဖြစ်မကျယ် အလှန်သေးငယ်သော ရွက်ထည်ကန်ကလေးနှင့် ရေစုပ် တုံကင်ကလေးကို ပေးကမ်းထားမှုတို့ကြောင့်သာ ဖြစ်ပါ သည်။ ထို့ကြောင့် ကျောင်းကြီးကို မီးလောင်ရာ၌ တန်ဆောင်းကြီးကို မီး ခ မသွားရအောင် သို့မဟုတ် မီးမကူးစက်အောင်ကူညီ ငြိမ်းသတ်ကြကုန်သောအထက် ပါ အဖွဲ့အသင်းဝင်ပုဂ္ဂိုလ်များနှင့် ဂါတ်တဲများအား ပါဒကြီး ရွာသူရွာသား လူကြီးများနှင့်တကွ ငါးထပ် ဘုရားကြီးကျောင်း ဘုန်းတော်ကြီး က အထူး ကျေးဇူး တင်ရှိပါကြောင်းကို ဤ "ငါးထပ်ဘုရားကြီးသမိုင်း" စာအုပ်၌ ဝမ်းမြောက်ဝမ်းသာ မှတ်တမ်းတင်ထားကြ ပါသည်။

## စတုတ္ထ တိုက်ကျောင်း

၁၂၇၅-ခုနှစ်၌ တိုက်ကျောင်းကြီးကို ဦးဘိုးချို, ဒေါ်လှ အေး့တို့က ငွေတစ်သောင်းကျော် အကုန်ခံ၍ ဆောက်လုပ် လှူ ဒါန်းပါသည်။

## ပဥ္စမ ဘုရားတိုက်

၁၂၈၃-ခုနှစ်၌ ကျောက်ဆင်းတုတော်ကြီး သိတင်းသုံးတော် မူရာတိုက်ကလေးကို ဒေါ်ချိန့်အနိစ္စမရောက်မီကကျောင်းပြင်ရန် ရေစက်ချထားသော ငွေငါးရာ့ကို မ့တည်လျက် ဦးရွှေတုတ်, ဒေါ်ချိန့်တို့၏ သားသမီးများ ဖြစ်ကြကုန်သော ဦးဘိုးကြင်, ဒေါ်ဝိသာ့တို့က အဌလှူ၍ ၎င်းတို့ ကျောင်းဟောင်းက သစ် သား့တံခါး့ သွတ်များနှင့် ဦးအောင်ဘန်း့ ဒေါ်ကျေး့တို့က ဆောက်လုပ်လှူဒါန်းပါသည်။ ၎င်း ဦးအောင်ဘန်း,ဒေါ်ကျေး တို့ကပင် ကျောင်းရှိ ရဟန်း့သာမဏေ့များနှင့် ကျောင်းသား များနေ့စဉ် ရှိခိုးဝတ်ပြုကြရန် အဘိုးငွေ တစ်ထောင်ကျော်တန် ကျောက်ဆင်းတုတော်ကြီးကို ပူဇော်ထားပါသည်။၎င်းကျောက် ဆင်းတုတော်ကြီး သိတင်းသုံးရန် ဂန္ဓကုဋိတိုက်တော်ကိုလည်း ရွှေဇဝါ ပန်းခက်များဖြင့် လှပတင့်တယ် အလွန်သပ္ပါယ် ကြည် ညိုဘွယ်ဖြစ်အောင် မှန်စီရွှေချထားပါသည်။

## ဆဌမ ပိဋကတ် တိုက်ကျောင်း။

၁၂၉၉-ခုနှစ်၌ တိုက်ကျောင်း ဒါယကာကြီး ဦးဘိုးချို့က မ့တည်၍ ပျံလွန်တော်မူသော ကျေးဇူးရှင် ငါးထပ်ဆရာတော် ဘုရားကြီး နိဗ္ဗာန်ကျောင်းချရန်နှင့် ကျောက်ပုံတော် ထားရှိ

ကိုးကွယ်ရန် ရည်ရွယ်၍ ဆရာတော်ဘုရားကြီး၏ ရုပ်ဝေး ရုပ်နီး နေ၊ တပည့်များ တိုင်ပင်စုဆောင်းပြီးလျှင် ရှာဘုံ ဆောက်လုပ် လှူဒါန်းပါသည်၊ ၎င်းတိုက်ကျောင်းမှာ တံခါးမရှိသည့်အတွက် ဤစာရေးသူ ဦးကျော် နှင့် ဇနီး ဒေါ်စိန်မေ တို့က ငွေ တစ် ထောင့်တစ်ရာ့ငါးဆယ် အကုန်ခံ၍ တံခါးများနှင့် အလျား နှစ်ဆယ့်နှစ်ပေ, အနံ တစ်ဆယ့်နှစ်ပေ ရှိ ကွပ်ပျစ် အခင်းများ ကိုပါ ပြုလုပ်လှူဒါန်းပါသည်။ ကျောင်းရှိ ပိဋကတ်များကိုလည်း ရွှေ့ပြောင်း၍ ပိဋကတ်တိုက်အဖြစ် ပူဇော်ထားပါသည်။

## သိမ် သမုတ်ခြင်း။

ငါးထပ်ဘုရားကြီး ကျောက်တိုက်အတွင်းရှိ သိမ်ကို ၁၂၄၉-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄-ရက်နေ့၌ သိမ်ပျက်ခြင်း အင်္ဂါ တစ်ဆယ့်တစ်ပါးကို ကျော်လွန်၍ သိမ်ဖြစ်မြောက်ခြင်း အင်္ဂါသုံးပါးနှင့် ပြည့်စုံစွာ သမုတ်တော်မူပါသည်။ ပထမ သိမ် ကျောင်းကို ဦးကင်း နှင့် ဇနီး ဒေါ်နှင်းဦး တို့က ဆောက်လုပ် လှူဒါန်းပြီးလျှင် လျောင်းတော်မူဘုရား ရဟန္တာများ ဝတ်ပြုနေ ဟန်ပါမကျန် ကိုးကွယ် ပူဇော်ထားပါသည်။

## ဒုတိယ တိုက်သိမ်။

ဒုတိယ တိုက်သိမ် ကို ၁၂၇၆ ခုနှစ်၌ ဦးအောင်ဘန်း, ဒေါ် ကျေး တို့က ငွေငါးထောင်ကျော် အကုန်ခံ၍ ဆောက်လုပ် လှူ ဒါန်းပါသည်။

## ပဉ္စမ ဆွမ်းစားကျောင်း။

၁၂၅၇-ခုနှစ၌ ပဉ္စမ ဆွမ်းစားကျောင်း ကို ဦးရင်ကို,

ဒေါ်စိန်နှံ့၊ ကြေးတန်းကြီး အဘိုးရိုး၊ မယ်ဘော့၊ ဦးရွှေတုတ်၊ ဒေါ်ချိန်တို့၏ ကျောင်းဟောင်းက သစ်သားများနှင့် ရှာဘုံစု၍ ဆွမ်းစားကျောင်းအဖြစ် ဆောက်လုပ်လှူဒါန်းပါသည်။ ထိုအချိန်မှ စ၍ ရှေးကကျောင်းနှင့် ဆွမ်းစားကျောင်း တွဲထားရာမှ တကျောင်းစီ ကွဲပြားလာပါတော့သည်။ ပဥ္စမကျောင်းနှင့်လာ၍ လာ၍၊ ကပ်ဆောက်ကြသော ကျောင်းဆောက်နည်းကိုလည်း အသုံးမပြုတော့ဘဲ တကျောင်းစီ ကွဲပြားဆောက်လုပ် လှူဒါန်းကြပါတော့သည်။

## ဒုတိယ ဆွမ်းစားကျောင်း။

ဒုတိယ ဆွမ်းစားကျောင်းကို ၎င်းတို့၏ မိဘများဖြစ်ကြကုန်သော ဦးဘိုးဦး၊ မယ်မင်းဖြူ့တို့၏ ကျောင်းဟောင်းက သစ်သားများနှင့် ဦးအုံးခိုင်၊ ဒေါ်ကြီးကြီး၊ တို့က ဆောက်လုပ်လှူဒါန်းကြပါသည်။

## တတိယ ဆွမ်းစားကျောင်း။

တတိယ ဆွမ်းစားကျောင်းကို ၁၂၇၄-ခုနှစ်၌ ဦးမောင်ကလေး၊ ဒေါ်ခင့်တို့၏ ကျောင်းဟောင်းက သစ်သားများနှင့် ရှာဘုံစု၍ ဆောက်လုပ်လှူဒါန်းပါသည်။

## ယခုရှိဆဲ စတုတ္ထ ဆွမ်းစားကျောင်း။

ယခု မျက်မြင် စတုတ္ထ ဆွမ်းစားကျောင်းကို ၁၃၁၁-ခုနှစ်၌ ဒုတိယ ဆွမ်းစားကျောင်း၏ အဆက်အနွယ်များဖြစ်ကြကုန်သော ဦးဘိုးမြန်း၊ ဒေါ်သက်ပြင်း၊ တို့က ကွန်ကရစ်၊ သံဘိနပ်များခံ၍

ခေတ်မှိခန်းဆီး, မျက်နှာကြက်, ဓါတ်မီးချောင်းများပါ မကျန် ငွေတစ်သောင်းကျော် အကုန်အကျခံ၍ ဆောက်လုပ် လှူဒါန်း ပါသည်။

## ကုဋီ။

ငါးထပ်ဘုရားကြီး ကျောင်းတိုက်တွင်းရှိ ဘုန်းတော်ကြီးများ သွားလာရန် ကုဋီကို ဦးမောင်သင်း,ဒေါ်မင်းသူ,တို့က ဆောက် လုပ်လှူဒါန်းပါသည်၊ ၎င်းကုဋီမှာ မြေငင်အောက်ခြေတိုင်များ ဆွေးမြေ့ပျက်စီးသွားသည့်အတွက် အောက်ခံကွန်ကရစ်ဘိနပ် များနှင့်တကွ အညစ်အကြေးစွန့်ပစ်ရာအဌတွင်း ရေပိုက်လုံးများ ကိုပါ သားဖြစ်သူ ဦးစိုးရှိန်, ဒေါ်သိန်းမေတို့က အတိုးငွေ လေးရာ့ရှစ်ဆယ့်ငါးကျပ် အကုန်ခံ၍ ပြုလုပ်လှူဒါန်းပါသည်။ ရဟန်းသာမဏေများ သွားလာရန် ကုဋီကို ဦးစံမွန်း-ဒေါ်သက် နှင်းတို့က ဆောက်လုပ် လှူဒါန်းပါသည်။ ၎င်းသစ်သား ကုဋီ ပျက်စီးသွားသောအခါ သားဖြစ်သူ ဦးလူလေး- ဒေါ်မြရင်တို့ က အတိုးငွေ ငါးရာ့တစ်ဆယ် အကုန်ခံ၍ အဌကုဋီဆောက်လုပ် လှူဒါန်းပါသည်။

## ဇရပ်များနှင့် ဇရပ်ဆောက်လုပ်လှူဒါန်းကြသော ဒါယကာများ။

၁၂၄၂-ခုနှစ်လောက်၌ ငါးထပ်ဘုရားကြီးအရှေ့ဘက်၊ သမိ သာ မင်းညီစု,နေ ဦးထွန်းအောင်နှင့်ဇနီးတို့က ယခုရှိဆဲ ပိဋကတ် တိုက်အရှေ့ဘက်၌ကပ်လျက် လေးပင် သုံးပင်အောက်ခံ သမံတ

လင်းခင်းမြေစိုက်ဇရပ်တဆောင် ဆောက်လုပ် လှူဒါန်းပါသည်၊ ၎င်းဇရပ် မရှိတော့ပြီ။

ထို့နောက် ယခု ခြသေ့်ကြီးတည်ရာနှင့် စပ်လျက် ယခုရှိဆဲ ဦးမောင်ကလေး တန်ဆောင်းနေရာ၌၊ ဦးကင်း့နှင့် မယ်နှင်းဦး့ တို့က ဇရပ်တဆောင် ဆောက်လုပ်လှူဒါန်းပါသည်၊ ၎င်းဇရပ် လည်း မရှိတော့ပြီ။

၁၂၅၆-ခုနှစ်၌ဦးမောင်ကလေး့ဒေါ်ခင်တို့က ၎င်းတို့ဆောက် လုပ်လှူဒါန်းသော ယခုရှိဆဲတန်ဆောင်းရှိ ခေါင်းလောင်း ထောင့်နှင့် တစ်ဆယ့်နှစ်ပေကွာ ငါးပင့်လေးပင့်မျက်နှာကြက် သဘော်ဆေးသုတ် နောက်က့ မီးဖိုဆောင်ကပ်ပြီးလျှင် ဘေး ပတ်လည် နှစ်တစ်လက်မ့ ပျဉ်ခင်းလျက် ကျွန်းသားများဖြင့် ခေတ်မှီစွာ သွတ်မိုး၍၊ ဇရပ်တဆောင် ဆောက်လုပ်လှူဒါန်း ပါသည်၊ ထိုခေတ်က ၎င်းဇရပ်မှာ အကောင်းဆုံးဇရပ်ဖြစ်သည့် ပြင် နှစ်ပေါင်းငါးဆယ်ခန့်ကြာ၍ တိုင်ခြေ ပြတ်သောကြောင့် ဖျက်ပြီးလျှင် ပြန်ဆောက်သောအခါ၌လည်း သစ်သားကောင်း အတော်များများ ပြန်ရပါသေးသည်။

၁၂၇၂- ခုနှစ်၌ အထက်ပါ ဦးမောင်ကလေး့ ဇရပ်၏ အနောက်ဘက် နှစ်ဆောင်တွဲ အနောက်ဘက်က ရေလည်နှင့်တွဲ လျက် ဇရပ်တဆောင်ကို ဦးစံလှ့က ဆောက်လုပ် လှူဒါန်းပါ သည်။

၁၃၁၁-ခုနှစ် ရောက်သောအခါ အထက်ပါဇရပ်နှစ်ဆောင် မှာ ပျက်စီးယိုယွင်းနေပြီ ဖြစ်သောကြောင့် ဖျက်ယူ၍ ၎င်းတို့၏

သားသမီးများဖြစ်ကြကုန်သော ဦးဘဘော၊ဒေါ်ဖွားရှိတို့က ငွေ သုံးထောင်ကျော်အကုန်ခံ၍ ကွန်ကရစ်သံဘိနပ်များနှင့် မီးဖိုပါ တွဲလျက် အနောက်ဘက်ဆုံးက ဇရပ်တဆောင် ဆောက်လုပ် လှူဒါန်းပါသည်။

ငါးထပ်ဘုရားကြီးမှာလည်း တနေ့တခြား အလွန်တန်ခိုးကြီး လာသည်ဖြစ်၍ မော်တော်ကားများနှင့် ဘုရားဖူးများ နေ့စဉ် မပြတ် လာရောက်ကြသောကြောင့် ဘုရားဖူး မော်တော် ကားများ ချောင်ချိစွာ လှည့်ပတ်နိုင်စေရန်နှင့် ဇရပ်ဥပစာများ ကျယ်ပြန့်စေခြင်းအကျိုးငှါ မြောက်ဘက်သို့ ပေနှစ်ဆယ်ကျော် ခန့် နောက်ဆုတ်၍ ဇရပ်များကို ဆောက်လုပ်စေပြန်ပါသည်။

၁၃၁၁-ခုနှစ်၌ပင်လျှင် ၎င်းဦးဘဘော၊ဇရပ်၏ အရှေ့ဘက်က ဇရပ်ကို အဘိုး ဘိုးထွန်းကျော်၊က ငွေနှစ်ထောင်ကျော်အကုန်ခံ ၍ ဆောက်လုပ်လှူဒါန်းပါသည်။

၎င်း အဘိုး ဘိုးထွန်းကျော်၊ဇရပ်၏ အရှေ့ဘက်က ဇရပ်ကို သီလရှင် ဒေါ်ဝဏ္ဏ၊ဒေါ် ဒေါ်ရှင်၏သား ပြည်တော်သာတိုက် ရှင် မောင်ထွန်းရီ၊ ဇနီး မသန်းကြည်တို့က မတည်၍ ညီအစ်ကို မောင်နှမတစုတို့က ငွေသုံးထောင်ကျော် အကုန်ခံ၍ ဆောက် လုပ်လှူဒါန်းပါသည်။

၁၂၉၀-ပြည့်နှစ်၌ ခြသေ့်ရှေ့ရှိ ပထမ ဇရပ်ကြီးကို ဘုရား ဒါယကာကြီး ဦးပေတိုး-ဒေါ်ငြိမ်းတို့က လေးပင်ပတ်လည် နေ ရောင်ကာ လေးဘက်အလုံ ရှာဒိုးကာ၊ တံခါးပိတ် အပြည့်အစုံ နှင့် ဆောက်လုပ်လှူဒါန်းပါသည်၊ ၁၃၁၄-ခုနှစ်သို့ရောက်သော

အခါ အထက်ပါဇရပ်ကြီးကိုဖျက်၍ သီလရှင် ဒေါ်ပုညဲ၏ဇရပ်နှင့်ပေါင်းပြီးလျှင် ၎င်းတို့၏ သားသမီးများ ဖြစ်ကြကုန်သော ဦးဖေကိုး-ဒေါ်အေးကြိုင်တို့က ငွေလေးထောင်ခန့် အကုန်ခံ၍ ကွန်ကရစ်သံဘိနပ်များနှင့်ထပ်မံပြင်ဆင်ဆောက်လုပ်လှူဒါန်းပြန်ပါသည်။

၎င်းဇရပ်၏အရှေ့ဘက် မြေစိုက်ပြာသာဒ်ကို ခြေတော်ရာ ထားရန် ရည်ရွယ်၍ ဦးပေတိုး,ဒေါ်ငြိမ်းတို့က ဆောက်လုပ်လှူဒါန်းပါသည်။ ထို့နောက် ငါးထပ်ဘုရားကြီးနှင့် ခြေတော်ရာ ပူဇော်ထားရာဌာနမှာ တခြားစီ,ဖြစ်နေသည့်အတွက် ပူဇော်ဖူးမျှော်သူ နည်းပါးလိမ့်မည်ဟု စဉ်းစားမိကြသောကြောင့်ငါးထပ်ဘုရားကြီး သိမ်တင်းသုံတော်မူရာ ဦးသာကျော်,တန်ဆောင်းထဲ၌ ပင်လျှင် ခြေတော်ရာကို တည်ထားပူဇော်ပါတော့သည်။

၁၂၆၀-ခုနှစ်၌ မြေစိုက်ပြာသာဒ်၏ အရှေ့ဘက်၌ ရှိသော ဇရပ်ကို ဦးဘိုးရှမ်း-ဒေါ်သင်းတို့က ဆောက်လုပ် လှူဒါန်းပါသည်၊ ၎င်းဇရပ်မှာ သစ်သားဇရပ်ဖြစ်တည့်အတွက် ဆွေးမြေ့ပျက်စီးသွားသောအခါ ၁၂၇၃-ခုနှစ်၌ ၎င်းဇရပ်ဒါယကာကြီး ဦးဘိုးရှမ်း,ကပင်လျှင် ငွေလေးထောင်ကျော်အကုန်ခံ၍ တိုက်ဇရပ်ကို ဆောက်လုပ်လှူဒါန်းပြန်ပါသည်။

၁၂၈၁-ခုနှစ်လောက်၌ ၎င်းဦးဘိုးရှမ်း,တိုက်ဇရပ်၏ အရှေ့ဘက်ဆုံးက ဇရပ်ကို ဒေါ်ငွေက ငွေသုံးထောင်ကျော် အကုန်ခံ၍ဆောက်လုပ်လှူဒါန်းပါသည်။

ငါးထပ်ဘုရားကြီး၏ တောင်ဘက်ရှိတိုက်ဇရပ်ကို ၁၂၈၃-ခုနှစ်၌ တိုက်ကျောင်းဒါယကာကြီး ဦးဘိုးချို,က, ဆောက်လုပ်လှူဒါန်းပါသည်။

## ဘဏ္ဍာတိုက် ဆောက်လုပ်လှူဒါန်းခြင်း။

၁၂၇၄-ခုနှစ်၌ ငါးထပ်ဘုရားကြီး၏ ဘဏ္ဍာတော် ပစ္စည်းများထားရန်အလို့ငှါ ဘဏ္ဍာတော်တိုက်ကို ငါးထပ်ဆရာတော်ဘုရားကြီး၏ မိဘများအတွက် အမွေရသော ဝတ္ထုငွေငါးရာကို အထက်အညာ အရာတော်ရွာမှ ဆွေမျိုးများက တင်ပို့လှူဒါန်းလိုက်ရာ စာတိုက်၌ တန်ဆောင်းကြီးနှင့် သံတံတားကြီးဒါယကာဦးဖေကိုးအား လွှဲအပ်၍ ၎င်းငွေငါးရာကို မတည်ပြီးလျှင် ဆောက်လုပ်လှူဒါန်းပါသည်၊ ၎င်းဘဏ္ဍာတော်တိုက်ထဲ၌ ငါးထပ်ဘုရားကြီး၏ ဘဏ္ဍာတော်ပစ္စည်းများ ထည့်သို သိမ်းဆည်းထားရာ မကြာမကြား သူခိုး အခိုးခံရသောကြောင့် နောင်မထားတော့ဘဲ ကျောင်းထဲ၌ သိမ်းဆည်းထားပါတော့သည်၊ ၎င်းဘဏ္ဍာတော်တိုက်မှာလည်း ဖို့ထားသောမြေပေါ်၌ ဆောက်လုပ်ထားသည့်အတွက် တဘက်က စောင်းနိမ့် ကွဲအက်သွားရာ ၎င်းဘဏ္ဍာတော်တိုက်ဖျက်၍ ၁၃၁၁-ခုနှစ်၌ ငါးထပ်ဘုရားကြီး၏ ဘဏ္ဍာတော်ငွေမှ နှစ်ထောင်ကျော်အကုန်ခံပြီးလျှင် လျှပ်စစ်ဓာတ်မီးအင်ဂျင်ရုံအဖြစ် ဆောက်လုပ်လိုက်ပါသည်၊ ၎င်းအင်ဂျင်ရုံ၏ အမိုးကိုလည်း ဤစာရေးသူ ဦးကျော်နှင့် ဇနီးဒေါ်စိန်မေတို့က ငွေငါးရာ့နှစ်ဆယ့်ရှစ်ကျပ်၊ ပြားငါးဆယ် အကုန်ခံ၍ လှူဒါန်းလိုက်ပါသည်။

# ဒုတိယပိုင်းပြီးပြီ။

# တတိယပိုင်း။

## ငါးထပ်ဘုရာကြီးတည်ရန် အကြံအစည်ဖြစ်ခြင်း။

သက္ကရာဇ် ၁၂၆၇-ခုနှစ်၌ ကြာကံဒိပ်ရွာ ဦးသာစိ, အမှူးရှိသော ဘုရားဒါယကာများက ထမလုံ့၌ သိတင်းသုံးတော်မူသော ရွှေးမွန်ရာဇဝင် သမိုင်းအရ,ဦးကွန်ကလေစာ,နှင့်မယ်ညက်တို့တည်ထားကိုးကွယ်ခဲ့ကြသော ကျိုက်ဒေရှင်ဝတ္တနော,ဘွဲ့တော်ရှိတော်မူသော ဂဝံကျောက်ဆင်းတုတော်များထဲမှ အကောင်းဆုံး ဂဝံကျောက်ဆင်းတုတော်ကြီးတဆူကို ခဲယဉ်းစွာပင့်ဆောင်ယူပြီးလျှင် ကြာကံဒိပ်ရွာ ဝါးကျောင်းထဲ၌ ကိုးကွယ် ထားကြပါသည်၊ ၎င်း ဂဝံကျောက်ဆင်းတုတော်ကြီးမှာလည်း ပင့်ဆောင်ရာ လမ်းခရီး၌ ဦးခေါင်းတော်ကျိုး၍ မြေသို့ခ, သွားရာ ၎င်းဦးခေါင်းတော်ကို စေတနာကောင်းနှင့် ကိုထွန်းအေး, ဆိုသူက ထုချေ၍ သရွတ်မံပြီး ဦးခေါင်းတော်အသစ် ပြန်လုပ်ရပါသည်၊ သို့သော်လည်း ၎င်းဦးခေါင်းတော်ကို ထုချေသူ ကိုထွန်းအေး,မှာ များမကြာမီ ဂဝံကျောက်ကျင်း၌ ကျောက်ပိပြီး အနိစ္စရောက်သွားပါသည်၊ ကြာကံဒိပ်ရွာသားများ ပင့်ဆောင် သွားသော ဂဝံ ကျောက်ဆင်းတုတော်ကြီးမှ တပါး, ထိုထက်ကြီးမားသော ကျန်ရှိနေသော ဂဝံ ကျောက်ဆင်းတုတော်ကြီး တဆူကိုပါဒကြီးကျောင်းသို့ ပင့်ယူ ကိုးကွယ်ရန် ငါးထပ်ဆရာစော်ဘုရားကြီး၏ဒါယကာကြီးများ ဖြစ်ကြကုန်သော ဦးကျော်ဝ, ဦးမောင်ကလေး, ဦးစံလှ,ဦးပေတိုး, ဦးကျွန်း, ဦးသာကျော်အမှူးရှိသော ဒါယကာများက ငါးထပ်ဆရာတော် ဘုရားကြီး၏ ရှေ့တော်

မှောက်၍ စည်းဝေး တိုင်ပင်ကြပြီးလျှင် ရှင်းဂဝံကျောက်ဆင်း တုတော်ကြီးကို ပင့်ယူရန် သင့်, မသင့်, ငါးထပ် ဆရာတော် ဘုရားကြီးအား သွားရောက်ဖူးမျှော်ပါရန်လျှောက်ထားကြသော အခါ ယခုရှိဆဲ အသက် ကိုးဆယ် ငါးနှစ်ရှိ ငါးထပ်ဘုရားကြီး သမိုင်းကို နှုတ်တိုက်ရထားသူ ဤသမိုင်းစာရေးရာ၌ အားကိုး အားထားဖြစ်သူ ဒါယကာကြီး 'ဦးဘိုးကျွန်း' နှင့် ငါးထပ်ဆရာ တော်ဘုရားကြီးတို့ သွားရောက် ဖူးမျှော်ကြသောအခါ ငါးထပ် ဆရာတော် ဘုရားကြီးက ဂဝံ ကျောက်ဆင်းတုတော်ကြီး၏ ဉာဏ်တော် သေးငယ်မှု၊ ပင့်ဆောင်ရာ၌ ခက်ခဲမှု၊ ရှင်းဂဝံ ကျောက်ဆင်းတုတော်ကြီးကို ပင့်ဆောင်လာသော်လည်း တခါ တည်း ဘုရားတည်မှု....၊ ကိုစ္စမပြီးဆုံးဘဲ နောက်ထပ် အုဋ် အင်္ဂတေတို့ဖြင့် ထပ်မံ၍ မျက်နှာတော်ဖွင့်ရမှု၊ အခက်အခဲတို့ကို ကြည့်ရှု စဉ်းစားပြီးလျှင် ပင့်ယူရန် သဘောမတူကြောင့် မိန့် ကြားတော်မူလေရာ တာဝန်ခံ ဘုရားဒါယကာကြီး ဦးပေတိုး့ ကလည်း ဉာဏ်တော် သေးငယ်ပါက မိမိလည်း သဘောမကျ ကြောင်း လျှောက်ထားပြန်သောကြောင့် ရှင်းဂဝံကျောက်ဆင်း တုတော်ကြီးကို မပင့်ဖြစ်တော့ဘဲ အုဋ်အင်္ဂတေ များဖြင့်သာ ဆင်းတုတော်ကြီးတဆူ တည်ထားကိုးကွယ်ရန် သဘောတူကြ ပါသည်။

## ငါးထပ်ဘုရားကြီးတည်ရန် အုဋ်လုပ်ခြင်းနှင့် ပန်းရံငှါးရန် တိုင်ပင်ကြခြင်း။

သို့အတွက် ထိုနှစ်၌ပင်လျှင် ဦးကျော်ဝ, ဦးမောင်ကလေး ဦးစံလှ,နှင့် ဦးသာကျော်တို့က အုဋ်တသောင်းစီ၊ ကျန်ဒါယကာ



ငါးထပ်ဘုရားကြီးတည်ရာ၌ အုဌ်လုပ်ရာမှစ၍ ပန်းရံ ငှါးရာ
ပန်းရံ, လုပ်ရာတို့၌ နေရာတကာပါသော ယခုရှိဆဲ
အသက်(၉၅)နှစ်ရှိ ဉပသကာကြီး ဦးကျွန်း,ပုံ။

မမှတ်မိသူများက အငွေ့ ခြောက် သောင်း၊ ပေါင်း လက်လုပ် အငွေ့တသိန်း ဖိုတ်လုပ် ထားကြပါသည်။ ထိုနှစ် ကုန်ဆုံး၍ ၁၂၆၇-ခုနှစ် ဦးသို့ ရောက်သောအခါ ငါးထပ် ဆရာတော် ဘုရားကြီးနှင့်ဒါယကာကြီးများ ဘုရားတည်ရန်နှင့် ပန်းရံငှားရန် အတွက်တိုင်ပင်ကြပြန်သောအခါ ဒါယကာကြီးများကလျှောက် ထားသည်မှာ ဘုရားတပည့်တော်များ တည်ထားမည့် ရုပ်ပွား တော်ကြီးမှာ အလွန်သပ္ပါယ်၍ ကြည်ညိုဘွယ်ဖြစ်မှသာ ဘုရား တပည့်တော်များ သဘောကျနိုင်ပါမည်၊ အကယ်၍ ကြည်ညို ဘွယ်မဖြစ်ပါက ဘုရားတပည့်တော်များမှာ အစဉ်သဖြင့် စိတ် နှလုံး မသာယာမှုဖြစ်နေပါလိမ့်မည်ဘုရား သို့အတွက် မည်သည့် ပန်းရံကိုငှါးလျှင် သင့်တော်ပါမည်လဲ ဘုရားဟု လျှောက်ထား ကြသည့်အတွက် ငါးထပ်ဆရာတော်ဘုရားကြီးက မိန့်ကြားတော် မူသည်မှာ ဒါယကာကြီးတို့ငါတို့ တည်မည့် ရုပ်ပွားတော်မြတ် ကြီးမှာ ရန်ကုန်မြို့ရှိ ငါးထပ်ရုပ်ပွားတော်မြတ်ကြီးကဲ့သို့သပ္ပါယ် လျှင် ဒါယကာကြီးများ သဘောမကျကြဘူးလားဟု မိန့်ကြား တော်မူသောအခါ ဒါယကာကြီးများက သဘောကျပါပြီဘုရား ဟု လျှောက်ထားကြသည့်အတွက် ထိုသို့သဘောကျလျှင် ပန်းရံ အတွက် ဘာမျှအခက်အခဲမရှိနိုင် ရန်ကုန်မြို့ရှိ ငါးထပ်ဘုရားကြီး ဒါယကာ ဦးဘိုးအောင်ထံသွား၍ ကျွန်တော်များ ဘုရား တည်လိုပါသည်၊ ဘုရားဒါယကာကြီး၏ ငါးထပ်ရုပ်ပွားတော် မြတ်ကြီးကို တည်ထားသူ ပန်းရံဆရာကြီးအား ငှါးရန်းပေး ပါဟု အကူအညီ တောင်းလျှင် သာသနာရေး ဖြစ်သည့် အတွက် အလွယ်တကူ ကူညီပါလိမ့်မည်ဟု မိန့်ကြားတော်မူပါ သည်၊ထိုအခါ ဒါယကာကြီးများက မှန်လှပါဘုရား သဘောကျ

ပါပြီဘုရား ဆရာတော်ဘုရား မိန့်ကြားတော် မူသည့် အတိုင်း ဆောင်ရွက်ပါမည် ဘုရားဟု လျှောက်ထားကြပြီးလျှင် ပန်းရံ ငှားရန်အတွက် ဘုရားဒါယကာကြီး ဦးပေတိုး၊ ဦးစံသူ၊ ဘိုးဦး ကာ၊ နှင့် ဦးဘိုးကျွန်း၊ တို့အား တာဝန်လွှဲအပ်လိုက်ပါသည်။

## ပန်းရံငှါးရာ၌ အခက်အခဲတွေ့နေခြင်း။

အထက်ပါ လူကြီးလေးယောက်တို့သည် ရန်ကုန်မြို့သို့ သွား၍ ကုန်ဈေးတန်းရှိ သင်္ကန်းပရိက္ခရာကုန်သည် ငါးထပ်ဘုရားကြီး ဒါယကာ ဦးဘိုးအောင်၊ ထံသို့ရောက်သောအခါ ကျွန်တော်များ ဘုရားတည်လိုသည့်အတွက် ဘုရားဒါယကာကြီးထံ ပန်းရံ၊ ရဘို့ အကြောင်း အကူအညီ လာတောင်းပါသည်ဟု ပြောပြသော အခါ ငါးထပ်ဘုရားကြီး ဒါယကာ ဦးဘိုးအောင်၊က ဝမ်း မြောက်ဝမ်းသာ ကူညီလိုသည့်အတွက် မိမိ၏ ငါးထပ်ဘုရားကြီး ကို တည်လုပ်သူ ပန်းရံဆရာကြီး ဆရာညက်အား၊ ခေါ်ယူ၍ ပါဒကြီးရွာ ဘု ရား တည် လို သူ များ နှင့် တွေ့ဆိုင်ပေးပါ သည်၊ ပါဒကြီးရွာ ဘုရား တည်လိုသူများက မိမိတို့ ဘုရား တည် လို၍ ဆရာကြီးအား ပန်းရံ ငှားလာကြောင်း ပြောပြ သောအခါ ပန်းရံဆရာကြီး ဆရာညက်၊က မိမိမှာ 'ကျုံကန် ရွာ'၌ လျှောင်းတော်မူဘုရားကြီး တည်လုပ်နေဆဲဖြစ်၍ ပါဒကြီး ရွာသို့လိုက်၍ ဘုရားတည်မပေးနိုင်ကြောင်း အတန်တန်ငြင်းဆန် နေပြန်သောကြောင့် အခက်အခဲ တွေ့နေပြန်ပါသည်၊ ထိုအခါ ငါးထပ်ဘုရားကြီးဒါယကာ ဦးဘိုးအောင်အား၊ပန်းရံဆရာကြီး ဆရာညက်၊ကို ပါဒကြီးရွာသို့လိုက်ဘို့အကြောင်း ဝိုင်းဝန်းပြော ပေးပါဦးဟု အကူအညီတောင်းကြလေရာ ငါးထပ် ဘုရားကြီး

ဒါယကာ ဦးဘိုးအောင်က သူတို့က ပန်းရံဘက်က ခင်ဗျား၏ လက်ရာကို ကြိုက်နေသည့်အတွက် ပါဒကြီးရှာသို့လိုက်ပြီး ဘုရား တည်ပေးလိုက်ပါဟု အတန်တန် တိုက်တွန်းပြန်သောကြောင့် ငါးထပ်ဘုရားကြီး ဒါယကာဦးဘိုးအောင်၏ကျေးဇူး ဆရာညက် ကြီး အပေါ်၌ အထူးရှိဘူးသူဖြစ်ရကား၊ ကတည်းတ, ကတဝေ ဒီ, တရား ထောက်ထားသောအားဖြင့် မငြင်းဆန်သာသော ကြောင့် ပါဒကြီးရှာသို့လိုက်၍ ဘုရားတည်ပေးရန် သဘောတူ ညီလိုက်ပါသည်၊ သို့အတွက် ဘုရားတည်လုပ်ခ ပြောကြသော အခါ ပန်းရံဆရာကြီး ဆရာညက်, တောင်းသည့်အတိုင်း ပေ သုံးဆယ်, ဥာဏ်တော်အမြင့်ရှိသော ရုပ်ပွားတော်မြတ်ကြီးကို အတိုးငွေ ၇၅၀(ခုနစ်ရာ့ငါးဆယ်)ကျပ်နှင့် ဘုရားတည်လုပ်ပေး ရန် သဘောတူညီကြ၍ စရံငွေပေး စာချုပ်-ချုပ်ဆိုပြီးလျှင် ဘုရားတည်ရန် နေ့ရက်ကို ချိန်းဆိုထားခဲ့ပြီး ပြန်လာခဲ့ကြပါ သည်။

ဘုရားတည်ရန်စုဆောင်းထားသော ပစ္စည်းများမှာ

လက်လုပ်အုဋ်ချပ်ရေ....တသိန်း။
သုံးတင်းဝင် ထုံးအိပ်ကြီး....သုံးရာ။
လက်ဝါးတံဆိပ်ဘိလပ်မြေစည်ကြီး....တစ်ဆယ့်ငါးစည်။
ထန်းလျက်ပိဿာ....တစ်ရာ။
အုဋ်မှုန့် လိုသလောက်။
ကျွဲကော် လိုသလောက်။
သဲ လိုသလောက် အခန့်သင့်လုပ်ရန် စုပုံ ထားကြပါ သည်။

ထိုအခါက ဘုရားတည်လုပ်ရန်သဲများကို သီလရှင်ဒေါ်ပုညာ၏ ခြံဇရပ်တန်း၏ မြောက်ဘက်က လိုသလောက် ရပါသည်။ သဲတိုးငွေ တပြားတချပ်မျှ မကုန်ကျပါ၊ သဲလို၍ ရွာထဲသို့ လူကြီးများက ပြောကြားလိုက်လျှင် ကလေးလူငယ်၊ လူကြီးများပါမကျန် သဒ္ဓါတရားထက်သန်စွာဖြင့် သဲ့သယ်ပေးကြပါသည်။ သဲသယ်ပေးသော ကုသိုလ်ရှင်များအား ဘုရားဒါယကာကြီး ဦးပေတို့က မုံ့ပဲ့သရေစာတို့ဖြင့် မပြတ် ကျွေးမွေးလှူဒါန်းပါသည်။

ငါးထပ်ဆရာတော်ဘုရားကြီးလည်း ညအခါ လ့သာသာမှ ကိုယ်တော်တိုင် တပည့်ရဟန်းများနှင့် သဲသယ်၍ကုသိုလ်ပြုတော်မူပါသည်။

## ဘုရားတည်ရန် အခါပေးခြင်း။

တနေ့သ၌ ဗေဒင်လက်ရိုး အမျိုးမျိုးတို့ကို တတ်ကျွမ်းတော်မူသော ထိုစဉ်အခါက ဝါးကျောင်း၌ သီတင်းသုံးတော်မူသော ဘုန်းတော်ကြီး ဦးဇောတယ့သည် ကျေးဇူးရှင် ငါးထပ်ဆရာတော်ဘုရားကြီးထံသို့ ကြွလာတော်မူပြီးလျှင် လျှောက်ထားသည်မှာကား ဆရာတော်ဘုရား ဘုရားတည်လိုပါမူကား ... ယခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့, ၉-နာရီတိတိ အချိန်သည် အကောင်းဆုံးသော အချိန်ဖြစ်ပါသည်။ ၎င်းအချိန်မျိုးမှာ နှစ်,နှစ်မှတခါ သုံး,နှစ်မှတခါ ကြုံတတ်ပါသည်ဘုရားဟု လျှောက်ထားလာသည့် အတွက် ၎င်းနေ့,ရက်၌ပင် စတင်၍ ဘုရားတည်ရန် ဒါယကာကြီးများအား အချိန် သတ်မှတ်ပေးလိုက်ပါသည်။

နောက်နေ့ရက်စေ့၍ ဘုရားတည်ရန် အချိန်ကျရောက်သော အခါ ပန်းရံဆရာကြီး ဆရာညက်နှင့် တပည့် နှစ်ယောက် ပေါင်း သုံးယောက်တို့ ပါဒကြီးရွာသို့ ရောက်လာကြပြီးလျှင် ညဏ်တော် အနည်းငယ်နိမ့်နေသည့်အတွက် နောက်ထပ် ခုနစ်ပေခွဲ (ငါးတောင်) တိုးပါဦးဟု ပန်းရံဆရာကြီးအား ပြောကြပြန်လေရာ ပန်းရံဆရာကြီး ဆရာညက်က နောက်ထပ် ငါးတောင်အတွက် အတိုးငွေ သုံးရာ့ငါးဆယ်ထပ်ထောင်းပြန်ပါသည်။ ထိုအခါ ပါဒကြီးရွာ ဘုရားလူကြီးများက ဝမ်းမြောက်ဝမ်းသာ ပန်းရံဆရာကြီးတောင်းသောအတိုင်း ယခင်တောင်းငွေ ခုနစ်ရာ့ငါးဆယ်၊ ယခု နောက်ထပ်တောင်းငွေ သုံးရာ့ငါးဆယ်၊ ပေါင်း လက်ခငွေ တစ်ထောင့်တစ်ရာနှင့် ဘုရားတည်လုပ်ပေးရန် သဘောတူညီကြပြန်ပါသည်။

## ဘုရားတည်ရန် ပန္နက်ရိုက်ခြင်းနှင့် ပထမ နိမိတ်ကြီး။

ဝါးကျောင်း ဘုန်းတော်ကြီး မိန့်ကြားတော်မူသည့်အတိုင်း ၁၂၆၇-ခု တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့နံနက်သို့ ရောက်သောအခါ မည်သည့်အခမ်းအနားမျှမပါ၊ ဆရာဒကာ စုံလင်စွာဖြင့် ပါဒကြီးရွာ လူကြီးများနှင့် ရွာသူရွာသားများတို့သည် ငါးထပ်ဘုရားကြီးတည်ရာဌာနသို့ အညီအညာရောက်လာကြပြီးလျှင် အချိန်ကို စောင့်ဆိုင်းနေကြစဉ်အတွင်း ဤအနားမှာကောင်းပါသည်။ ဟိုအနားမှာ ကောင်းပါသည်၊ ဤအနား တိုးပါဦး၊ ဟိုအနား တိုးပါဦးဟု ပြောဆိုနေကြစဉ်အတွင်း

ဤနေရာသည်သာလျှင် ဘူမိသေဌ,ဘူမိဇေဌ,ဘူမိသေခရ, ပုထုဝီပုက္ခလ, မြေမြတ်ဦးကိုင် မဏ္ဍိုင်သီရိ မဟာဗောဓိ ညောင်ပင်အောက်, ဝဇီရာသန,အပ္ပရာဇိတ ပလ္လင်တော်ပေါက်သည့်နေရာ အလား ထင်ထင်ရှားရှား သမာဒေဝ နတ်ကောင်း နတ်အပေါင်း များက ကူညီစောင့်မ ဝိုင်းဝန်း၍ ပြကြသည်မှာ တောကျီး တကောင်သည် မိမိ၏အစာမဟုတ်သော စိမ်းညိုမြရောင် မဟာဗောဓိညောင်ခက်ကို ကိုက်ချီ၍ ပြလေ၏။ ထိုအခါ ငါးထပ် ဆရာတော်ဘုရားကြီးက ဝမ်းမြောက်ဝမ်းသာ ကြံတွေးသည် မှာကား....

ဗောဓိ သမ္ဗုဒ္ဓတာ ဉာဏော၊ ရိယာမဂ္ဂေ စ နာရိယံ။

ဟူသော အဘိဓာန် အနေကတ္ထဝဂ်လာ ဂါထာစကားအရ 'ဗောဓိ'သဒ္ဒါ၏ အနက်များစွာတို့တွင် အရာဌာနအားလျော်စွာ ဤနေရာ၌ အရဟတ္တမဂ်ဉာဏ် သမ္ဗုဒ္ဓတဉာဏ်ကို ယူရမည်ဖြစ် ဖြရကား၊ အရဟတ္တ-မဂ်ဉာဏ်သခင်, သမ္ဗုဒ္ဓတဉာဏ်ရှင်, ဖြစ်တော်မူသော ရုပ်ပွားတော်မြတ်ကြီး၏ တည်ရာဌာနကား ဤနေ နေရာဌာနသာလျှင်ဖြစ်သည်ဟု သမာဒေဝနတ်များ ပြသဟန်တူ သည်ဟု နှလုံးပိုက်တော်မူမိသည့်အတိုင်း မည်သူ့အားမျှ မပြော ကြားဘဲ ဗောဓိညောင်ခက် ချပြရာ နေရာဌာနကို မှတ်ိထား၍ စက် ကိုးနာရီတိတိ ကောင်းမြတ်သော မင်္ဂလာအချိန်အခါ၌ ပန်းရံ ဆရာကြီး ဆရာညက်,နှင့်တပည့်များကို အရှေ့-အနောက် အလျား သုံးဆယ်သုံး,ပေ,ကိုးလက်မ၊ တောင်,မြောက်,အနံ့ နှစ်ဆယ့်နှစ်ပေနှစ်လက်မ, သစ်သားပန္နက်ရိုက်နှက် မှတ်သားစေ ပါသည်။

## ငါးထပ်ဘုရားကြီး ပန္နက်ရိုက်စဉ် တဆယ့်နှစ် ရာသီပြင်၌ ဇာတာတော်ခွင်ပုံ။




ဇေယျတုံ၊ ကလိယုဂ် ၅၀၀၇·သက္ကရာဇ် ၁၂၆၈-ခု၊ ဒီသာ ၁၆၈·နှင့်ကြွင်း ငှသဝေါဟာရ မာသ တန်ဆောင်မုန်းလဆန်း ၁၀·ရက်, ကြာသပတေးနေ့ နံနက် ဇက် ၉·နာရီပြည့် မြန်မာ နာရီ နေ့ ၁·ချက်တီးကျော် နာဍီပြည့် ၂·ပါဒ် ၁၂·ဗီဇနာ ၁· ပြန် ၃ အရော အချိန် ဗြိစ္ဆာရာသီလဂ် မကာရစန်း ၁·နေ့ ဟောရတ် ၂·လံ တြင်း စနေနဝင်း လဂ်စီးနက္ခတ် ၁၇·လုံး ၁· ပါဒ် ၂·ဿရှိ ၉·ဝိဿရှိ ၅၀·အနုဿရှိ့ထက် လဂ်စီးလျက် ထိုနာရီ ၏ ဏ္ဍဘဝါးတော်ကား ၂၁·ဘဝါး ၂·လက်သစ် ၃·မုယော ၅·နှမ်း ၅·ဆံချည်ပြည့်ညီသော သုနက္ခတ္တ, သုမင်္ဂလဖြစ်သော

မင်္ဂလာအခါတော်တွင် ငါးထပ်ရုပ်ပွားတော်မြတ်ကြီးကိုစတင်၍ တည်ထားတော်မူကြပါသည်။

## ထူးဆန်းအံ့ဩဘွယ်

ပါဒမြို့ကို ဘောဂသေနမင်းကြီး တည်သော လ, ရက်, အချိန်, နှင့် ယခု ပါဒ ငါးထပ်ဘုရားကြီးကို တည်သော လ, ရက်, အချိန်တို့မှာ, မရည်ရွယ်ဘဲနှင့် ထူးထူးဆန်းဆန်း ကိုက်ညီနေပါသည်၊ ပါဒမြို့ကို တည်သော လ,မှာလည်း တန်ဆောင်မုန်းလ၊ ရက်မှာလည်း လဆန်း ၁၀-ရက် အချိန်မှာလည်း မြန်မာနာရီ ၁-ချက်တီး၊ ၁-ချက်တီးဆိုလျှင်လည်း စက်နံနက် ၉ နာရီပင် ဖြစ်ရာ ယခု · ငါးထပ်ဘုရားကြီးတည်သည်မှာလည်း ၎င်းလ, ၎င်းရက်, ၎င်းအချိန်ပင် ဖြစ်သောကြောင့် အလွန် ထူးဆန်းသည်ဟုဆိုရပေမည်။

### ဇာတာတော်ဘွဲ့ တေးထပ်။

ကော်,ဒွေး,နှင့်-သော,အဌ၊ ပြောစမှတ်·လူ့ပြည်၊သောမနသ် ငါးထပ်တည်၊ မျှားနှုတ်မည်နှလုံး။ ။ဆန်းဒသ-ရက်ချိန်ခါ၊ ထက်ထိန်ဝါ-လတန်ဆောင်မုန်း။ ။ရွှေလက်,ပူး-လောင်းဆဒ္ဒန်၊ ကောင်းရပ်ဌာန်-မြို့စွာဌ်သုံး။ ။အဇိတျာ·ဂြိုဟ်တလုံးကတော့ ချီပြုံးလို့,တူပျော်။ ။ဟိုင်းရာဇာ့·ကာရကော၊ မကာရေ-စန်းမြတ်သော်မော်။ ။နံဇီဝ-မေမုန်ပေါ်၊ ရွှေကုံနော်-ရေနတ်နှင့်

ဆွမ္မတ်ကြ-ကြောင်းကြည့်ဖွေရှာ၊ပေါင်းသိစေငါ။ ။ကန်နန်းမှ စံမြန်းရှာတယ်၊ နံခန်းဝါ ခြသေ့်ကွဲ့လေး။ ။

## ပလ္လင်တော်အုဋ္ဌမြစ်ချပုံ။

ရင်း ပန်းရံဆရာကြီးများ မှတ်သားပေးသော ပန္နက်အတိုင်း အရှေ့အနောက် အကျယ် သုံးပေ, အနက် သုံးပေ, ရှိသော မြောင်းကြီး လေးမြောင်း၊ တောင်မြောက်, အကျယ် သုံးပေ, အနက် သုံးပေ,ရှိသောမြောင်းကြီးလေးမြောင်း လေးကွက်ကျား သဏ္ဍာန် အုဋ္ဌမြစ်ချရန် ရှာသူ-ရှာသားများက သဒ္ဓါတရားထက် သန်စွာ ဂဝံကျောက်မြေကိုတူးကြရာ ထိုနေ့၌ပင် ပြီးမြောက်၍ ညနေဘက်၌ ဆက်လက်ပြီး အုဋ္ဌမြစ်ချပါတော့သည်၊ ဘုရားတည် ရာ၌ သေချာသည်ထက်,သေချာ၍ ကောင်းသည်ထက်,ကောင်း အောင် ယခုရှိဆဲ ဒါယကာကြီး ဦးဘိုးကျွန်း,အား အုဋ္ဌပေး သရွတ်ဖျော်အဖြစ် ဝင်ရောက်လုပ်ကိုင်စေပါသည်၊ ငါးထပ်ဆရာ တော်ဘုရားကြီးလည်းတနေ့ လေးကြိမ်,ငါးကြိမ်,ကြွရောက်ကြည့် ရှုတော်မူ၍ သဘောမကျသည်များကို ပန်းရံဆရာကြီး ဆရာ ညက်,အား အမိန့်ရှိတော်မူလေရာ ပန်းရံဆရာကြီး ဆရာညက်,က လည်း ငါးထပ်ဆရာတော်ကြီး, သဘောကျသည်တိုင်အောင် ပြုပြင်,ပြုလုပ်၍ ပေးပါသည်၊ ပန်းရံဆရာကြီး ဆရာညက်မှာ မူကား တခါတရံ သက်နန်းတွန့်များကို လုပ်ကိုင်ခြင်းမှ တပါး အုဋ္ဌတချပ်မျှ တက်၍မစီပါ၊ တပည့်များ လုပ်နေသည်ကိုသာ လျှင် ဟိုကိုတိုးဦး, သည်ကိုဆုတ်ဦးနှင့် ဘုရားနှင့် ပဏာရသော နေရာက ကြည့်ရှု၍ အမြဲမပြတ် သတိပေးစကား ပြောကြားနေ ပါသည်။

## ငါးထပ်ရုပ်ပွားတော်မြတ်ကြီး တည်ထားပုံနှင့် ဌာပနာထားပုံ။

ဤသို့ ပလ္လင်တော်မှစ၍ နေ့စဉ်ရက်ဆက် တည်လုပ်လာရာ ဘုရားကြီး ခါးတော်သို့ ရောက်သောအခါ လက်လုပ်အုဋ် တသိန်း, ကုန်ခါနီးသွားပါတော့သည်၊ ထိုအခါ ငါးထပ် ဆရာတော်ဘုရားကြီးက မည်သူကိုမျှ ဘယ်သူက, ဘာကိုလုပ်ပါ ဘယ်သူက, ဘာကိုလုပ်ပါဟု မည်သည့်အခါကမျှ စေခိုင်းညွှန်ကြားတော်မမူဘူးရကား၊ မိမိ၏စိတ်ကူးဖြင့် ယခုတည်ဆဲ ငါး ထပ်ဘုရားကြီး၏ ဘောင်တည့်တည့် တဖါလုံခန့်အကွာ ဘော ကြီးထဲ၌ ပျက်စီးယိုယွင်း ရှေ့နေသော ရှေး မွန်သမိုင်းအရ "ကျိုက်စောရှင် ဆုတောင်းပြည့်" စေတီတော်ကြီးမှ အုဋ်များကို ယူ၍ ခါတ်တော်, မွေတော်များ တွေ့ရှိကလည်း ယခုတည်ဆဲ ငါးထပ်ရုပ်ပွားတော်ကြီး၌ ဌာပနာ၍ တည်ထားရမူကား= ကောင်းလေစွဟု အကြံဖြစ်တော်မူပါသည်၊ ထိုသို့ အကြံဖြစ် တော်မူသည့်အတိုင်း ကိုးကွယ်သူမရှိသော ဘုရားပျက်မှ အုဋ် များကိုယူ၍ ရုပ်ပွားတော် တည်ကောင်းသည်, မတည်ကောင်း သည်တို့ကို သံသယမရှိ သေချာစွာသိစေရန် မိမိ၏ ဓမ္မာစရိယ, ဖြစ်တော်မူသော မင်းတုန်းမင်းတရားကြီးလူ တံဆိပ်တော်, သီပေါ မင်းတရားလူ တံဆိပ်တော်, အင်္ဂလိပ်မင်းလူ တံဆိပ်တော်အား ဖြင့် တံဆိပ်တော် သုံးထပ်ရ ပရမတ္ထာသရူပဘေဒနီ, ခါတုတ္ထ သင်္ဂြိုဟ်ပါဠ်နိသျ, ဝိသုဒ္ဓါရုံသုတ်နက်, ဆန္ဒောမဉ္ဇရီ, ဝိသုဒ္ဓါရုံအဆုံး အဖြတ်စသော များစွာသော ကျမ်းပြု ရွှေကျင်နိကာယ ဒုတိယ နာယက ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရား

ကြီးထံ အဆုံးအဖြတ် လျှောက်ထား တောင်းခံရာ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးက, + သာဓု....သာဓု— ငါ့တပည့် ကောင်းလှ၏-ကောင်းလှ၏- ပူဇော် ကိုးကွယ်သူမရှိသော ဘုရား စေတီပျက်များမှ အုဋ္ဌ်များကို၎င်း၊ ဓာတ်တော်, မွေတော်များကို၎င်း၊ ပူဇော်သူရှိသောနေရာသို့ ရွှေ့ပြောင်း၍ ဘုရားတည်ထား ကိုးကွယ်ပူဇော်ခြင်းကား အပြစ်မရှိ၊ ကောင်းသောပြုလုပ်ခြင်း မည်ပေသည်ဟု မိန့်ကြားတော်မူသော ပြန်စာကို ရရှိသောအခါ ငါးထပ်ဆရာတော်ဘုရားကြီးသည် ယခုတည်ဆဲဖြစ်သော ငါးထပ် ရုပ်ပွားတော်မြတ်ကြီးနှင့်တည့်တည့်, စေတီတော်ပျက်ကြီးမှ အုဋ္ဌ် များကိုယူရန် တောထွင် ရှင်းလင်းစေ၍ လမ်းဖေါက်ပါတော့ သည်။

## ကျိုက်စောရှင် စေတီတော်ကြီး၏ ဓာတ်တော် မွေတော်တို့ကို ပြခြင်း။

ဤ ကျိုက်စောရှင်,ခေါ် ဆုတောင်းပြည့်စေတီ တော်ကြီး၏ ဘွဲ့တော်မှာ ပါဒမြို့နန်းတော်၏ အရှေ့ တောင်ထောင့်,ဟု မွန်ရာဇဝင်က ဆိုသောကြောင့် ယခု ငါးထပ်ဘုရားကြီး၏ တောင်တည့်တည့် ပေ-၅၄၃-ပေ

---

+မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး၏ ပြန်စာမှာ ဤသမိုင်း,စာအုပ်၌ ထည့်သွင်းရိုက်နှိပ်လိုသော်လည်း မီးလောင်သည့်အတွင်း ၌ ပါသွားပြီဖြစ်၍ မထည့်လိုက်ရပါ၊ ၎င်းပြန်စာ၏ အစ,စကား အသုံးအနှုန်းများမှာမူကား ဤစာရေးသူ ဘတ်ဘူးသည့်အတွက် ဤ အတိုင်းပင် ဖြစ်ပါသည်။

အကုဋ္ဌစေတီတော်ကြီးကို ကျိုက်စောရှင်ဟု ဤစာရေးသူက ဘွဲ့ကမ္ဗည်းတပ်လိုက်ပါသည်၊ နန်းတော်၏တောင်တည့်တည့်ယူမူကား ကျိုက်ဒေသရဲ့စေတီသာဖြစ်တန်ရာသည်၊ (ကျိုက်ဒေသရစေတီမှာလည်း ယခု အရိုးစောင့်ခေါ် ကျိုက်ခဆွတ်၊ သို့မဟုတ်မြတ်စောညီနောင်ခေါ် စေတီတော်ကြီးသာဖြစ်သည်ဟု ဤစာရေးသူ ရဟန်းဘဝက မုတ်ကျွန်းမှရလာသော ပေစာတစောင်တွင် တွေ့ဘူးပါသည်)။

သို့အတွက် ဤစေတီတော်ကြီးကို ဤစာရေးသူက ကျိုက်စောရှင်'ဟု ဘွဲ့ကမ္ဗည်းတပ်လိုက်ခြင်းဖြစ်ပါသည်၊ ၎င်း စေတီတော်ကြီး၌ ဓါတ်တော်စစ်များရှိသည်ဟု မွန်ရာဇဝင်က ဆိုပါသည်၊ ပါဒနိုင်ငံတော် သမိုင်းဆရာကမူကားဘောဂသေနမင်းကြီး ရသေ့ဘဝကအမြဲကိုးကွယ်ထားသော ဆံတော်ရှင်အစစ် ရှိသည်ဟုဆိုပါသည်၊ ၎င်းဆရာကမူကား ပါဒမြို့သားနဲ့မွန်စ နှင့် နဲ့မွန်ပု အမည်ရှိကုန်သော ကုန်သည်ညီနောင်နှစ်ယောက်တို့သည် အိန္ဒိယတိုင်းသို့ ကုန်ကူးသန်းသွားလာကြရာ မြတ်စွာဘုရားနှင့်တွေ့၍ အကျွတ်တရားရကြပြီး ရဟန်းပြုကြရာ မကြာမီရဟန္တာဖြစ်ကြပြီးလျှင် ဗုဒ္ဓဉာဏ, ဓမ္မဉာဏ ဟူသော ဘွဲ့တော်ဖြင့် ထင်ရှားကျော်စောတော်မူပါသည်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ၌ ထိုရဟန္တာနှစ်ပါးတို့သည် မြတ်စွာဘုရား၏ ဓမ္မကရိုဏ်း ရေစစ်နှင့် ခါးပန်းကြိုးတော်များကို ယူဆောင်လာ၍ပါဒဘုရင်ရာဇာ



မွန်ရာဇဝင်အရ ဓာတ်တော်စစ်များရှိ၍ ယိုဒယားဘာသာမှ မြန်မာ ဘာသာသို့ ပြန်ဆိုထားသော ပါဒရာဇဝင်အရ မြတ်စွာဘုရား ၏ ဆံတော်ရှင်နှင့် ပါဒမြို့သား ဗုဒ္ဓဉာဏ,နှင့်ဓမ္မဉာဏ,တို့ ယူဆောင် လာသောရေစစ်တော်,ခါးပန်းကြိုးတော်များကို ဌာပနာထားသည်ဆို သော ကျိုက်စော့ရှင် စေတီတော်ကြီး သို့မဟုတ် ကျိုက်ပါဒဆလွန် စေတီတော်ကြီးပုံ။

စောနေခင်, မင်းကြီးအား ပေးအပ်လေရာ ၎င်းကျိုက်စောရှင်, စေတီတော်ကြီး၌ ထပ်မံ၍ ဌာပနာပြီးလျှင် စေတီတော် တည်ပြန်သည်ဟုဆိုပါသည်၊၎င်းစေတီတော်ကြီးကား ယခုမျက်မြင် အုဋ်သား လေးထပ်ရှိရာ လေးကြိမ် ထပ်တည်သော စေတီတော်ကြီးဖြစ်ပါသည်၊ ၎င်းစေတီတော်ကြီး ဘွဲ့တော်ကိုလည်း ကျိုက်ပါဒဆန်လွန်, ဟု ဘွဲ့တော်ထိုးပါသည်၊ ထို့ထက် အကျယ် သိလိုပါက 'ပါဒနိုင်ငံတော်ရာဇဝင်,၌ ကြည့်တော်မူပါ၊ ၎င်းစေတီတော်ကြီးကိုလည်း၊ ပါဒ,ငါးထပ်ဘုရားကြီး ကျောင်းဘုန်းတော်ကြီးက ထပ်မံပြုပြင်ရန် သုခ်သင်ရှင်းလင်းနေရာ သဒ္ဓါတရား ရှိသူများ ကုသိုလ် ပါဝင် ကြပါစေသတည်း။

## အုဋ်မလောက်သမျှ ဘုရားဒါယကာကြီးဦးပေတိုးက တဦးတည်းဒါယကာခံယူခြင်း။

ထိုအခါ သဒ္ဓါ,သီလ,သုတ,စာဂ, စသော သူတော်ကောင်းတရား ခုနစ်ပါးနှင့်ပြည့်စုံသူ ဘုရားဒါယကာကြီးဦးပေတိုးရောက်လာရာ တောရှင်းလင်းနေသည်ကို တွေ့မြင်၍ ဆရာတော်ဘုရားအဘယ့်ကြောင့် တောထွင် ရှင်းလင်းနေပါသနည်းဟု လျှောက်ထား မေးမြန်းသောကြောင့် ငါးထပ်ဆရာတော် ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ ဒါယကာကြီး များမကြာမီ ဘုရားတည်ရန် အုဋ်များ ကုန်တော့မည်၊ အုဋ်မလောက်သည့် အတွက်စေတီယျက်ကြီးမှ အုဋ်များယူရန် တောထွင်ရှင်းလင်းနေသည်ဟု

မိန့်ကြားတော်မူလေရာ ဘုရားဒါယကာကြီး ဦးပေတို့က အ၍ ဆွေး အ၍ကျိုးများကို မယူပါနှင့်ဘုရား၊ အ၍ မလောက်သမျှ ဘုရားတပည့်တော်က လှူဒါန်းပါမည်ဟု လျှောက်ထားပြီးလျှင် ချက်ခြင်းပင် ကမာရွတ်သို့သွား၍ စက်အ၍သုံးသောင်း ဝယ်ယူ လှူဒါန်းပါသည်၊ ထို့အတွက် ငါးထပ်ဘုရားကြီး တည်ရာ၌ ကုန်သော အ၍ချပ်ရေမှာ တသိန်း သုံးသောင်း ဖြစ်ပါသည်။

ပလ္လင်တော်မှ အထက်ခါးတော်အထက်သို့ရောက်သော အခါ အလျား၊ အနံ၊ နှစ်ပေ၊ ပတ်လည်အနက်တစ်ဆယ့်ရှစ်၊ လက်မရှိသော ဌာပနာတိုက်ကို ပြုလုပ်ပြီးလျှင် များစွာသော ဓါတ်တော်၊ မွေ တော်များကိုရင်း၊ ဦးဇကြီး၊ ဒေါ်တုတ်တို့က သတ္တဌာနအစုံကို ရင်း၊ ငွေသပိတ်၊ ငွေယပ်၊ များကိုရင်း၊ သက်တော်ထင်ရှားမြတ် စွာဘုရား၌ ဓမ္မကန္ဒာပေါင်း ရှစ်သောင်း လေးထောင် ကိန်း အောင်းနေသကဲ့သို့ ယခုတည်ဆဲ ငါးထပ်ရုပ်ပွားတော်မြတ်ကြီး ၌ ဓမ္မကန္ဒာ၊ ဓမ္မစေတီတော်များ ကိန်းအောင်း စိမ့်သောငှါ....

ပဋိစ္စသမုပ္ပါဒါဒိ လိခိတ ပေါတ္ထကံ နိဒဟိတွာ

ကတံ ဓမ္မစေတိယံ နာမ။

ဟူသော ဝိနယပိဋကာ သာရတ္ထ ဒီပနီဋီကာ၊ လာ ရှိသည့်အတိုင်း ရွှေပရပိုက်၊ ငွေပရပိုက်များ၌ ပဋိစ္စသမုပ္ပါဒ်အစရှိသော တရား များနှင့်၊ ဟေတုပစ္စယော၊ အစရှိသောပဋ္ဌာန်း ဥဒ္ဒေသ၊ နိဒ္ဒေသ တရားများကိုရင်း ရေးသား၍ဌာပနာတော်မူပါသည်။



ငါးထပ်ဘုရားကြီး တည်ရာ၌ ငွေကြေး မလောက်သမျှ ဒါယကာခံယူ
လှူဒါန်းသော ဘုရားဒါယကာကြီး ဦးပေတိုး,ပုံ။

## ဒုတိယအကြိမ် ဝက်မလွှတ်ငှက်ပျောပင်မှ ထူးဆန်းစွာ နိမိတ်ပြခြင်း။

ဤကဲ့သို့ ပြည့်ပြည့်စုံစုံ ဌာပနာပြီးလျှင် ဌာပနာတိုက်ကိုပိတ်၍ အနောက်ဘက်ခြမ်း သက်န်းရုံသောဘက်ကို ဆက်လက်တည်လုပ်လာရာ ပခုံးတော်သို့ရောက်သောအခါ ယခုရှိဆဲ ဆွမ်းစားကျောင်း၏ အနောက်မြောက်ယွန်း, ပေငါးဆယ်ခန့် အကွာ၌ ငါးထပ်ဆရာတော်ဘုရားကြီးကိုယ်တိုင် ကျောင်းသားများကို စိုက်သိစေအပ်သော ဝက်မလွှတ် ငှက်ပျောပင်မကြီးမှ တစ်ဆယ့်လေးဖီးခန့် အခိုင်ကျ၍ သုံးပေ,နှစ်ပေ,တစ်ပေ ခြောက် လက်မ,ထို့နောက်မြေမှ ပေါ်ထွက်စ သားတက် အပင် ကလေးများပါမကျန် ငှက်ပျောဖူး ထွက်လာပါသည်၊ ထိုအခါ ပါဒကြီးကျောင်းတိုက်၌ ငှက်ပျောပင်မှ သားတက်ကလေးများပါမကျန် ငှက်ပျောဖူးထွက်သည်ဟု အုတ်အုတ်ကျက်ကျက်ဖြစ်၍ လူညီးများဖြင့် ကျောင်းဝိုင်းမဆန့်လောက်အောင် လာရောက်ကြည့်ရှုသူများလာရကား ငါးထပ်ဆရာတော်ဘုရားကြီးမှာ အုတ်အုတ်ကျက်ကျက် အထူးအဆန်းဖြစ်သည်ကို မနှစ်သက်သောကြောင့် ၎င်းငှက်ပျောပင်ကို အမြစ်ပါမကျန်တူး၍ စွန့်ပစ်စေပါသည်။

## ထူးဆန်းသော ငှက်ပျောပင်နှင့် တွံတေးဆရာတော် ဦးနာဂ,အဟော

ထိုအခါ ဂုဏ္ဍထူးဒီပနီ,ခေါ် ကိုးခဏ်းပျို့ဋီကာကျမ်းပြုအရေးပိုင်းမင်း ဦးကျော်ထွန်းသည် ၎င်းထောက်အဖြစ်ဖြင့် ကျောက်တန်းမြို့၌ အစိုးရအမှုတော်ထမ်းရွက်နေစဉ် ကမ္ဘာနသံခိပ်ပါဠိ

နိသျ, ပရိတ်ကြီးပါဠိတော်နိသျ,စသော များစွာသော ကျမ်းပြု သဒ္ဒါအရာ လွန်စွာဘတ်မြောက်တော်မူ၍ ပိဋကတ်အရာ၌နှံ့စပ် သေချာသည်ဟု ကျော်စောတော်မူသော တွံတေး ဆရာတော် ဦးနာဂ, မထေရ်မြတ်ကိုပင့်ယူ၍ ဆင်ကန်အနီး ယခုဒည်း ကျောင်းရှိသော ခြံထဲ၌ဝါးကျောင်းကလေးဆောက်၍ ကိုးကွယ် ထားရာ ငါးထပ်ဆရာတော်ဘုရားကြီးလည်း မကြာမကြာ, တွံ တေးဆရာတော် ဦးနာဂ, ထံသို့သွား၍ ဓမ္မ သာကစ္ဆာ အဖြစ် တရား ဆွေးနွေး မေးမြန်းပါသည်။ တနေ့သ၌ ငါးထပ် ဆရာတော် ဘုရားကြီးသည် တွံတေး ဆရာတော် ဦးနာဂ, ထံသို့သွား၍ တရားဆွေးနွေး ပြီးသော အဆုံး၌ အလ္လာပ, သလ္လာပ, စကားများကို ပြောကြားကြရာတွံတေးဆရာတော် ဦးနာဂ မထေရ်မြတ်က မေးမြန်းတော် မူသည်မှာ ဘုန်းကြီး ဘုရား .... အရှင်ဘုရား ကျောင်းတိုက်၌ ငှက်ပျောပင်မကြီး နှင့် သားတက်ကလေးများပါမကျန် ငှက်ပျောဖူး ထွက်သည်ဘု သုရားတပည့်တော် ကြားရပါသည်၊ မှန်ပါသလားဘုရား ဟု လျှောက်ထားမေးမြန်းလေရာ ကြားသည့်အတိုင်း မှန်ပါသည်ဟု ငါးထပ်ဆရာတော်ဘုရားကြီးက မိန့်ကြားတော် မူသောကြောင့် တွံတေးဆရာတော် ဦးနာဂ, မထေရ်မြတ်က မိန့်ကြားတော်မူ သည်မှာကား ဒါဖြင့်ဘုန်းကြီးဘုရား....အရှင်ဘုရား ယခုတည်ဆဲ ဖြစ်တော်မူသော ငါးထပ်ရုပ်ပွားတော်မြတ်ကြီးမှာ အများကြည် ညို၍ အလွန် ဘုန်းတန်ခိုးကြီးပါလိမ့်မည်၊ ဘုန်းကြီးဘုရား၏ ကျောင်းတိုက်ကြီးလည်း ကြီးပွား တိုးတက် လာပါလိမ့်မည်။ အဘယ့်ကြောင့်ပါနည်း အုန်းငှက်ပျောဆိုသည်မှာ မင်္ဂလာတိုင်း ပါရပါသည်၊ အုန်းငှက်ပျော မပါလျှင်မပြီးနိုင်ပါ သို့အတွက်

မင်္ဂလာရှိသောအပင်၊ အသီးများမှ အထူးအဆန်း ဖြစ်သော် အလွန်ကောင်းပါသည်ဘုရား။ မင်္ဂလာဆိုသည်မှာလည်း မင်္ဂတ္တိဝုဍ္ဎိ လတ္တိဂစ္ဆန္တိတိ မလံဟူသော ဝစနတ္ထနှင့်အညီ ကြီးပွား တိုးတက်ခြင်းဟု အဓိပ္ပါယ်ရသည့်အတွက် မုချကေန် တန်ခိုးကြီးမား ကြီးပွားတိုးတက်ပါလိမ့်မည်ဘုရားဟုသဒ္ဒါသံ ပါပါနှင့်လျှောက်ထားသည့်ပြင် ထပ်မံ၍လျှောက်ထားသည်မှာကား စေတီများ၌အထွဋ်အထိပ်ဖြစ်သော အမြင့်ဆုံးသော အရာဝတ္ထုကို ငှက်ပျောဖူးဟုခေါ်ပါသည်ဘုရား၊ သို့အတွက် ယခုလည်း ငှက်ပျောပင်ကလေးများမှ မဖြစ်ဘူးမြဲ၊ ထူးကဲဆန်းကြယ်စွာ ငှက်ပျောဖူးများထွက်လေရာ စေတီကြီးများကဲ့သို့ အမြင့်ဆုံး အထွဋ် အထိပ် ရောက်ထင်ပေါ်ကျော်စောရန် နိမိတ်ပြသည် ဟုဆိုလိုပါသည်ဘုရားဟု လျှောက်ထားလေရာ ငါးထပ် ဆရာတော်ဘုရားကြီးသည် တွေးဆရာတော် ဦးနာဂ၊ မထေရ်မြတ်ကား ပညာလည်း ရှိ၏၊ အကြားအမြင်နှင့်လည်း ပြည့်စုံ၏။ ရှေးသူဟောင်းများမှတ်သားထားသောစကားများကို တဆင့်ကြားဘူးဟန်တူသည်ဟု ကြံစည်တွေးတောပြီးလျှင် ဝမ်းမြောက်ဝမ်းသာ ပြန်ကြွလာခဲ့ပါသည်။

ထို့နောက်တဖန် အသားတော် ပေါ်နေသော အရှေ့ဘက်ပခုံးတော်ကို တည်လုပ်ရန် ဌာပနာတိုက် အထက်မှစ၍ အုဋ်စီတက်လာရာ ပလ္လင်တော်၏ အထက် သုံးပုံ ပုံ၍ နှစ်ပုံသို့ရောက်သောအခါ ဦးခေါင်းတော်တည်လုပ်ရန် နှစ်လက်မ ဂက်လည်သံမဏိ ပိန္နဲတိုင်မတ်မတ် တစ်တိုင်နှင့်မျက်နှာကည်လုပ်ရန် မြောက်ဘက်သို့ ခတ်စောင်းစောင်း ပိန္နဲတိုင် တစ်တိုင်၊ ပေါင်း သံမဏိ ပိန္နဲတိုင် နှစ်တိုင် စိုက်ထူ၍ အုဋ်စီတက်ပြီးလျှင် ဦးခေါင်းတော်

ကို တည်လုပ်ထားပါသည်၊ ထို့ကြောင့်ပင် မည်မျှပြင်းပြင်း ထန်ထန် မြေလျှင် လှုပ်စေကာမူ ငါးထပ်ဘုရားကြီးမှာ ဘာမျှ မဖြစ်ဘဲခံနိုင်ရည် သတ္တိရှိပါသည်၊ အရှေ့ဘက်ခြမ်း အင်္ဂုဒ်စီတက် ၍ ပခုံးတော်သို့ရောက်သောအခါ နှစ်လက်မ ပတ်လည်နှစ်ဘက် သံကွင်းရှိသောသံချောင်းကြီး တစ်ချောင်းကို ပိန္နဲတိုင် နှစ်တိုင် ကြား၌ သက်ဝဲ့လက်ျာ လက်တော်များအမှီ ကန့်လန့် ချလိုက် ပါသည်၊ ၎င်းသံချောင်းကြီးကိုမြှုပ်၍ အင်္ဂုဒ်စီတက်ပြီးလျှင်လက်ဝဲ လက်တော်လုပ်ရန် လက်ဝဲလက်တော်အကွေးလိုက် ချိတ်ပါသော နှစ်လက်မ ပတ်လည် သံချောင်းကြီးကို လက်ဝဲဘက်ပခုံးတော်ရှိ သံကွင်းကိုချိတ်၍ တစ်ချောင်း၊ လက်ျာလက်လုပ်ရန် လက်ျာ လက်တော်အကွေးလိုက် ချိတ်ပါသော နှစ်လက်မ ပတ်လည် သံ ချောင်းကြီးကို လက်ျာဘက် ပခုံးတော်ရှိ သံကွင်းကို ချိတ်၍ တစ်ချောင်း၊ ပေါင်း သံချောင်း နှစ်ချောင်းကို တွယ်ချိတ်ပြီး လျှင် ၎င်းသံချောင်းများကို အမာခံထား၍ လက်ဝဲ့လက်ျာလက် တော်များ ပြုလုပ်ပါတော့သည်။

လည်ပင်းတော်သို့ ရောက်သောအခါ ပါဒကြီးရွာ ဒါယကာ ကြီး ဦးကျော်ထွန်းက မိမိ၏ သိဒ္ဓိပေါက်ခါနီးသော ဓာတ်လုံး ကို ဌာပနာပါသည်၊ ဒါယကာကြီး ဦးကျော်ထွန်းက လျှောက် ထားသည်မှာကား ဘုရားတပည့်တော်၏ ဓာတ်လုံး ကြောင့် အရှင်ဘုရားတည်ထား ကိုးကွယ်တော်မူသော ရုပ်ပွားတော်မြတ် ကြီးမှာ မြန်မာ မဆန့်၊ ကမ္ဘာနှံ့အောင် ကျော်ကြားပါလိမ့် မည်ဘုရား၊ နောက်လူ နောက်သားများလည်း ဘုရားတပည့် တော် ဓာတ်လုံး၏ သိဒ္ဓိတန်ခိုးကို သိရှိကြပါလိမ့်မည်ဘုရားဟု လျှောက်ထားပါသည်။

ဤမျှလောက် သိဒ္ဓိပေါက်ခါနီးသော ခေတ်လုံးကို ဦးကျော်ထွန်းက အဘယ့်ကြောင့် ဌာပနာပါသနည်း၊ ခေတ်လုံး၏ သိဒ္ဓိ တန်ခိုးနှင့် ဦးကျော်ထွန်း၌ ရှိသော ဒါန, သီလ, ဘာဝနာဆိုအပ်သော ကိုယ်ကျင့်တရား များမှာ အိမ်ယာထောင်သူ လူဝတ်ကြောင်ဖြစ်နေသည့် အတိုင်း မညီ, မမျှ ဖြစ်နေသည့်အတွက် ၎င်းခေတ်လုံး မှာ ထိုးတိုင်း-ထိုးတိုင်း လုံပေါ်သို့ တထွာခန့် တတောင် ခန့် တက်နေသောကြောင့် ဤခေတ်လုံးသည် တနေ့ နေ့၌ ကေန်ထွက်တော့မည်·ဤခေတ်လုံးထွက်လျှင်လည်း ငါ ရှုံးကောင်း ရှုံးလိမ့်မည်ဟု သတိတရား ရသည့် အလျောက် ငါးထပ် ရုပ်ပွားတော်မြတ်ကြီး၌ ဌာပနာ လိုက်ခြင်းဖြစ်ပါသည်။

## ဦးခေါင်းတော်နှင့် မျက်နှာတော်ကို တည်လုပ်ရာ၌ ငါးထပ် ဆရာတော်ဘုရားကြီးက အထူးဝါယမစိုက်တော်မူခြင်း။

လည်ပင်းတော် တည်လုပ်၍ ပြီးစီး သွားသော အခါ ဦးခေါင်းတော်နှင့် မျက်နှာတော်ကို တည် လုပ်ပါ တော့ သည်၊ ထိုအခါ ငါးထပ် ဆရာတော် ဘုရားကြီးလည်း ရုပ်ပွား တော် မြတ်ကြီး၏ မျက်နှာတော်ကို အထူး သပ္ပါယ် ကြည်ညို ဘွယ် ဖြစ်စေလိုရကား၊ ဦးခေါင်းတော် ပြားသည်, လုံး သည် မျက်နှာတော် ဝိုင်းသည်,ရှည်သည်, ပါးတော် ပိန်သည်, ဖေါင်းသည်၊ မျက်ခုံးတော် ရွှေသည်, စောင်းသည်၊ သင်းကျစ် တော် ကျယ်သည်,ကျဉ်းသည်၊ မျက်လုံးတော် ကျဉ်းသည်,ကျယ်

သည်၊ ပါးစပ်တော် ပြဲသည့်စေ့သည်ဟု ခဏခဏ ပန်းရံဆရာ ကြီး ဆရာညက်အား သတိပေးလေရာ ပန်းရံဆရာကြီး ဆရာ ညက်က လျှောက်ထားသည်မှာ ဆရာတော်ဘုရား.... မျက်နှာ တော်တခုတည်း လှပတင့်တယ်-ကြည်ညိုဘွယ်ဖြစ်အောင် အလွယ် တကူပင် ဘုရားတပည့်တော် တည်လုပ်နိုင်ပါသည်၊ မျက်နှာ တော် တခုတည်း ကြည်ညိုဘွယ်ရှိရုံနှင့် ရုပ်ပွားတော်မြတ်ကြီးမှာ မသပ္ပါယ်နိုင်ပါ၊ အောက်က တင်ပလ္လင်ခွေတော်မူစ၍ ကိုယ် တော်နှင့် ညီမျှအောင် လက်တော်ခါးတော်များမှာ ကုန်းခြင်း ကွခြင်း ခါးသေးခြင်း ရင်ကော့ခြင်း မရှိမှသာ အချိုးအစား ကျနရ၍ လှပတင့်တယ် ကြည်ညိုဘွယ်ရှိသော ရုပ်ပွားတော်မြတ် ကြီး ဖြစ်နိုင်ပါသည်ဘုရား၊ သို့အတွက် ရုပ်ပွားတော်မြတ်ကြီး ကို ကြည့်ရှုဖူးမျှော်ပါက မျက်နှာတော် တခုတည်းကိုသာ မဖူး မျှော်ဘဲ အောက်ကနေပြီး သက်နှိုးတွန့်မှစ၍ ဦးခေါင်းတော် မျက်နှာတော်ပါမကျန် ခန္ဓာကိုယ်တော်နှင့်မျှမမျှ ကြည့်ရှု ဖူး မျှော်တော်မူပါဘုရား၊ဘုရားတပည့်တော် ယခု တည်ထားသော ရုပ်ပွားတော်မြတ်ကြီးမှာ ပရိသတ်လေးပါးအလယ်ညှော်ခံထိုင်နေ ပုံ တည်ထားသော ဘုရားကြီး ဖြစ်ပါသည်ဟု လျှောက်ထား လေရာ၊ အေး....ဟုတ်ပေ၏ ဒါယကာကြီးဟု အမိန့်ရှိတော်မူပြီး လျှင် နောက်ဘာမျှ အမိန့်ရှိတော်မမူဘဲ၊ ပန်းရံဆရာကြီး ဆရာ ညက် ပြင်ဆင် ပြုလုပ်နေသည်ကိုသာ ကြည့်ရှု ဖူးမျှော်နေပါ တော့သည်။

## ရုပ်ပွားတော်မြတ်ကြီး ပြီးစီးသွားသောအခါ ပန်းရံဆရာကြီး ဆရာညက်က အထူးသဘောကျ၍ ဝမ်းမြောက်ဝမ်းသာ လျှောက်ထားခြင်း

ရုပ်ပွားတော်မြတ်ကြီးကို ခုနစ်လတိုင်တိုင် တည်လုပ်၍ ပြီးစီးသွားသောအခါ ပန်းရံဆရာကြီး ဆရာညက်က အထူးချီးမွမ်း၍ လျှောက်ထားသည်မှာကား၊ ဆရာတော်ဘုရား, ဘုရားတပည့်တော် ယခုတည်၍ ပြီးစီးသွားသော ရုပ်ပွားတော်မြတ်ကြီးမှာ ဘုရားတပည့်တော်၏ အိပ်ယာဘေးနားမှာထားပြီးလျှင် တစိမ့်စိမ့်ကြည့်၍ လက်သည်းခေါင်းဖြင့် ထိုး၍ ထွင်းထုထားသော သစ်သားရုပ်ပွားတော်မြတ်ကလေးမှာ အလွန်သပ္ပါယ် ကြည်ညိုဘွယ် ရှိလှပါသည်ဘုရား၊ ဘုရားတပည့်တော် တည်လုပ်ခဲ့ပြီးသော ရန်ကုန်မြို့ရှိ ငါးထပ်ရုပ်ပွားတော်မြတ်ကြီး၊ ကြည့်မြင်တိုင်ရှိ ကိုးထပ်ဘုရားကြီး၊ ရွှေတိဂုံဘုရား ရာဟုထောင့်ရှိ ရုပ်ပွားတော်မြတ်ကြီး၊ ပဲခူးမြို့နယ် ကဝမြို့ရှိ ရုပ်ပွားတော်မြတ်ကြီး စသော များစွာသော ရုပ်ပွားတော်မြတ်ကြီးတို့တွင် ပါဒကြီးရှာရှိ ဤရုပ်ပွားတော်မြတ်ကြီးမှာ အချိုးအစားကျ၍ အထူးသပ္ပါယ်လှပါသည်ဘုရား၊ ဘုရားတပည့်တော်လည်း အထူး ဝမ်းမြောက်နှစ်သက် သဘောကျလှပါသည်ဘုရားဟု လျှောက်ထားလေရာ ငါးထပ်ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ၊ ဒါယကာကြီး အဘယ်သို့ လျှောက်ထားဘိသနည်း၊ ကိုယ်တည်သော ဘုရားကို ကိုယ်ကတော့ သပ္ပါယ်သည်ဟု ပြောကြသည်မှာ ဓမ္မတာ ဖြစ်ပေသည်ဟု မိန့်ကြားတော်မူသောကြောင့် ပန်းရံဆရာကြီး ဆရာညက်က လျှောက်ထားပြန်သည်မှာ၊ မှန်

လှပါ, ဆရာတော်ဘုရား... ဘုရားတပည့်တော် တည်လုပ်သော ဘုရားများကို ဘုရားတပည့်တော်ကတော့ အလွန်သပ္ပါယ် ကြည်ညိုဘွယ်ဖြစ်အောင် တည်လုပ်သည်ချည်း ဖြစ်ပါသည်ဘုရား...၊ သို့သော်လည်း အထည်ကိုယ်ဝတ္ထုကအလွန်ကြီးလွန်းသည့်အတွက် ဘုရားတပည့်တော် ထင်တိုင်း မသပ္ပါယ်ဘဲ သင့်သလိုသာ ဖြစ်သွားပါသည်ဘုရား၊ ထိုသို့ ဖြစ်သွားသည့်အခါ ဘုရားတပည့်တော်က တည်ပြီးသော ရုပ်ပွားတော်မြတ်ကြီးများကို တစိမ့်စိမ့် ကြည့်၍ အားမရသည့်အတွက် ထပ်ခါထပ်ခါ ပြင်ဆင်ပါသော်လည်း သဘောမကျဘဲနှင့် သင့်သလိုသာ အပြီးသတ်ခဲ့ရပါသည် ဘုရား... ယခု တည်ပြီးသော အရှင်ဘုရား၏ ရုပ်ပွားတော်မြတ်ကြီးမှာကား နတ်တို့ဆော်ဖန်လုလ္လထန်ပြင်း အားစိုက်သွင်းသည့် အလား ဤမျှလောက် သပ္ပါယ်လိမ့်မည်ဟု ဘုရားတပည့်တော် မမှန်းထားဘဲ ဘုရားလည်းပြီး, သဘောလည်းကျ အထူးသပ္ပါယ်လှသဖြင့် ဘုရားတပည့်တော်က ဝမ်းမြောက်ဝမ်းသာ ချီးကျူးရခြင်း ဖြစ်ပါသည်ဘုရားဟု လျှောက်ထားလေရာ, အေး.... ဟုတ်ပေလိမ့်မည် ဒါယကာကြီးဟု ငါးထပ်ဆရာတော်က ဒုတိယအကြိမ် ဝန်ခံရပြန်ပါသည်။

ထို့နောက် ပန်းရံဆရာကြီး ဆရာညက်က လျှောက်ထားသည်မှာ ဆရာတော်ဘုရား ယခု တည်ပြီးသော ရုပ်ပွားတော်မြတ်ကြီးကို ရှေ့ကဘဲ ကြည့်ကြည့်, နောက်ကဘဲ ကြည့်ကြည့်, ဘေးကဘဲ ကြည့်ကြည့်,အရပ်မျက်စိနှင့်ဘဲ ကြည့်ကြည့်, ပန်းရံဆရာများ၏ ပညာမျက်စိနှင့်ဘဲ ကြည့်ကြည့်, သုံးဆယ့်နှစ်ပါးသော-လက္ခဏာတော်ကြီး ရှစ်ဆယ်သောလက္ခဏာတော်ငယ်တို့ကို

ထည့်သွင်း၍ ပိဋကတ်မျက်စိနှင့်ဘဲ ကြည့်ကြည့်, ကြည့်ချင်ရာက နေ ကြည့်,၍ ကြည့်ရှုဖူးမျှော် အပူဇော်ခံနိုင်သော ရုပ်ပွားတော် မြတ်ကြီး ဖြစ်ပါသည်ဘုရား၊ ကြည့်ရှုဖူးမျှော်သူ အားလုံးတို့လည်း ရှင်ပြုံးပီတိ ဆိတ်ထိဂွမ်းလို့ ရှမ်းစိန့်သိမ့် ကိုယ်လုံးငြိမ့်၍ တစိမ့်စိမ့် ကြည်နူးပြီး အထူးနှစ်သက် ဝမ်းမြောက်ခြင်းကို ဖြစ်စေနိုင်သော ရုပ်ပွားတော်မြတ်ကြီး ဖြစ်ပါသည်ဘုရားဟု လျှောက်ထားပြန်ပါသည်။

ထို့ကြောင့်ပင် ဘုရားဖူးလာသောပညာမျက်စိရှိသူ ဒါယကာကြီးများက ဆရာတော်ဘုရား ဤမျှသပ္ပါယ် ကြည်ညိုဘွယ်ရှိသော ရုပ်ပွားတော်မြတ်ကြီးကို ရှေးအခါက ဘယ်မှာမှ မတွေ့စဘူးပါ ဘယ်ပန်းရံဆရာတည်ပါသနည်းဘုရား ဤပါဒကြီးရွာမှာသာ တွေ့မြင် ဖူးမျှော်ရပါသည်ဘုရား .. ဟု လျှောက်ထားချီးကျူးသံများကိုလည်း ဤစာရေးသူကိုယ်တိုင် မကြာမကြာ ကြားရဘူးပါသည်။

၎င်း ပန်းရံဆရာကြီး ဆရာညက် လျှောက်ထားသည့်အတိုင်း သုဒုလ္လဘာ အရတော်စွာ ငါတို့သည် ဤမျှ သပ္ပါယ်ကြည်ညိုဘွယ်ရှိသော ရုပ်ပွားတော်မြတ်ကြီးကို ရရှိကိုးကွယ်ရလေပြီဟု ငါးထပ်ဆရာတော်ဘုရားကြီးနှင့် တကွ ဘုရားဒါယကာကြီး ဦးပေတိုး,ရွာသူ,ရွာသားများပါမကျန် တည်ပြီးကာစ ရုပ်ပွားတော်မြတ်ကြီးအား အထူးနှစ်သက် မခွါရက်နိုင်ဘဲ နေထွက်က နေဝင်သည်တိုင်အောင် ဖူးမျှော်ရှင်လန်း ကန်တော့ပန်း ဆင်၍သာ အချိန်ကုန်ပါတော့သတည်း။

## တတိယအကြိမ် နိမိတ်ကြီး ။

၁၂၆၉-ခုနှစ် ကဆုန်လဆန်းသို့ ရောက်သောအခါ ရုပ်ပွား တော်မြတ်ကြီး တည်လုပ်၍ ပြီးသွားပါပြီ၊ ပြီးစီးသွားသည်ဆို သော်လည်း အသားတော်များကို ကျောက်ရောင်တင်ခြင်းမပြီး စီးသေးပါ၊ကျောက်ရောင်တင်လှူသော ဒါယကာများမှာ ဦးလှ ဖေ-ဒေါ်ရှင့်တို့ဖြစ်ပါသည်။ ဘုရားတည်သော ပန်းရံဆရာကြီး များကိုပင် ကျောက်ရောင်တင်ရန် ဆက်လက်ငှါးရမ်းပါသည်။ သင်္ကန်းတော်ကိုမူကား ရွှေသင်္ကန်းကပ်လှူရန် ထုံးငွေ့ ဘိလပ် မြေမှုန့်ကုန်သည်တိုင်အောင် တမိုးယံဆိုင်းငံ့၍မြေနီသင်္ကန်းကပ်လှူ ထားပါသည်။ ထိုအခါ ရုပ်ပွားတော်မြတ်ကြီး၏ အရှေ့ဘက် ပလ္လင်တော်ဘေး၌ကပ်လျက် တထွာခန့် တညိုခန့် လေးလက်မခန့် သုံးလက်မခန့်ရှိသော အထူးအဆန်း မှိုပွင့်ကြီးငယ်များ ပေါက် ရောက်လေရာ ရှသူ ရှုသားများက မှုကား ဘုရားကြီး၌ မှိုပေါက်သည်ဟု သာမညပင် သဘောထားကြပါသည်။ ထို အချိန်က လောကီ လောကုတ္တရာပညာများနှင့်ပြည့်စုံသူ အရေး ပိုင်မင်း ဦးကျော်ထွန်းသည် ဝန်ထောက်မင်းအဖြစ်ဖြင့် ကျောက် တန်းမြို့၌ အုပ်စိုးရအမှုတော်ကို ထမ်းရွက်နေစဉ် ပါဒကြီးရွာ၌ တည်ပြီးကာစဖြစ်သော ရုပ်ပွားတော်မြတ်ကြီးကို လာရောက် ဖူးမျှော်လေရာ....

"ဟေ့....ဘုရားကြီး တယ်သပ္ပါယ်ပါကလား...."ဟု ဘုရား ပေါ်၌ အလုပ်·လုပ်နေသောသူများကို အော်၍ပြောပါသည်။

ထိုနောက် ဘုရားကြီးကို လှည့်ပတ်ဖူးမျှော်လေရာ ဘုရား ကြီး၏ အရှေ့ဘက် ပလ္လင်ဘေး၌ ကပ်လျက် ပေါက်နေသော

မှိုပွင့်များကို မြင်သောအခါ အံ့ဩသော အခြင်းအရာဖြင့်.......

" ဟာ.... မှိုတွေ ပေါက်နေပါကလား.... မင်းတို့ဘုရားကြီး တန်ခိုးကြီးလိမ့်မည်ဟေ့... ဘုရားလူကြီးရှိသလား...." ဟု မေးသောကြောင့်....

ဦးဘိုးကျွန်းက "ရှိပါသည်-ဘုရားလူကြီး ကျွန်တော်ပါဘဲ" ဟု ပြောသောအခါ....

ဝန်ထောက်မင်း ဦးကျော်ထွန်း့က ပြောပြသည်မှာ "မှိုဆိုတာ လူများလိုချင်ကြတယ်ကွ၊ နှစ်သက်ကြတယ်ကွ ကြားလား၊ အဲဒီတော့ မင်းတို့ဘုရားကြီးဟာ မှိုများကို လူများနှစ်သက်လိုချင်ကြသလို ဗုဒ္ဓဘာသာဝင် လူအများ နှစ်သက် ကြည်ညိုတဲ့ တန်ခိုးကြီးဘုရားဖြစ်လိမ့်မယ်ကွယ့် ကြားလား...."

" အဲဒီတော့ ဘုရားကြီး တန်ခိုးကြီးအောင်ကွာ ဘုရားပွဲ ထည့်ပါ" ဟု ဝန်ထောက်မင်း ဦးကျော်ထွန်း့က တိုက်တွန်းသောအခါ....

ဦးဘိုးကျွန်း့က ပြန်ပြောသည်မှာ " ပွဲထည့်ရတာကတော့ ဝန်မလေးပါ၊ ဝန်ထောက်မင်းခင်ဗျား ပွဲမိန့်ယူရတာက အလွန်ငွေကုန်ပါသည်"ဟု ပြောသောကြောင့်....

ဝန်ထောက်မင်း ဦးကျော်ထွန်း့ ပြန်ပြောသည်မှာ "ဟာ.... ပွဲမိန့်ယူတာ ငွေမကုန်စေရပါဘူးကွ၊ ငါ...ပွဲမိန့်ပေးပါမည်"ဟု ပြောသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဘုရားလူကြီး ဦးဘိုးကျွန်း့က ဘုရားဒါယကာကြီး ဦးပေတိုး့ကို ပြန်ပြောပြသောအခါ ဘုရားဒါယကာကြီးဦးပေတိုး့က ပါဒကြီးရွာသူရွာသား

များနှင့် တိုင်ပင်၍ ထိုနှစ် ကဆုန်လပြည့်နေ့မှစ၍ ဘုရား ဆွမ်း တော်ကြီးတင်ရုပ်ပွားတော်မြတ်ကြီးအား အနေကဇာတင်သံဃာ တော်များကို ဆွမ်းကျွေး, ဆွမ်းဆန်စိမ်း လောင်းပြီးနောက် ဦးတိုးကြီး,ရုပ်သေးကို ငှါးရမ်း၍ ဘုရားပွဲတော်ကြီး ကျင်းပ ပါတော့သည်။

## ရုပ်ပွားတော်မြတ်ကြီးအား အနေကဇာတင်ခြင်းနှင့် ဘွဲ့ကမ္ပည်းထိုးတော်မူခြင်း။

ထိုသို့ ဆွမ်းဆန်စိမ်းလောင်း ဘုရားအနေကဇာတင်ရန် ပင့် ဆောင်ထားသော သံဃာတော်များက ထိုနှစ် ကဆုန်လပြည့်နေ့ နံနက်စောစောအချိန်၌ အနေကဇာ-တိ သံသာရံ....ဟု သံပြိုင် ကျူးရင့် သံစုံဖွင့်၍ နှုတ်ဖြင့်လိုက်ဆု အနေကဇာတင်,တော်မူ ကြပါသည်။ အနေကဇာ တင်ပြီးသောအဆုံး၌ ယခု တည်ပြီး သော ရုပ်ပွားတော်မြတ်ကြီးကိုလည်း ဇေယျာပူရတိုင်း စစ်ကိုင်း မြို့၌ ယခု'ငါးထပ်ကြီးဘုရားကြီး'ခေါ်ဝေါ်ကြသော ရုပ်ပွား တော်မြတ်ကြီးကို ရှေးအခါက 'ဝေဠုဝန်ဘုရားကြီး'ဟု ခေါ် ဝေါ်ကြပါသည်။

သက္ကရာဇ် ၉၉၀-ခု ဒုတိယဝါဆိုလပြည့်ကျော် ခုနစ်ရက် ဗုဒ္ဓဟူးနေ့၌ စတင်တည်ထားတော်မူ၍ သုသောဓိတ မဟာ ရာဇဝင် မှန်နန်းရာဇဝင်တော် အလိုအားဖြင့် သီဟိုဠ်ကျွန်းက 'စွယ်တော်စစ်'ရှိသည်ဟု ထင်ရှားကျော်စောတော်မူသော 'ရာဇ မဏိစူဠာ'ကောင်းမှုတော် စေတီတော်ကြီး ဒါယကာသာလွန် မင်းတရားကြီး၏ သားတော်ဖြစ်သော မင်းရဲရန္တမိတ်သည် မိမိ



ငါးထပ်ရပ်ပွားတော်မြတ်ကြီးကို ဦးစီးနာယကပြု၍၊ တည်ထားတော်
မူသော ကျော့ဖူးရှင် ငါးထပ်ဆရာတော်ဘုရားကြီး,ပုံ၊ သက်တော်
၈၇-နှစ်၊ သိက္ခာတော်-၆၈-ဝါရ, ၁၂၉၉ ဒုတိယဝါဆို လပြည့်
ကျော်၈—ရက်နေ့က, ပျံလွန်တော်မူပါပြီ။

အထွဋ်အထိပ်သို့ရောက်သောအခါ ၎င်းရုပ်ပွားတော်မြတ်ကြီးကို ငါးထပ်ရှိသော သို့မဟုတ် ဘုံငါးဆင့်ရှိသော တန်ဆောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းပါသည်။ ထိုအခါမှစ၍ စစ်ကိုင်းမြို့သူ မြို့သား ပြည်သူ ပြည်သားတို့က ၎င်း ဝေဠုဝန်ဘုရားကြီးကို ငါးထပ်ရှိသော တန်ဆောင်းကို အစွဲပြု၍ ငါးထပ်ဘုရားကြီးဟု ခေါ်ဝေါ်ကြပါတော့သည်။ ၎င်းငါးထပ်ဘုရားကြီးနှင့် ရုပ်ပွားတော်မြတ်ချင်းတူသည်၏ အဖြစ်ကြောင့် လူကြီး-လူငယ် လူရှယ်-လူလတ်တို့ကို ခေါ်ဝေါ်လွယ်ကူစေခြင်းငှါ * ငါးထပ်ဘုရားကြီး,ဟု ဘွဲ့ကမ္ပည်း ထိုးတော်မူပါသည်။ ထိုစစ်ကိုင်းမြို့ရှိ ငါးထပ်ဘုရားကြီးကို အစွဲပြု၍ ရုပ်ပွားတော်မြတ်များ၏ ဘွဲ့တော်မှာ မြန်မာပြည် ရာဇဝင် သမိုင်းများနှင့် မြို့ရွာများ၌ ငါးထပ်ကြီးဘုရား- ခြောက်ထပ်ကြီးဘုရား - ကိုးထပ်ကြီးဘုရား, တဆယ့်နှစ်ထပ်ကြီးဘုရား,ဟု ဘွဲ့တော်မျိုး အခေါ်အဝေါ်တွင်-

---

* ပါဒနိုင်ငံတော် ရာဇဝင် ဆရာက မှုကား မာရ်ငါးပါး အောင်သည်ကို အစွဲပြု၍ ငါးထပ်ဘုရားကြီးဟု ဘွဲ့ကမ္ပည်းထိုးတော်မူသည်ဟုဆိုပါသည်၊ ဘွဲ့နာမည်ဖြစ်ရာ ထိုသို့ ကြံလိုက, ကြံနိုင်သော်လည်း ငါးထပ်ဆရာတော်ဘုရားကြီး၏ ဘွဲ့ကမ္ပည်းထိုးတော်မူရင်းသသောထားမှာမူကား စစ်ကိုင်းမြို့ ငါးထပ်ဘုရားကြီး၏ ဘွဲ့ကမ္ပည်းတော်ကိုယူ၍ ထိုးခြင်းသာဖြစ်ပါသည်၊ အဘယ့်ကြောင့်ပါနည်း,ဤစာရေးသူ ကျောင်းဘားဘဝက ငါးထပ်ဆရာတော်ကြီးနှင့်အတူ စစ်ကိုင်း,မြို့ ငါးထပ်ဘုရားကြီးသို့ ဘုရားဖူး သွားကြရာ . တို့ဘုရားကြီးလည်း, ဤငါးထပ်ဘုရားကြီးကိုအမှီပြု၍ ခေါ်ဝေါ်လွယ်အောင်' မြန်မာလိုဘဲ 'ငါးထပ်ဘုရားကြီး'ဟု ဘွဲ့ကမ္ပည်းထိုးတော်မူသည်ဟု မိန့်ကြားဘော်မူပါသည်။

လာပါတော့သတည်း။ ထိုသို့တည်ပြီးကာစ ရုပ်ပွားတော်မြတ်ကြီးကို ငါးထပ်ဘုရားကြီးဟုဘွဲ့ကမ္ပည်း ထိုးတော်မူသောအချိန်မှစ၍ ကျေးဇူးရှင် ဆရာတော် ဘုရားကြီးကိုလည်း ပါဒ ငါးထပ် ဆရာတော်ဘုရားကြီး ဟူ၍ရွှေ့ငင်း, ပါဒငါးထပ်ကြီး ဆရာတော် ဟူ၍ရွှေ့ငင်း, ပါဒဆရာတော် ဘုရားကြီးဟူ၍ရွှေ့ငင်း၊ အမျိုးမျိုး ခေါ်ဝေါ်ရေးသားကြပြီးလျှင် ပါဒကျောင်းကိုလည်း အောက်ကျောင်းဟူသော နာမည်ပျောက်၍ ပါဒ ဘုရားကြီးကျောင်း ဟူ၍ရွှေ့ငင်း၊ ပါဒ ငါးထပ်ကြီး ဘုရားကျောင်း ဟူ၍ရွှေ့ငင်း ခေါ်ဝေါ်ရေးသားကြပါတော့သတည်း။

## ငါးထပ်ဆရာတော်ဘုရားကြီး၏ တားမြစ်တော်မူခဲ့ခြင်း။

ထိုနောက် ငါးထပ်ဆရာတော်ဘုရားကြီး၏ ဆက်လက် မိန့်ကြားတော်မူသည်မှာ ဤ ငါးထပ်ဘုရားကြီး၏ တန်ဆောင်းတော်ကြီးအတွင်း၌သော်၎င်း၊ ဤငါးထပ်ဘုရားကြီး၏ ဥပစာ၌သော်၎င်း အခြား အုဋ်ဆင်းတု ကျောက်ဆင်းတု ကြေးဆင်းတု သစ်သားဆင်းတု စသော ရုပ်ပွားတော်များနှင့် စေတီတော် အမျိုးမျိုးများကို သော်၎င်း၊ အဂ္ဂသာဝက, မဟာသာဝက, စသော ရဟန္တာရုပ်ပွားတော်များကိုသော်၎င်း၊ တည်ထား ကိုးကွယ်ခြင်းမပြုရ၊ မဘွယ်မရာ ဗေဒင်ဆရာများ၏ ယတြာ ဆင်မှုကြောင့် ငါးထပ်ဘုရားကြီး၏ အသားတော်နေရာများကိုလည်း ရွှေမချရ,ဟု တားမြစ်တော်မူပါသည်။ ၎င်းငါးထပ်ဆရာတော်ဘုရားကြီး တားမြစ်မိန့်တော်မူသည့်အတိုင်း ကျေးဇူးရှင် ဘုရားကြီး၏ တပည့်များက ယနေ့ထက်တိုင် လိုက်နာကျင့်သုံးလျှက်

ရှိပါသည်၊ ဤငါးထပ်ဘုရားကြီး မပျက်မစီး, တည်ရှိနေသေး သမျှ ကာလပတ်လုံး နောက်နောက် တပည့် အဆက်ဆက်များ လည်း လိုက်နာကျင့်သုံးနိုင်ပါစေသော၄၊ ဘုရားကြီးတဆူ၏ ဘေး၌ ဘုရားကလေးလေးပါး အမြောက်အများ တည်ထားကိုး ကွယ်ခြင်းကား ဘုရားကို ကြည်ညိုဖူးမျှော်သူတို့၏ စိတ်ဓါတ်ကို ကြည်လင်ရွှင်လန်း,သဒ္ဓါပန်း မပွင့်မစေရုံမျှမက အာရုံပျက်ပြား သဒ္ဓါဇော နည်းပါးသွားစေသည်ဟု ကျေးဇူးရှင် ငါးထပ်ဆရာ တော်ဘုရားကြီးက ယုံကြည်တော်မူပါသည်၊ အဘယ့်ကြောင့်ပါ နည်း တဆူတည်းသော ဘုရားကိုသာ အာရုံစေ့စေ့ စူးစိုက်၍ သာလျှင် ခန္ဓာတော်အစဉ်မှစ၍ ဂုဏ်တော်အစဉ်ထိအောင် အာရုံ ပြုခြင်းသည်သာ သမာဓိဓာတ်ခိုင်၍ ပူဇော်ဖူးမျှော်သူတို့၏ စိတ် ဓာတ်အား ကြည်ညိုမှုသဒ္ဓါတရား တိုးပွားစေနိုင်သည်ဟု ယုံ ကြည်တော်မူသောကြောင့်တည်း။

ထိုကြောင့်ပင် ဤငါးထပ်ဘုရားကြီးသို့ လာရောက်ဖူးမျှော် ကြသူ များစွာတို့တွင် အချို့သော သဒ္ဓါမိက, ပုဂ္ဂိုလ်များမှာ မူကား တကယ့်သက်တော်ထင်ရှား မြတ်စွာဘုရားကြီးကဲ့သို့ အောက်မေ့မှတ်ထင်ကြသည့်အတွက် သဒ္ဓါဆူပွက် နှုတ်ကမြွက်၍ လျှောက်ထားကြသည်မှာကား....

အို.... မြတ်စွာဘုရား အရှင်ဘုရားကို, ဖူးမြော်ရသည်မှာကား ဘုရားတပည့်တော်များ၏ စိတ်နှလုံးကို ကြည်လင် ရွှင်လန်း စန္ဒကူးရေစင်နှင့် ဖြန်းသလို ငြိမ်းချမ်း, အေးမြလှပါသည် မြတ် စွာဘုရား။

အို.... မြတ်စွာဘုရား အရှင်ဘုရားကို ဖူးမြော်ရသည်မှာကား ကိလေသာအပူဓာတ်ဖြင့် အူသည်းပြတ်ဖြစ်နေသော ဘုရားတပည့်

တော်တို့အား ကရုဏာဓာတ်ရေဖြင့် ဖြန်းပေးသွန်းလောင်းသလို ဖြစ်နေပါသည် မြတ်စွာဘုရား။

အို.... မြတ်စွာဘုရား အရှင်ဘုရားကို ဖူးမြင်ရသည်မှာကား ကြည်လင်သန့်ရှင် ဘုရားတပည့်တော်တို့၏ သဏ္ဌာန်မှာ အရှူတ်ထွေးအကုန်ကင်းပြီးလျှင် ချက်ခြင်းပင် မြေ့၍ သန္တိသုခကို ခံစားနေပါသည် မြတ်စွာဘုရား။

အို.... မြတ်စွာဘုရား အရှင်ဘုရား၏ ရွှင်ပြုံးသော မျက်နှာတော်ကို ဖူးမျှော်ရခြင်းကား ပြုံးသလိုလို ခေါ်သလိုလို အထင်မှားသည့်အတွက် ဘုရား....လို့သာ ထူးလိုက်မိပါသည် မြတ်စွာဘုရား။

အို.... မြတ်စွာဘုရား အရှင်ဘုရားကို ကြည့်လေ-ကြည့်လေ ဖူးလေ-ဖူးလေ ပီတိတွေ လှိုင်းဖို၍ တအိအိ တငြိမ့်ငြိမ့် အလွန်နှစ်သိမ့်လှ၍ မခံနိုင် မခွါရက် ဖြစ်နေပါသည် မြတ်စွာဘုရား....ဟု သဒ္ဓါပန်းပွင့် နှုတ်ကပွင့်၍ လျှောက်ထားကြသည်ကိုလည်း ဤစာရေးသူကိုယ်တိုင် ကြားဘူးခဲ့လှလေပြီ။

## ပါဒကြီးရွာ ငါးထပ်ရုပ်ပွားတော်မြတ်ကြီး၏ ဥဏှိုဿတော်,အမြင့်နှင့်၊အသေးစိတ် အတိုင်းအတာများ။

ငါးထပ်ဘုရားကြီး၏ခန္ဓာခံတော်

| အစိတ်အပိုင်း | | ပေ | | လက်မ | |
|---|---|---|---|---|---|
| က။ ပလ္လင်တော်အလျား | သုံးဆယ့်သုံး | ၃၃ | | | |
| ခ ။ ရင်း အနံ | နှစ်ဆယ် | ၂၀ | သုံး | ၃ | |
| ဂ ။ ရင်း အမြင့် | လေး | ၄ | ခြောက် | ၆ | |
| ဃ။ ဥဏှိုဿတော်အမြင့် | လေးဆယ့်တစ် | ၄၁ | သုံး | ၃ | |
| င ။ မြေကြီးမှရောင်လျှမ်းတော်အမြင့် | လေးဆယ့်ငါး | ၄၅ | ကိုး | ၉ | |
| စ ။ ဒူးစွန်းတော်နှစ်ဘက် | နှစ်ဆယ့်ကိုး | ၂၉ | | | |
| ဆ ။ ဒူးစွန်းတော်အမြင့် | လေး | ၄ | ကိုး | ၉ | |
| ဇ ။ နှာသီးတော်ဖျားမှပလ္လင်တော်အထိ | သုံးဆယ် | ၃၀ | ကိုး | ၉ | |
| ဈ ။ ရောင်လျှမ်းတော်လုံးပတ် | တစ်ဆယ့်သုံး | ၁၃ | ခြောက် | ၆ | |
| ည။ ရောင်လျှမ်းတော်အမြင့် | သုံး | ၃ | | | |
| ဋ ။ ဦးခေါင်းတော်လုံးပတ် | သုံးဆယ့်ခုနစ် | ၃၇ | လေး | ၄ | |
| ဌ ။ သင်းကျစ်တော်အလျား | တစ်ဆယ့်ခုနစ် | ၁၇ | | | |
| ဍ ။ ရင်း ဖျက် အကျယ် | တစ် | ၁ | ဆယ့်တစ် | ၁၁ | |
| ဎ ။ ရောင်လျှမ်းတော်မှမေးဖျားထိ | တစ်ဆယ့်လေး | ၁၄ | ငါး | ၅ | |
| ဏ။ နားရွက်တော်အမြင့် | ခုနစ် | ၇ | နှစ် | ၂ | |
| တ။ နားတွင်းတော်အထက်—အောက် | နှစ် | ၂ | လေး | ၄ | |

မှတ်ချက်။ ။ အရေးကြီးသော ဂဏန်းများကို စာလုံးပေါင်းဖြင့် ရေးသားထားပါသည်၊နောက်ကလည်းရင်းအတိုင်း ရေးသားခဲ့ပါသည်။

| ငါးထပ်ဘုရားကြီး၏ ခန္ဓာတော် အစိတ်အပိုင်း | မေ | | လက်မ | |
|---|---|---|---|---|
| ထ။ ဌင်းဘေထိုက် | | | ကိုး | ၉ |
| ဒ။ မျက်ခုံးတော် | သုံး | ၃ | လေး | ၄ |
| ဓ။ မျက်လုံးတော် | နှစ် | ၂ | ငါး | ၅ |
| န။ ဌင်း အထက်အောက် | | | ငါး | ၅ |
| ပ။ မျက်ဝန်းတော် | | | တစ်ဆယ် | ၁၀ |
| ဖ။ နှာခေါင်းတော် | သုံး | ၃ | လေး | ၄ |
| ဗ။ ဌင်း အကျယ် | နှစ် | ၂ | နှစ် | ၂ |
| ဘ။ နှာသီးတော်အမြင့် | တစ် | ၁ | သုံး | ၃ |
| မ။ နှာဝတော်အကျယ်တပေါက်လျှင် | | | ခုနစ် | ၇ |
| ယ။ ပါးစင်တော်အလျား | သုံး | ၃ | သုံး | ၃ |
| ရ။ ပါးစပ်တော်အထက်အောက် | | | ကိုး | ၉ |
| လ။ ပါးစပ်တော်အောက်နခမ်းတော်မှ မေးဖျားအထိ | တစ် | ၁ | ကိုး | ၉ |
| ဝ။ လည်ပင်းတော်လုံးပတ် | တစ်ဆယ့်ခြောက် | ၁၆ | ခြောက် | ၆ |
| သ။ လည်ပင်းတော်အမြင့် | နှစ် | ၂ | ကိုး | ၉ |
| ဟ။ လည်ပင်းတော်မှပခုံးစွန်းထိ | ခြောက် | ၆ | ခုနစ် | ၇ |
| ဠ။ ပခုံးတော်မှတတောင်ဆစ်ထိ | တစ်ဆယ့်ငါး | ၁၅ | ငါး | ၅ |
| အ။ တတောင်ဆစ်ကွေးမှ လက်ဖျားတော်ထိ | တစ်ဆယ့်ရှစ် | ၁၈ | နှစ် | ၂ |
| က။ လက်မောင်းတော်လုံးပတ် | တစ်ဆယ့်တစ် | ၁၁ | တစ် | ၁ |
| ကာ။ ခြေဘဝါးတော်အလျား | တစ်ဆယ် | ၁၀ | | |
| ကိ။ ခြေဘဝါးတော်အနံ | လေး | ၄ | | |
| ကီ။ လက်ဝဲ လက်ဘဝါးတော်အလျား | ကိုး | ၉ | လေး | ၄ |
| ကု။ လက်ဝဲ လက်ဘဝါးတော်အနံ | သုံး | ၃ | | |
| ကူ။ စမွေတော် | | | ခုနစ် | ၇ |

ဤသို့ ငါးထပ်ဘုရားကြီးအား ကျောက်ရောင်တင်နေဆဲမှာပင် ပန်းရံဆရာကြီး ဆရာညက်အား မှန်စီရွှေချ ဆရာတယောက်အရှာခိုင်းလေရာ ပန်းရံဆရာကြီး ဆရာညက်က ထိုအခါ်န်၌ * ရွှေတိဂုဏ်ဘုရားကြီးအားရွှေချနေသူအထက်မုံမြို့ရွာခရိုင် ဗုမလင်မြို့သား ဦးသွယ်သေး ဆိုသူအား ငှါးရမ်းပေးပါသည်၊ ၎င်းမှန်စီရွှေချဆရာကြီး ဦးသွယ်သေးမှာ မှန်စီရွှေချအလုပ်၌ အလွန်ကျွမ်းကျင်သည့်အပြင် စိတ်သဘောထားလည်းကောင်း၊ ပေါင်းသင်းဆက်ဆံရေးလည်း ကောင်းသည့်အတွက် ၁၂၆၉- ခုနှစ်မှစ၍ နှစ်ပေါင်း နှစ်ဆယ်ကျော်တိုင်တိုင် ပါဒ ငါးထပ်ဘုရားကြီးနှင့် ကျောင်းတိုက်တွင်း၌ မှန်စီရွှေချ ဆေးသုတ် အလုပ်များကိုမပြတ်လုပ်ရပါသည်၊ ၎င်း ငါးထပ်ဘုရားကြီး၌ လှပတင့်တယ်ရွှေပန်းခက်၊ ရွှေပန်းနွယ်တို့ဖြင့် အလွန်ဆန်းကြယ်သော မှန်စီရွှေချလက်ရာများကား ၎င်းဆရာကြီး ဦးသွယ်သေး၏ လက်ရာများသာဖြစ်ပါသည်။

---

* ရွှေတိဂုဏ်ကို အမျိုးမျိုး ရေးသားကြသော်လည်း ဤစာရေးသူကမူကား ကကုသန်ဘုရား၊ ကောနာဂုမ်ဘုရား၊ ကဿပဘုရားတို့၏၊ အသုံးအဆောင် ပရိဘောဂ စေတီတော်ဟုဆိုအပ်သော ဂုဏ်တော်သုံးပါး ဂုဏ်တော်သုံးထပ်ရှိပြီးသောဌာနရာကို ဂေါတမ မြတ်စွာဘုရား၏ ဆံတော်ထပ်၍ တည်သောကြောင့် ဂုဏ်၊ သဒ္ဒါ ဒုံထပ်ပေါကြ၍ ရွှေတိဂုဏ်ဟု၊ ရေးလိုက်ပါသည်၊ ကလျာဏီကျောက်စာပါဋ္ဌိနိသျ အမှာ၌မူကား ဈောင်းသုံးထပ် ရံနေသောကြောင့် ရွှေတိဂုမ်ဟု ရေးမှသင့်မည်ဟု မှာထားတော်မူ၏။

## စေတုတ္တအကြိမ် နိမိတ်ကြီး။

မိုးဦးကျလာသောအခါ ငါးထပ်ဘုရားကြီးအား ဒါယကာ တယောက်က ဝက်မလွတ် ငှက်ပျောခိုင်ကြီး လာရောက် လှူဒါန်းထားပါသည်။ ၎င်းငှက်ပျောခိုင်ကြီးမှာ တဖြည်းဖြည်းမှည့်လာရာ ငါးထပ်ဘုရားကြီး၌ အလုပ်-လုပ်နေသော သူများလည်း မှည့်နေသော ငှက်ပျောသီးများကို စွန့်ယူ၍ စားကြပါသည်။ ငှက်ပျောသီးကုန်၍ ကျန်နေသော ငှက်ပျောခိုင် အရိုးတန်ကြီးကို ငါးထပ်ဘုရားကြီး၏ အနောက်ဘက်ဝါးတန်ဆောင်းကြီး၏ တံစက်မိတ်အောက်သို့ စွန့်ပစ်လိုက်ရာ ၎င်းအရိုးတန်ကြီးအဖျားမှ တဖန် အမြစ်တွယ်၍ ငှက်ပျောပင်ကလေးများ ပေါက်ပြီးလျှင် ငှက်ပျောဖူးကလေးများထွက်၍ ငှက်ပျောခိုင်ကလေးများ ကျလာပြန်ပါသည်။ ထိုအခါငါးထပ်ဆရာတော်ဘုရားကြီးကညွှန်ပြ စွန့်ပစ်ထားသော ငှက်ပျောခိုင် အရိုးတန်မှ တဖန် ငှက်ပျောပင်ကလေးများပေါက်၍ ထူးထူးဆန်းဆန်း ငှက်ပျောခိုင်ကလေးများ ကျလာပြန်ပြီ၊ တွဲတေးဆရာတော် ဟောသည့်အတိုင်း ကေန္တ ငါတည်သောဘုရားကြီး တန်ခိုးကြီးပေတော့မည်ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူပါသည်။ ထိုနောက် ဘုရားဖူးလာသူများလည်း ပါဒငါးထပ်ဘုရားကြီး၌ စွန့်ပစ်ထားသော ငှက်ပျောရိုးအတန်မှ ငှက်ပျောပင်ကလေးများပေါက်၍ ငှက်ပျောခိုင်ကလေးများ ကျလာသည်ဟု အံ့သြ၍ ထူးထူးဆန်းဆန်း လာရောက်ကြည့်ရှုသူများနှင့် ဘုရားဖူးလာသူများ, များလာပြန်ရာ ငါးထပ်ဆရာတော်ဘုရားကြီးကအုပ်အုပ်ကျက်ကျက် ဖြစ်သည်ကို မနှစ်သက်သောကြောင့် ၎င်းငှက်ပျောပင်ကလေးများကို စွန့်ပစ်စေပါသည်။

## ငါးထပ်ဘုရားကြီး တည်ပြီးကာစ အချိန်၌ ပါဒကြီး ရွာသူ့ရွာသားများ ဥစ္စာစီးပွား တိုးတက်နေခြင်း။

ငါးထပ်ဘုရားကြီးတည်ပြီးကာစ အချိန်၌ ငါးထပ်ဘုရားကြီး၏ တန်ခိုး ခေတ်ကောင်းနှင့် တိုးမိသောကြောင့် လယ်စျေးကလည်းတက် စပါးကလည်းတွက် စပါးစျေးကလည်း တက်၍ အချက် သုံးပါးနှင့် ညီညွတ်နေရကား ပါဒကြီး ရွာသူ့ရွာသား တို့ များသောအားဖြင့် ဥစ္စာစီးပွား တိုးတက်နေသော အချိန် ဖြစ်ပါသည်။ ဥစ္စာစီးပွား တိုးတက်လာသည်နှင့်အမျှ ရွာသူ့ ရွာသားများလည်း ဝါမှုကြွားမှုများ၌ စိတ်မဝင်စားကြတော့ဘဲ တယောက်နှင့်တယောက် အပြိုင်အဆိုင် သဒ္ဓါတရားပြိုင်ပွဲပမာ ငါးထပ်ဘုရားကြီး၌ သူက ရွှေသင်္ကန်းကပ်လျှင် ငါကလည်း ရွှေသင်္ကန်းကပ်မည်ဟု အလုအယက် ဖြစ်နေရကား ငါးထပ် ဆရာတော်ဘုရားကြီးနှင့် ရပ်ရွာ လူကြီးများမှာ ဘယ်သူက ရွှေသင်္ကန်းကပ်ပါ၊ ဘယ်သူက မှန်စီပါဟု ခွဲခြားဝေတန်၍ ပေး ရပါသည်။

## ငါးထပ်ဘုရားကြီး၏ တန်ခိုးတော်။

ပါဒကြီး ရွာသူ့ရွာသားတို့ ယုံကြည်ကြသည်မှာကား၊ ငါတို့ သည် ဤငါးထပ်ဘုရားကြီးကို ကိုးကွယ် ဆည်းကပ်ခြင်းကြောင့် သာလျှင် ယခုလောက် သောက်ကျွန်းနေသော ခေတ်ပျက်ထဲ၌ မပင်မပန်း ချမ်းချမ်းသာသာ နေထိုင် စားသောက်နိုင်သည်။ ရွာသူ့ရွာသားများ ဆင်းရဲသည်ဆိုရငြားသော်လည်း ဘေးမသီ

ရန်မခံဘဲ ပြောင်ပြောင်ရောင်ရောင်နှင့်ပင် နေထိုင်စားသောက်နိုင်ကြသည်ဟု ယုံကြည်ကြ။ ။

၁၃၁၆-ခုနှစ် တပေါင်းလလောက်၌ မလိမ်မာသော ကိုရင်နှင့် ကျောင်းသားကလေးတယောက်တို့သည် ငါးထပ်ဘုရားကြီး၏ ဦးခေါင်းတော်တည့်တည့် ဘုံပေါ်သို့တက်၍ ဖယောင်းတိုင်မီးဖြင့် ငှက်ဆိုးများကို တက်ရိုက်ကြရာ ဖယောင်းတိုင်မီးမှာ ငှက်သိုက်ကို ယူးစက်၍ ဘုံထဲ၌ မီးလောင်ကျွမ်းလေရာ ကိုရင်နှင့် ကျောင်းသားကလေး ဥာဏ်အတော်အတန် ရှိသောကြောင့် ဆင်းမပြေးကြဘဲ မကြံတတ်ကြသဖြင့် ကျင်ငယ်စွန့်၍ မသန့်သောရေဖြင့် ပက်ဖြန်းလေရာ နေ့-နာရီပြန်တချက်လောက်အချိန်မှာ မီးတောက်လောင်ငြားသော်လည်း မီးမှာ အလိုလိုငြိမ်းသွားပါသည် ထိုသို့မီးငြိမ်းသွားခြင်းကား ငါးထပ်ဘုရားကြီး၏ တန်ခိုးတော်ကြောင့်သာ မီးငြိမ်းသွားသည်ဟု ပါဒကြီး ရွာသူ-ရွာသားတို့က ယုံကြည်ကြပါသည်။

ထိုနောက်တဖန် ၁၃၁၇-ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်နေ့ ညဦး ၂-နာရီရောက်သောအချိန်၌ ငါးထပ်ဘုရားကြီး သိတင်းသုံးတော်မူရာ တန်ဆောင်းတော်ကြီးနှင့် တဆယ့်နှစ်ပေခန့်အကွာ လေးပင်ပတ်လည် ဘေးက ရေလည်ရှိသော ကျွန်းသားကျောင်းကြီးနှင့် ကျောင်းအောက်က ပုံထားသော ကျွန်းသားအဟောင်းနှစ်တန်ခန့်၊ ကျွန်းသားအသစ် တတန်ခန့်ပါ မီးလောင်ပြန်ရာ ကျောင်းအမြင့် လေးဆယ့်ငါးပေခန့် မီးတောက်အမြင့် ပေခြောက်ဆယ်ကျော် ခုနစ်ဆယ်ခန့် ရှိငြားသော်လည်း မီးတောက်ကြီးမှာ မယိမ်းမယိုင်ဘဲ မတ်မတ်ကြီး တောက်လောင်နေသည်

ဖြစ်သောကြောင့် ငါးထပ်ဘုရားကြီး၏ တန်ဆောင်းတော်ကြီးကို မီးမကူးစက်နိုင်ဘဲ ဖြစ်နေပါသည်။ ညဥ့် သုံးနာရီခွဲအချိန်လောက် ရောက်သောအခါ ရှာသူ-ရှာသားများ ငါးထပ်ဘုရားကြီးသို့ စုဝေးစုံညီ ရောက်ရှိလာကြရာ ထိုအခါကျမှပင် မီးပွားများ လွင့်စင်၍ တန်ဆောင်းတော်ကြီးကို ကူးစက်ပါတော့သည်။ ၎င်းပြင် မီးရှိန်ဟပ်၍ တန်ဆောင်းတော်ကြီး၏ ကျွန်းသား ပန်းဆွဲများကိုလည်း မီးကူးစက်ပြန်ရာ ပါဒကြီးရှာသူ-ရှာသားများ မီးတောက်နှစ်ခုအကြား၌ မိမိတို့ ပါလာသော လုံချည်များ,စောင်များကို ရေစွတ်ပြီး အသက်စွန့်၍ ငြိမ်းသတ်ကြရာ ကူးစက်သော မီးများကို နိုင်နင်းအောင် ငြိမ်းသတ်နိုင်ပါသည်။ ထိုသို့ မီးမကူးစက်နိုင်ခြင်းကား ငါးထပ်ဘုရားကြီး၏ တန်ခိုးတော်ကြောင့်သာဟု ပါဒကြီး ရှာသူ-ရှာသားများက ယုံကြည်ကြ၏။ ထို့ကြောင့်ပင် ပါဒကြီး ရှာသူ-ရှာသားများနှင့် မီးလောင်သည့် အကြောင်းကို ကောင်းကောင်းကြီး သိကြသူများက ချီးမွမ်းအံ့သြ ပြော၍မပြီး ကောင်းကြီးသြဘာ,ပေးကြသည်မှာ ငါးထပ်ဘုရားကြီးဟူသော အမည်ပြောင်း၍ မီးငြိမ်းဘုရားကြီး,ဟူ၍ပင် ဘွဲ့ကမ္ပည်းအသစ် တိုး၍ ကြည်ညိုမြတ်နိုးသောအားဖြင့် တမျိုးပင် ခေါ်ဝေါ်ကြပါသေးသည်။

ပါဒကြီး ရှာသူ ရှာသားတို့၏ ထုံးဘမ်းစဥ်လာကြီးတခုကား ရှာသူ- ရှာသားတယောက် ကုသိုလ်အလျောက် ထွန်းပေါ်ပေါက်၍ ဥစ္စာပစ္စည်း တိုးပွားချမ်းသာလာလျှင် ဝါမူ-ကြွားမှု-ဥစ္စာပစ္စည်း တိုးပွားမှုတို့ကို ဦးစားပေး၍ မပြုလုပ်ကြသေးဘဲ ငါးထပ်ဘုရားကြီး၌သာ မည်သည့် ကုသိုလ်ပြုမည်ဟု ကုသိုလ်-

ကောင်းမှုကို ဦးစားပေး၍ ပြုလုပ်ကြပါသည်။ ထိုကြောင့်ပင် အိမ်ခြေ နှစ်ရာကျော်ခန့်ရှိသော ဤရွာကလေးက ပြည်သူ-ပြည်သား လူအများတို့ လာရောက်ဖူးမျှော် အပူဇော် ခံနိုင်လောက်အောင် ခန့်မှန်းခြေ ယခုကာလ ငွေဖြင့် ဆယ်သိန်းနီးပါးခန့် တန်သော ငါးထပ်ဘုရားကြီးနှင့် ကျောင်းတိုက်ကြီးကို အခြားမြို့ရွာက ကုသိုလ်ဒါန ဖြစ်မြောက်လောက်အောင် မပါဘဲ နေ့စဉ်ရက်ဆက် မပျက်မကွက် ဆက်လက်ပြုပြင်စောင့်ရှောက် ဆောက်လုပ် လှူဒါန်းနိုင်ခြင်းကား၊ ပါဒကြီး ရွာသူ-ရွာသားတို့၏ သဒ္ဓါတရား စွမ်းပကားကို အံ့အားသင့်၍ ရင်ပင့်ပြီး အထူးမ၍ ချီးမွမ်းကြရပေမည်။ နောက်တဖန် သာဓုခေါ်သံ ဤမျှလောက်ကြီးကျယ်ခမ်းနား အလွန်သပ္ပါယ်သောဘုရားကြီးနှင့်အဆောက်အဦးကြီးများကို ဤ ပါဒကြီး ရွာငယ်ကလေးက ဆောက်လုပ် လှူဒါန်းထားသည်ကို ဥာဏ် အမြင်ကျယ်သူတို့ ကြည့်ရှုစဉ်းစား ဝေဘန်သောအားဖြင့် ရွာသူ-ရွာသားတို့၏သဒ္ဓါတရားကို အများကြီး ချီးမွမ်းထိုက်ပါပေသည်ဟု ဘုရားဖူးလာသူတို့ သာဓုခေါ်သံကို တညံညံကြားရဘူးလှလေပြီ။

## ငါးထပ်ဘုရားကြီး၏ ပလ္လင်တော်နှင့်တကွ မှန်စီ၍ ရွှေသင်္ကန်းကပ်လှူကြသော အလှူဒါယကာများ။

ငါးထပ်ဘုရားကြီး၏ ရွှေသင်္ကန်းတော်ကို ဘုရားဒါယကာကြီး ဦးပေတိုး-ဒေါ်ငြိမ်းတို့က မှတည်၍ အားလုံး ရွာသူ- ရွာသားများက ကပ်လှူကြပါသည်။ ရွှေဆိုင်းရေ ခြောက်ရာကျော်ကုန်ကျ၍ ရွှေတဆိုင်းလျှင် အဘိုးငွေ နှစ်ကျပ်-ရှစ်ပဲ ပေးရပါ

သည်။ ငှင်းရွှေဆိုင်းများကို မှန်စီရွှေချဆရာ ဦးသွယ်သေး အား နေ့စားပေး၍ ရွှေချစေပါသည်။ ငှင်းချထားသော ရွှေကိုလည်း ၁၂၉၀-ကျော်လောက်က တကြိမ်၊ ၁၃၀၀-ကျော်လောက်က တကြိမ်၊ နှစ်ကြိမ်တိုင်တိုင်, မသမာသူတို့ ရွှေပွတ်သွားကြပြန်ရာ ပထမ-အကြိမ် ရွှေဆိုင်းငါးဆယ်၊ ဒုတိယ-အကြိမ် ရွှေဆိုင်းနှစ်ရာ့ ငါးဆယ်, ပေါင်း ရွှေဆိုင်း သုံးရာကို ရွှေတဆိုင်းလျှင် ငွေတဆယ် ပေး၍ ဝယ်ယူပြီးလျှင် နှစ်ကြိမ်တိုင်တိုင် ထပ်မံ၍ ရွှေသင်္ကန်း ကပ်လှူသွားရပြန်ပါသည်။ ထို ဒုတိယ-အကြိမ် ရွှေပွတ်သွား သော အချိန်မှစ၍ ငါးထပ်ဘုရားကြီး၏ ဘဏ္ဍာတော်ငွေဖြင့် သံတိုင်များကာရံ၍ ဘိလပ်သံတံခါး တပ်ဆင်ထားရပါသည်။

သင်းကျစ်တော်နှင့် တရှေ့ဘက် သင်္ကန်းတော်အနားပတ်ကို မှန်စီရွှေချ လှူဒါန်းသူမှာ ဘုရားဒါယကာကြီး ဦးပေတိုး- ဒေါ် ငြိမ်းတို့ ဖြစ်ပါသည်။

သင်္ကန်းတော် နောက်ဘက် အနားပတ်နှင့် အုံးတော်ကို မှန်စီရွှေချ လှူဒါန်းသူ ဒါယကာမှာ ငါးထပ်ဆရာတော်ဘုရား ကြီး၏ အမိန့်အရ ဆရာတော်ဘုရားကြီး၏ ကပ္ပိယက လှူဒါန်း ပါသည်။

စမ္မခဏ်ကို မှန်စီရွှေချ လှူဒါန်းသူ ဒါယကာမှာ ဦးအောင် ဘန်း- ဒေါ်ကျေးတို့ ဖြစ်ပါသည်။

ပလ္လင်တော် သုံးဘက်ရှိသည့်အနက် အရှေ့ဘက် ခြမ်းကို မှန်စီရွှေချ လှူဒါန်းသူ ဒါယကာမှာ ဦးဖေကိုး- ဒေါ်အေးကြိုင် တို့ ဖြစ်ပါသည်။

ပလ္လင်တော် အနောက်ဘက်ခြမ်းကို မှန်စီရွှေချ လှူဒါန်းသူ ဒါယကာမှာ ဦးလူဖေ၊ ဒေါ်ရှင်တို့ဖြစ်ပါသည်။

ပလ္လင်တော် နောက်ကျောဘက်ကို ဝေဿန္တရာဇာတ်ထုပ်နှင့် မှန်စီရွှေချ လှူဒါန်းသူ ဒါယကာမှာ ဦးသာဒွန်းဇံ၊ ဒေါ်ကြင်မှူ တို့ ဖြစ်ပါသည်။

## တန်ဆောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခြင်း။

၁၂၆၉-ခုနှစ် မိုယ်းကုန်သောအခါ တန်ဆောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် စည်းဝေးတိုင်ပင်ကြရာ ဘုရားဒါယကာကြီး ဦးပေတိုးက ငွေ ၅၀၀၀ိ-မတည်၍ လှူဒါန်းပါသည်။ ရွာသူ ရွာသားများကလည်း သဒ္ဓါတရား တတ်အားသမျှ ထည့်ဝင် လှူဒါန်းကြပါသည်။ တန်ဆောင်းတော်ကြီး ဆောက်လုပ်ရာ၌ ငွေမလောက်သမျှ ဘုရားဒါယကာကြီး ဦးပေတိုး-ဒေါ်ငြိမ်းတို့က လှူဒါန်းပါမည်ဟု တာဝန်ယူပါသည်။ ဘုရားဒါယကာကြီး ဦးပေတိုး၏ဇာတိဌာနမှာ အထက် အညာပခုက္ကူ မြို့သားဖြစ်၍ ၁၂၃၀- ပြည့်နှစ်လောက်၌ ပါဒကြီးရွာသို့ရောက်ရှိလာပြီးလျှင် လှည်းသဲ့သော လှည်းဆရာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုပါသည်။ ထို့နောက် ငွေကြေးအတော်အတန်ရှိသူ ဒေါ်ငြိမ်းနှင့်အိမ်ထောင်ပြုကြရာ ဘုရားဒါယကာကြီး ဦးပေတိုးမှာ ခေတ်မှီ၍ ဥာဏ်ပဋိဘာဏ် အတော်အတန်ရှိသူတယောက်ဖြစ်သည့်အတွက် -ဒေါ်ငြိမ်းက ပါလာသော လက်ဝတ်၊ လက်စားများကို ရောင်းချထုခွဲ၍ စပါးတိုးပေး၊ ငွေတိုးပေး၍ ငွေကြေးချေးငှားစားသောကြောင့် ဤငါးထပ်ဘုရားကြီး တည်သော

အချိန်၌ ပါဒကြီးရွာ အလိုက် ပစ္စည်းဥစ္စာ အချမ်းသာဆုံးဖြစ်လာပါသည်။ ပစ္စည်းဥစ္စာ ချမ်းသာသည့် အလျောက်လည်း၊ ဤ ငါးထပ်ဘုရားကြီးကျောင်းတိုက် အတွင်း၌ ဇရပ်, တန်ဆောင်း, ကျောင်းနှင့်တကွ ငါးထပ်ဘုရားကြီးတည်ရာ၌ ငွေ, ကြေး,မလောက်သမျှ ရက်ရောစွာ လှူဒါန်းသူ ဒါယကာကြီးလည်း,ဖြစ်ပါသည်၊ ၎င်းပြင် မိမိ၏ဇာတိဌာန ပခုက္ကူမြို့၌လည်း စေတီတော်တဆူ သွားရောက်တည်ထား ကိုးကွယ်ပါသေးသည်။ ၎င်းပြင် ငါးထပ်ဘုရားကြီးကျောင်းတိုက်တွင်း၌ ကျန်ရှိနေသော တန်ဆောင်းကြီးများ၊ တိုက်ကျောင်းကြီးများနှင့် ရှေးက ငွေလေးသောင်းနီးပါးခန့်ကုန်သော ပါဒကြီးရွာရှိ သံတံတားကြီးကိုလည်း ၎င်းဘုရားဒါယကာကြီး ဦးပေတိုး၏ သားသမီးများဖြစ်ကြကုန်သော ဦးသာကျော်, ဦးဖေကိုး, သမီး ဒေါ်လှအေးတို့၏ ကုသိုလ်များသာဖြစ်ပါသည်။ ၎င်းဘုရားဒါယကာကြီး ဦးပေတိုး လှူငွေ ၅၀၀၀ိ-ကို မ,တည်၍ အရှေ့နှင့် အနောက်အလျား ၈၂-ပေ, တောင်နှင့်မြောက် အနံ ၇၃- ပေရှိသော တိုင်လုံးရေအားဖြင့် ၄၉- လုံးရှိ၍ ကွန်းတိုင်တလုံးလျှင် မှန်စီရွှေချပေါ် ငွေ ၄၀ိ- ကွန်းလက်ရွှေ တိုင်တလုံးလျှင် မှန်စီရွှေချပေါ် ငွေ ၁၅ိ- ကွန်းလက်သီးတိုင်တလုံးလျှင် မှန်စီရွှေချပေါ် ငွေ ၁၂ိ-အားလုံးပေါင်း ငွေ ၁၂၀၀ိ-ခန့် ကုန်ကျသော တန်ဆောင်းတော်ကြီးကို တိုင်ဒါယကာ အသီးသီးတို့က မိမိတို့ လှူဒါန်းသောတိုင်၌ ကောင်းမှုရှင်နာမည် ကမ္ပည်းထိုး၍ လှူဒါန်းကြပါသည်။ တန်ဆောင်းတော်ကြီး ဆောက်လုပ်ရာ၌ မကုန်၍ ကျန်ရှိနေသောငွေ ၄၀ိ-ဖြင့် ဦးပုကြီးရုပ်သေးကို ငှားရန်း၍ ဘုရားပွဲတော်ကြီး ကျင်းပပါတော့သည်။ ထိုနှစ်မှစ၍ ငါးထပ်

ဘုရားကြီး၏ ပွဲတော်ကိုလည်း တန်ခူးလပြည့်နေ့ဟု သတ်မှတ်ပြီးလျှင် ယနေ့ထက်တိုင် မပျက်မကွက် ဆက်လက်ကျင်းပလျက်ရှိပါသည်။

## အာရုံခံတန်ဆောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခြင်း။

၁၂၇၀-ပြည့်နှစ်၌ ကျောင်းနှင့် ဇရပ်ဒါယကာကြီးဦးမောင်ကလေး, ဒေါ်အေးမယ် တို့က အရှေ့နှင့် အနောက် အလျား ဂ၂-ပေ ၆-လက်မ, အနံ တောင်နှင့်မြောက် ပေ ၄၀- ရှိသော တိုင်လုံးရေ ၄၀- ရှိသော လယ်ပေါ် စံပယ်ထပ်နှင့် အာရုံခံတန်ဆောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းပါသည်။

## မြောက်ဘက်နတ်လမ်းနှင့် ခြသေ့်နှစ်ကောင် ကောင်းမှုရှင်။

၁၂၇၃-ခုနှစ်၌ အရှေ့နှင့်အနောက်အလျား ၃၁-ပေ ၆-လက်မ၊ တောင်နှင့်မြောက်အနံ ၂၅-ပေ ၆-လက်မ၊စောင်းတန်းလှေခါးထစ်အကျယ် ၁၆-ပေရှိ၍ တိုင်လုံးရေ ၄- လုံးရှိသော နတ်လမ်းနှင့်၊ ၁ဂ-ပေအမြင့်ရှိသော ခြသေ့်နှစ်ကောင်ကို ဇရပ်ဒါယကာကြီး ဦးလူငယ်,ဒေါ်နုတို့ကတည်လုပ်လှူဒါန်းပါသည်။

## ငါးထပ်ဘုရားကြီး၏ တနင်္ဂနွေထောင့်ရှိ ရွှေတိုင်လုံးကြီးများနှင့် ဘဝဘူဆောင်တန်ဆောင်းကြီး။

၁၂၇၃-ခုနှစ်၌ အရှေ့နှင့် အနောက်အလျား ၃၉- ပေ ၆-လက်မ၊ တောင်နှင့်မြောက်အနံပေ ၄၀- ၆-လက်မ ရှိသော

တိုင်လုံးရေအားဖြင့် ၁၆-လုံးရှိ၍ ရွှေချထားသော တိုင်လုံးကြီးများနှင့် မျက်နှာကြက်၌ ရွှေဇဝါ ရွှေပန်းခက်တို့ဖြင့် အလှန်လှပတင့်တယ်သော ဘာဘူဆောင် တန်ဆောင်းတော်ကြီးကို ငွေ ၁၀၀၀ဝိ-ကျော် အကုန်ခံ၍ သံတံတားကြီး ဒါယကာ ဦးဖေကိုး ဒေါ်အေးကြိုင်တို့က ဆောက်လုပ်လှူဒါန်းပါသည်။

## ငါးထပ်ဘုရားကြီး၏အရှေ့ဘက်ရှိ ယွန်းနှစ်ဘက်ညှပ် ပြာသာဒ်ဆောင် တန်ဆောင်းကြီး။

၁၂၇၀-ပြည့်နှစ်၌ တောင်နှင့်မြောက် အလျား ၇၃- ပေ အရှေ့နှင့်အနောက်အနံ ၃၉-ပေ ၆-လက်မရှိသော တိုင်လုံးရေ ၂၀- လုံးရှိသော ယွန်းနှစ်ဘက်ညှပ် ပြာသာဒ်ဆောင် တန်ဆောင်းတော်ကြီးကို ကျောင်းဒါယကာကြီး ဦးသာကျော်, ဒေါ်အုံးပွင့်တို့က ဆောက်လုပ်လှူဒါန်းပါသည်။

## ကျောက်ပြားခြေတော်ရာတဆူ တည်ထားကိုးကွယ်ခြင်း။

၎င်း ဦးသာကျော် တန်ဆောင်းကြီး၏ အင်္ဂါထောင့်၌ အလျား ခုနစ်ပေ နှစ်လက်မ၊ အနံ လေးပေ ခုနစ်လက်မ၊ ဒုရှစ်လက်မ, အတွင်းခြေတော်ရာ အလျားလေးပေ ဆယ်လက်မ၊ ခြေဘဝါးတော် အဖျားဘက် အကျယ် နှစ်ပေ ကိုးလက်မ၊ ဖနောင့်ဘက် အကျယ် တစ်ပေ, ကိုးလက်မရှိသော မြတ်စွာဘုရား၏ ကျောက်ပြားခြေတော်ရာ တဆူကို ၁၂၇၀- ခုနှစ် ဝါဆိုလဆန်း ၈- ရက်နေ့က ဘုရားဒါယကာကြီး ဦးပေတိုး, ဒေါ်ငြိမ်း, သား,သမီးတစုတို့က တည်ထားကိုးကွယ်ပါသည်။

## အထက်ပါတန်ဆောင်းနှင့်ဆက်လျက် မင်းညီနောင် ဘာဘူဆောင်တန်ဆောင်း။

၁၂၇၇- ခုနှစ်၌ အထက်ပါ တန်ဆောင်းနှင့် ဆက်လျက် နတ်လမ်း စောင်းတန်းနှင့်တကွ အရှေ့နှင့်အနောက် အလျား ၅၈-ပေ, တောင်နှင့်မြောက်အနံ ၃၅-ပေရှိသော တိုင်လုံးရေ ၁၆-လုံးရှိသော မင်းညီနောင် ဘာဘူဆောင် တန်ဆောင်းကို အတိုးငွေ ၄၀၀ဝိ- ကျော်အကုန်ခံ၍ ကျောင်းဒါယကာကြီး ဦးသာကျော်, ဒေါ်အုံးပွင့် တို့ကပင် ဆောက်လုပ် လှူဒါန်း ပါသည်။

## နတ်လှူသာခုဓေါ်စေရန် ခေါင်းလောင်းကြီး လှူဒါန်းခြင်း

၁၂၇၃-ခုနှစ် နတ်တော်လဆန်း၅-ရက်နေ့၌ ဦးဇံကြီး-ဒေါ်တုတ်တို့က ဦးမောင်ကလေး တန်ဆောင်း၏ ရာဟုထောင့်၌ အလေးချိန် (ပေးရာပိဿာ ခုနစ်ဆယ့်ငါးကျပ်)သား ရှိသော ခေါင်းလောင်းကြီးကိုကြေးအချိန် တရာလျှင် ငွေသုံးရာ့ဈေးနှင့် ငွေပေါင်း ၁၂၀၂ိ-ပြား ၂၅-ပေး၍ စရိတ်နှင့် စိုက်ထူသော သစ်သားဘိုးပါ ငွေပေါင်း ၁၃၁ဝိ ကျော်အကုန်ခံပြီး လှူဒါန်း ပါသည်။

## လျှပ်စစ်ဓာတ်မီးစက်ဖြင့် မီးပူဇော်ခြင်း

၁၂၈၇-ခုနှစ်၌ ပါဒကြီးရွာ လူကြီးများ စည်းဝေး, တိုင်ပင်ကြ၍ ဦးသာကျော်-ဦးအောင်ဘန်း ဦးဘိုးချို-ဦးဘိုးထွန်းတို့က ငွေ ၁၀၀ဝိ-စီ ထည့်ဝင်လှူဒါန်းပြီးလျှင် ငါးထပ်ဘုရားကြီး၏

ဘဏ္ဍာတော်ငွေ ၂၆၀ဝိ-ကျော် ငွေပေါင်း ၆၆၀ဝိကျော်ဖြင့် ရန်ကုန်မြို့ စေကော့ကုမ္ပဏီမှ ‘ပက်ဘာအင်ဂျင် မြင်း ၁၂-၁၄-ကောင်အားရှိသော စက်နှင့် ဒိုင်နမို ဂ-ကီလိုဝပ် ဗို့ ၁၁၀-ဒီ-စီ ကျောက်ပြား စွတ်ချာဘုတ် ရေတိုင်ကီပါ အစုံ စက်ထိုင်ခပါ ငွေပေါင်း ၄၂၇၅ိ-ပေး၍ ဝယ်ယူပြီးလျှင် ဓာတ်မီးလုံးနှင့် မီးဆင်ရန် ကရိယာအစုံကို ဘားမား အီလက်ထရိတ်ကုမ္ပဏီမှ ဝယ်ယူ၍ ၎င်းကုမ္ပဏီကိုပင်လျှင် ဓာတ်မီးဆင်ခ မီးတလုံးလျှင် ၂ိ-နှုန်းဖြင့် ငါးရမ်းလုပ်ကိုင်စေရာ ဓာတ်မီးလုံးပေါင်း ၃၀၀-ကျော်တို့ကို တပ်ဆင်ခနှင့် ဓာတ်မီးကရိယာဝယ်ငွေ ၄၀ဝိ-ကျော် အကုန်ခံ၍ အင်ဂျင်စက်ဘိုးပါ ငွေပေါင်း ဂ၅၀ဝိ-ခန့် အကုန် အကျခံပြီးလျှင် ထိုနှစ် သီတင်းကျွတ်လ၌ အငြိမ့်ဖြင့် ဧည့်ခံ၍ လျှပ်စစ်ဓာတ်မီးစက်ဖွင့် မီးပူဇော်ပွဲ ကျင်းပပါသည်။

ရေစက် လှူဒါန်းခြင်း

၁၂ဂ၉ ခုနှစ်၌ ငါးထပ်ဘုရားကြီးကျောင်းတိုက်တွင်းရှိ ရေစက်မှာ ပထမ မြင်း ၁၀-ကောင်အားရှိ ပေါလောက်, အင်ဂျင်စက် တပါတ်ရစ်ကို အဘိုးငွေ ၆၀ဝိ - ပေး၍၎င်း၊ ရေစုတ်ပန့်ကို အဘိုးငွေ ၃၅ဝိ ပေး၍၎င်း၊ ဝယ်ယူလှူဒါန်းပါသည်။ ထို့နောက် ပေါ်သောက်, အင်ဂျင်စက် တပါတ်ရစ်ကို ပြန်ရောင်းပြီးလျှင် ၁၂၉၃ - ခုနှစ်၌ ယူနိုက်တက် အင်ဂျင်နီယာကုမ္ပဏီမှ မြင်း ၆-ကောင်အားရှိ ဟွန်စဘီ,အင်ဂျင်စက်ကို အဘိုးငွေ ၉၅ဝိ- ပေး၍ စရိတ်ပါ ငွေ ၁၀၀ဝိ-အကုန်ခံပြီးလျှင် ငါးထပ်ဘုရားကြီး၏ ဘဏ္ဍာတော်ငွေနှင့် ငါးထပ်ဆရာတော်ဘုရားကြီး၏ ကပ္ပိယထံမှ ဆရာတော်ဘုရားကြီး၏ အမိန့်အရ လှူဒါန်းသော ငွေများဖြင့် တည်ထားပါသည်။ ရေထည့်ရန် တိုင်ကီကို

သုဒ္ဓိယုဝ ဝေယျာဝစ္စအသင်းလူကြီး ဦးချန်ထွန်း, ဒု-အထူတမတ် အလျားပေ ရှစ်ပေခြောက်လက်မ အနံပေ ခြောက်ပေ ဆယ် လက်မ၊ အမြင့်ပေ ခြောက်ပေခြောက်လက်မ ရှိသော ရေတိုင် ကီကို အိုင်-ဘီ ပီ ကုမ္ပဏီမှ အလှူခံ၍ ပေးပါသည်။ ၎င်း တိုင်ကီ တင်ရန် အုဌ်ခုံကို ဤစာရေးသူ ဦးကျော်နှင့် ဇနီး ဒေါ်စိန်မေ တို့က ငွေ ၅၇၁-ပြား ၅၀-အကုန်ခံ၍ လှူဒါန်းပါသည်။ ၎င်း ရေစက်နှင့်ရေကန်များမှာ ၁၃၁၇ ခုနှစ်ကျောင်းကြီး မီးလောင် စဉ်က အထူး ကျေးဇူးများခဲ့ပါသည်။ ၎င်းရေစက်တိုက်ကို တိုက်ကျောင်းဒါယကာကြီး ဦးဘိုးချို့က အုဌ်လှူဒါန်း၍ ထုံး, သဲ,နှင့် ဘိလပ်မြေများကို ငါးထပ်ဆရာတော်ဘုရားကြီး၏အမိန့် အရ ဆရာတော်ကြီး၏ ကပ္ပိယ,က လှူဒါန်းပါသည်။ ၎င်းပြင် မြောက်တက်နှင့် အရှေ့ဘက် မင်းကလေး တည်ထားသော စောင်းတန်းအရောက် ပထမပစ္စယံ အုဌ်တံတိုင်းကြီးကိုလည်း ငါးထပ်ဆရာတော်ဘုရားကြီး၏ ကပ္ပိယ,က လှူဒါန်းပါသေး သည်။စောင်းတန်းတောင်ဘက်မင်းကြီးနှင့် ကပ်လျက် တည်ထား သော ပထမပစ္စယံ အနောက်သို့ ချိုးတက်သွားသော ဦးဘိုးချို့, ဇရပ်နှင့် ကပ်လျက် တည်ထားသော ပစ္စယံ၊ ၎င်းအထက် ဒုတိယ ပစ္စယံ အုဌ်တံတိုင်းကြီးများကို ငါးထပ်ဘုရားကြီး၏ဘဏ္ဍာတော် ငွေဖြင့် တည်လုပ်ထားပါသည်။

**လျှပ်စစ်ဓာတ်မီးစက်နှင့် ရေစက်ကို သုဒ္ဓိယုဝ**
**ဝေယျာဝစ္စအသင်းဝင်အချို့ အသင်းသားများက**
**တာဝန်ယူ၍ စောင့်ရှောက်ထားခြင်း။**

ရှေးအခါ၌ ငါးထပ်ဘုရားကြီး၏လျှပ်စစ်ဓာတ်မီးစက်နှင့်ရေ စက်များပျက်စီးချို့ယွင်းသွားပါက ငါးထပ်ဘုရားကြီး၏ဘဏ္ဍာ

တော်ငွေမှ အကုန်ခံပြီးလျှင် ပြင်ဆင်ရပါသည်။ တခါတရံ မီးမပူဇော်ရဘဲ ရေမရဘဲ ခေတ္တရပ်နားထားပါသည်။ လွန်ခဲ့သော ဆယ်နှစ်လောက်မှစ၍ ကျောင်းဆရာကြီး ဦးရန်းစော၏ လမ်းကြောင်းပြညွှန်ပြချက်အရ ဘော့လုံးကွင်းရှိ သုဒ္ဓိယုဝဝေယျာဝစ္စ အသင်းသားများထဲမှ သဒ္ဓါတရားရှိသူ ဖြစ်ကြကုန်သော ဦးချန်ထွန်း၊ ဦးတင်စိန်၊ ကိုအေး တို့နှင့် အမည်မသိရသော အသင်းသားတို့က မိမိတို့အသင်းပိုင်ပစ္စည်းပမာ ငွေကုန်ကြေးကျ တပြားမျှမခံရဘဲ ယနေ့ထက်တိုင် ငါးထပ် ဘုန်းတော်ကြီးက စက်ချို့ယွင်းကြောင်း အကြောင်းကြားလိုက်လျှင် ချက်ခြင်း လာရောက် ပြင်ဆင်ပေးကြပါသည်။ ထိုအသင်းသားများလည်း လခစားများ ဖြစ်ကြသည့်အလျောက် တခါတရံ စနေနေ့ညနေ ငါးထပ်ဘုရားကြီးသို့ ရောက်လာကြပြီးလျှင် ချက်ခြင်း အဝတ်အစားများသဲ၍ ပျက်စီးနေသော စက်များကို ပြင်ဆင်ကြရာ စနေနေ့ ညဉ့်တညဉ့်လုံး တနင်္ဂနွေနေ့ နေ့နှင့်ညဉ့် တညဉ့်လုံး ပြင်ဆင်ကြရပါသည်။ ထိုအသင်းသားတို့၏ ဇွဲကောင်းကောင်း သဒ္ဓါတရားပြည့်စုံစွာနှင့် ပြင်ဆင်ပြုလုပ်နေကြသည်ကို မြင်ကြသောအခါ ငါးထပ်ဘုန်းတော်ကြီး ဦးနန္ဒမေဓာ နှင့် ရှာသူရှာသားတို့မှာ မချီးမွမ်းဘဲ မနေနိုင်ကြတော့ပါ၊ ပါဒကြီးရှာသူရှာသားတို့က သုဒ္ဓိယုဝေယျာဝစ္စအသင်းသားများအား ကျေးဇူးအထူးတင်ရှိသည့်အပြင် ငါးထပ်ဘုရားကြီးမပျက်စီးသရွေ့ ကာလပတ်လုံး ပျက်စီးချို့ယွင်းနေသော စက်များနှင့်တကွ အထည်ဝတ္ထု အရပ်ရပ်တို့ကို အသင်းသား အဆက်ဆက်တို့က လာရောက် ပြင်ဆင်ပေးကြလိမ့်မည်ဟု အားထား ယုံကြည်လျက် ရှိကြပါကြောင်း။

## ရေစက်တိုက်နှင့် ကပ်လျက် ယခု သုံးစွဲနေသော ရေတွင်း။

ယခု သုံးစွဲနေသော ရေစက်တိုက်၏ မြောက်ဘက်ရှိသော ရေတွင်းကို ဇရပ်ဒါယကာကြီး ဦးဘိုးရှမ်း နှင့် ၎င်း၏ယောက်ဖ ဦးရန်အောင် တို့က အုတ်တံတိုင်း သံမံတလင်း အခင်းများဖြင့် ပထမ အကြိမ် ပြင်ဆင်ပြုလုပ် လှူဒါန်းပါသည်။

ဒုတိယ အကြိမ် ၎င်းရေတွင်းကို ပန်းချောင်းရွာ ဦးဘိုးချို က လယ်ပေါ်ဆောင်အမိုးနှင့် သမံတလင်းအခင်းကို ထပ်မံ ပြင်ဆင် ပြုလုပ်လှူဒါန်းပြန်ပါသည်။

တတိယ အကြိမ် ၎င်းရေတွင်းကို ဦးဘိုးချို၏သမီးဖြစ်သော ကိုချစ်မောင်-မကျော့ တို့က ၁၃၀၄-ခုနှစ်လောက်၌ ၎င်းအဆောင် ၏ တိုင်များကို ကွန်ကရစ်သံဘိနပ်ခံ၍ သမံတလင်းအခင်းကို ထပ်မံ ပြင်ဆင်ပြီး လှူဒါန်းပြန်ပါသည်။

၎င်းရေတွင်း၏ အနောက်ဘက် စက်နှင့် ရေစုတ်နေသော ရေတွင်းကြီးကို ဦးဘစော ဒေါ်စော တို့က တူးဖေါ် လှူဒါန်း ပါသည်။

အနောက်ဆုံးဖြစ်သော ဦးဘသော ဒေါ်ဖွားယုံ ဇရပ်၏ အရှေ့မြောက်ဘက်ရှိ ရေတွင်းကို တန်ဆောင်း ဒါယကာကြီး ဦးမောင်ကလေး ဒေါ်ခင် တို့က အများသောက်သုံးရန်တူးဖေါ် လှူဒါန်းပါသည်။

ဆွမ်းစားကျောင်း၏ တောင်ဘက် အုတ်ရေတွင်း သမံတလင်း အခင်းနှင့် အုတ်လှေခါးကို ဦးလှကလေး ဒေါ်ပု တို့က ဒါယကာ

ခံယူ၍ လှူဒါန်းပါသည်။ ၎င်းရေတွင်းမှာ နွေအခါ ရေမရှိသည့်အတွက် အောက်သို့ တူး၍ ပြင်ဆင်ရာ မြေကြီးပြို၍ ပျက်စီးသွားလေပြီ။

## ရေကန်။

ငါးထပ်ဘုရားကြီးကျောင်းတိုက်တွင်းရှိ ရေကန်ကို ပါဒကြီး ရွာသူ, ရွာသား အများကုသိုလ်ဖြင့် တူးဖေါ်ထားပါသည်။ ထိုရေကန်၏ ကျေးဇူး ရှေးအခါက မထင်ရှားခဲ့သော်လည်း ၁၃၁၇-ခုနှစ် ကျောင်းကြီး မီးလောင်သောအခါ၌ ထိုရေကန် ကြောင့်ပင် မီးကို နိုင်နင်းအောင် ငြိမ်းသတ်နိုင်ပါသည်။

## ဝတ္တကမြေလှူဒါန်းသူများ။

ယခု ပိဋကတ်တိုက်၏ တောင်ဘက် အရှေ့နှင့်အနောက် အလျားပေ ၄၀၀ - တောင်နှင့်မြောက် အနံပေ ၅၀-ခန့်မြေ ကိုင်း၊ ငါးထပ်ဘုရားကြီး၏ ပလ္လင်တော် အရှေ့ဘက်တောင်နှင့် မြောက် ပေ ၂၀၀-ခန့်၊ အရှေ့နှင့်အနောက်ပေ ၃၅- ခန့်မြေ ကိုင်း၊ ဇရပ်ဒါယကာကြီး ဦးစံလှက လှူဒါန်းပါသည်။

မင်းညီနောင် စောင်းတန်းမှ အရှေ့ရွာလမ်းအထိ မြောက်ဘက် အလား စမ်း၊ တောင်ဘက်အလား သီလရှင် မစောညွန့် မြေ၊ ၎င်းအတွင်းရှိမြေကို တန်ဆောင်းဒါယကာကြီး ဦးသာကျော်, ဒေါ်အုံးပွင့်တို့က လှူဒါန်းပါသည်။

## ဦးစံမှန်းခြံမြေဝယ်ယူ၍ ဘုရားလမ်းသစ် ဖေါက်လုပ်လှူဒါန်းခြင်း။

၁၂၉၇-ခုနှစ်၌ ကျောက်တန်းမြို့နေ ရွှေပန်းတိမ်ဆရာကြီး

ဦးဘိုးရေး, ဒေါ်အေးမယ်နှင့် သားသမီးတို့က ဦးစံမှန်းခြံမြေကို ဝယ်ယူပြီးလျှင် အနံပေ ၅၀-အလျားပေ ၆၀၀-ဒသမ ၇၃- ရှိသော မြေကြီးကို ငါးထပ်ဘုရားကြီး လမ်းအတွက် ဝယ်ယူလှူဒါန်းပါသည်။ ၎င်းပြင် ရေမြောင်းအကူး ရေလမ်းနှင့် အုဋ်တံတားကိုလည်း ပြုလုပ်လှူဒါန်းပါသေးသည်။ ၎င်းဘုရားလမ်းကို ယခုအခါ ဤစာရေးသူ ဦးကျော်နှင့် ဇနီးဒေါ်စိန်မေတို့က နှစ်စဉ်မပြတ် ပြင်ဆင်ပြုလုပ် လှူဒါန်းလျက်ရှိပါသည်။

အရှေ့ဘက်အလား ကျောင်းမြေ အနောက်ဘက်အလား ဒေါ်အေးစိန်နှင့် ဦးထွန်းစိန်မြေ၊ တောင်ဘက်အလား ဦးသာမြတ်အေးမြေ၊ မြောက်ဘက် အလား ဒေါ်တာထွန်းဖေနှင့် အမွေဆိုင်မြေ၊ ၎င်းအတွင်းရှိ မြေကို အဘိုးငွေ ၃၅၀-ပေး၍၎င်း၊ ငါးထပ်ဘုရားကြီးလမ်းဝရှိ ကွန်ကရစ် မုခ်စာတိုင်ကြီးကို ငွေ ၉၅၀ ကုန်ခံ၍၎င်း ဦးစံတင့် ဇနီးဒေါ်ထားနှင့် သားသမီးတို့က, ဝယ်ယူပြုလုပ်လှူဒါန်းပါသည်။

**ပေတရာလမ်းရှိ ခေတ္တနားရန်ဇရပ်များ။**

ငါးထပ်ဘုရားကြီးလမ်း၏ အနောက် ပေတရာဝမုခ်စာတိုင် အနီးရှိ ခေတ္တနားနေရန် ဇရပ်နှစ်ဆောင်ကို ရန်ကုန်မြို့ အလုံဆူဗာပင်လမ်းနေ သွားစိုက်ဆရာကြီး ဦးဘလင်းနှင့် နှမဒေါ်စင်းတို့က ဆောက်လုပ် လှူဒါန်းပါသည်။

**လမ်းပြုလုပ်လှူဒါန်းသူများ။**

ခြသေ့်ရှေ့ကံနေ၍ အရှေ့ဘက် ကျောင်းဝအထိပေ ၂၀၀-ခန့်ရှိသော အုဋ်လမ်းကို ဒေါ်နှင်းသူ၊ ဒေါ်ကျေးမှုနှင့် တူမမကျော့တို့၏ ပြုလုပ်လှူဒါန်းပါသည်။

။ဂွံ‘းဗြဲဥသြွဝ်ဍုၚ်ဂၠိ ဒ္ဂၚ်ဂြိုဟ်လဟွာန် ဒ္ဂ၆၃၀ ဂ္ၚိုဝ်
းဗြဲးဍံၚ်ဂွထး၂ ဝေက်ဒ္ဂၚ်ယ ဂ္ဂဝ်းဒ္ဂလဍ်ဏတာ းငေၚ်ဒ္ဂလ္ၚ ဒ္ဂန်‘းဒ္ဂဏဟ္ဂၚ်ပါ



ခေါင်းလောင်းကြီးထားရာ တန်ဆောင်းထောင့်က စ၍၊ ခြသေ့်ကြီးရှေ့အထိ ခတ်ရွှေရွှေတက်သွားသော အုဋ္ဌလှေခါး လမ်းဟောင်းကို ဦးအုံးခင် ဇနီးဒေါ်ထားရှင်နှင့် သားသမီး တို့က လှူဒါန်းပါသည်၊ ၎င်းလမ်းမရှိတော့ပြီ။

ယခု အနောက်ဘက် ခြသေ့်ရှေ့ရှိ ကျောင်းဘက်သို့ တက် သွားသော အုဋ္ဌလှေခါးထစ် ဘိနပ်ချွတ် အုဋ္ဌအခင်းနှင့် အုဋ္ဌ တံတိုင်းများကို ဦးဘိုးထွန်း, ဒေါ်ငွေယုံနှင့် သားသမီးတို့က ပြုလုပ်လှူဒါန်းပါသည်။

ငါးထပ်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူခြင်း။

ငါးထပ်ဘုရားကြီးနှင့် ဤမျှကြီးကျယ်သော တန်ဆောင်း တော်ကြီး ကျောင်းတိုက်ကြီးတို့ကို စီမံအုပ်ချုပ်ပြုလုပ် တည် ထောင်တော်မူသော လဇ္ဇီပေသလ, သိက္ခာကာမ ဖြစ်တော် မူသော ငါးထပ်ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၉၉- ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈- ရက်နေ့ အသက်တော် ၈၇ နှစ် သိက္ခာတော် ၆၈- ရရှိသော အခါက ဘဝနတ်နန်း စံမြန်းတော်မူလေပြီ၊ ထိုပျံလွန်တော်မူသော ကျေးဇူးရှင် ငါး ထပ်ဆရာတော်ဘုရားကြီး၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ် တို့ကို ယုံကြည်သောအားဖြင့် တပည့်အပေါင်းတို့က ကျေးဇူးရှင် 'ငါးထပ် ဆရာတော်ဘုရားကြီး၏ ရုပ်တု'တော်ကို သလင်း ကျောက်သားဖြင့် ထုလုပ်ပြီးလျှင် ပိဋကတ်တိုက် အတွင်း၌ ကိုးကွယ်ပြုလုပ်တည်ထားပါတော့သတည်း။

## အာသီသ။

ယာဝ တိဋ္ဌန္တိ လောကသ္မိံ၊ နဘေ စန္ဒိမ-သူရိယာ။
တာဝ တိဋ္ဌတု ဇောတတု၊ အယံ ဗိမ္ဗော မမာယနော။

လောကသ္မိံ = အိမ်ယာတည်ထောင်၊ လူ့ဘောင်လောက၊ ဤဌာန၌၊ နဘေ=အာကာဝေဟင်၊ ကြယ်ပန်းဆင်တဲ့ကောင်းကင်သွယ်တန်း၊ ထက်ရပ်နန်း၌၊ စန္ဒိမ-သူရိယာ=ငွေရောင်တောက်ထိန်၊ ပုဏ္ဏမိန်နန်း၊ လပြည့်စန်းနှင့်၊ ရောင်သန်းယှက်ဖြာ၊ နေစကြာတို့သည်၊ ယာဝ=ကမ္ဘာမီးငွေ့၊ ကြုံမတွေ့ဘဲ၊ အကြင်ရွေ့လောက်၊ ကာလပတ်လုံး၊ တိဋ္ဌန္တိ=ရောင်ဝါသန်းယှက်၊ ကောင်းကင်ထက်၌၊ မပျက်အရှည်၊ တည်နေကြကုန်သေး၏၊ တာဝ=လ၊နေ နှစ်ဖြာ အရှည်ကြာ၍ တည်လာသမျှ ကာလပတ်လုံး၊ မမာယနော=ဖူးမျှော်သူ သူတော်စဉ်တို့ ကြည်လင်နှစ်ခြိုက် မြတ်နိုးခြင်းငှာ ထိုက်ပေထသော၊ အယံဗိမ္ဗော= အများပါးစပ်၊ နှုတ်စပ်ကျော်ကြား၊ ဤငါးထပ်ရှင်တော်မြတ်ဘုရားသည်၊ တိဋ္ဌတု= အစွမ်းကုန်နိုး၊ ရှင်တန်ခိုးကြောင့် တိုးခါတိုးခါ၊ ပူဇော်လာ၍ ကာလကြာရှည်ကမ္ဘာမှီအောင်တည်ပါစေသတည်း၊ဇောတေတု ကိုယ်တော်ဘုန်းရောင်၊ ထိန်ထိန်ပြောင်၍၊ ရောင်ဝါဝင်းဝင်း၊ ကမ္ဘာချဉ်းအောင် ထွန်းလင်းတောက်ပ ပါစေသတည်း။

## နိဂုံး။

'ဤသို့လျှင် ရာမညတိုင်း၌ ဟံသာဝတီမဏ္ဍလ၊ မုတ္တိမ မဏ္ဍလ၊ ကုသိမမဏ္ဍလ၊ဟု ဆိုအပ်သော အဝန်းအဝိုင်း၊ အပိုင်းအခြား ခရိုင်ကြီးသုံးခုတို့တွင် ဟံသာဝတီ မဏ္ဍလ အဝင်အပါဖြစ်၍ ၎င်းဟံသာဝတီ မဏ္ဍလတွင်လည်း ဟံသာဝတီ အမည်ရှိသော

ပဲခူးမြို့၊ ဥက္ကလာပအမည်ရှိသော တိဂုဏ်မြို့၊ သီဟနန္ဒအမည်ရှိသော ပါဒမြို့ဟုဆိုအပ်သော မြို့ကြီးသုံးမြို့တွင် ယခုအခါအလွန်တန်ခိုးကြီးမားသော ကျိုက်ခေါက်စေတီတော်ကြီး၊ ကျိုက်မှော်ဝန်းစေတီတော်ကြီး၊ ကျိုက္ကစံစေတီတော်ကြီး၊ ကျိုက်အသုတ်ခေါ်ဆူးလေစေတီတော်ကြီး၊ ကျိုက်ဒေးအတ်ခေါ် ဗိုလ်တထောင်စေတီတော်ကြီးဟု ဆိုအပ်ကုန်သော ထင်ရှားကျော်စောသောစေတီတော်ကြီးများနှင့် မထင်မရှား တိမ်မြုပ်နေသောရာပေါင်းများစွာသော စေတီတော်တို့နှင့် များစွာသောသိမ်တော်ကြီးတို့၏ ဒါယကာ ဘောဂသေနမင်းမှစ၍ ဇံရင်မင်းဘိုင်အောင်၃၅-ပါးသော မွန်မင်းတို့၏ လက်မွန်အစ ပထမတည်ထောင်၍ကနက်ဖြန့်မိုး ထီးနန်းစိုးစိုက်ရာဖြစ်သော သီဟနန္ဒအမည်ရှိသောပါဒမြို့ဟောင်းဖြစ်သော ပါဒရွာကြီး၌ အမိမျိုးမှုရင်း၊အဘမျိုးမှုရင်း၊ နှစ်ပေါင်းများစွာ ဆက်ခါ ဆက်ခါ ယနေ့ထက်တိုင်နေထိုင်လေ့ရှိပါသော သဒ္ဓါ၊သီလ၊စသော၊ သူတော်ကောင်းဥစ္စာ ခုနစ်ပါးဟုဆိုအပ်သော ကိုယ်ကျင့်တရားများနှင့် ပြည့်စုံသော ၊အဘဦးရွှေညို အမိဒေါ်စောမယ်တို့မှ မွေးဘွားသောသားသမီး တဆယ့်တစ်ယောက်တို့တွင် ပညာထွန်းတောက်သားနှစ်ယောက်တို့ ပေါ်ပေါက် ဖြစ်ထွန်းလာပါတော့သည်၊ ထိုသားနှစ်ယောက်တို့တွင် သားတယောက်ကား ယခုထက်တိုင်သိက္ခာတော်(၃၀)ရ ငါးထပ်ဘုရားကြီးကျောင်းတိုက်၌သီတင်းသုံးနေထိုင်တော်မူ၍၊ မိမိ၏အကျိုး, သာသနာတော်မြတ်ကြီး၏အကျိုး, ဗုဒ္ဓဘာသာဝင်တို့၏ အကျိုးတို့ကို သည်ပိုးရွက်ဆောင်လျက်နေသော ဘုန်းတော်ကြီး အရှင်နန္ဒမေဓာဖြစ်၍၊ သားတယောက်ကား တဆယ့် နှစ်, နှစ်သား အရွယ်ကပင်လျှင်

ငါးထပ်ဆရာတော် ဘုရားကြီး၏ အထံတော်၌ရင်း၊ တွံတေး
ဆရာတော် ဦးနာဂ၏တပည့် ဓမ္မာစရိယ အရှင်သိဂ္ဂဝမထေရ်၏
မြတ်အထံ၌ရင်း၊ မန္တလေးမြို့ မစိုးရိမ်တိုက် နာယက ဆရာတော်
အရှင် သောမာဘိသီရိ မထေရ်မြတ်အထံ၌ရင်း၊ ရင်းတိုက် သကျ
သီဟာဓမ္မာစရိယ ဖြစ်တော်မူကြကုန်သော အရှင်ဓမ္မိဿရာဘိဝံသ,
အရှင် စက္ကိန္ဒာဘိဝံသ, အရှင် သုဇာတာလင်္ကာရာ ဘိဝံသ,
ငွေတောင်တိုက် မဏိရတနာ အဋ္ဌကျောင်း အရှင်သူရိယာဘိဝံသ
ပထမကျော်ဆရာတော် အရှင်မြတ်တို့၏ အထံ၌ရင်း၊ သင်ရိုး
ပိဋကတ် အရပ်ရပ်တို့ကိုရင်း၊ သဒ္ဒါ,ဆန်း, အဘိဓာန်, အလင်္ကာ
ကျမ်းများစွာတို့ကိုရင်း၊ သင်ယူအပ်ပြီးသည် ဖြစ်၍ ယနေ့
ထက်တိုင် ဂန္ထန္တရ ဗဟုသုတ အဝဝတို့ကို ရှာမှီး၍လေ့လာ
လျက် ရှိပါသော ကဝိဓဇ အမည်ရှိသော ဦးကျော်သည် ရေး
သား-စီရင်အပ်သော ဤ'ငါးထပ်ဘုရားကြီးသမိုင်း' ကျမ်းသည်
ကား သက္ကရာဇ် ၁၃၁၈-ခုနှစ် နတ်တော်လပြည့်ကျော် ၁၁-ရက်
နေ့၊ ငါးထပ်ရုပ်ပွားတော်မြတ်ကြီး တည်သည်မှ အနှစ်ငါးဆယ်
မြောက်သော နေ့၌ ချမ်းမြေ့သာယာ ပြီးဆုံးခြင်းသို့ ရောက်
ပါသတည်း၊ ဤ ငါးထပ်ဘုရားကြီးသမိုင်းကျမ်း, ချမ်းချမ်းသာ
သာ ပြီးဆုံးခြင်းသို့ ရောက်သည့်နည်းတူ ပြည်ထောင်စုသူ,ပြည်
ထောင်စုသား လူအများ အပေါင်းတို့နှင့်တကွ အားလုံးသော
ကမ္ဘာသူ,ကမ္ဘာသားအပေါင်းတို့သည်လည်း၊ ငြိမ်းချမ်း,အေးမြ,
ချမ်းသာခြင်းသို့ ရောက်ကြပါစေကုန်သတည်း။ ။

## ငါးထပ်ဘုရားကြီးသမိုင်း ပြီးပြီ။



ငါးထပ်ဘုရားကြီးအား ဆက်လက်ပြုပြင် စောင့်ရှောက်တော်မူသော ဒုတိယ ငါးထပ်ဆရာတော် အရှင်နန္ဒမေဓာ့ပုံ

နောက်ဆက်တွဲ

၁၃၀၀-ပြည့်နှစ်မှစ၍၊ ယနေ့ထက်တိုင် ဘုန်းတော်ကြီး
ဦးနန္ဒမေဓာ· ပြင်ဆင် ပြုလုပ်ပြီးစီးခဲ့သော

# အဆောက်အဦးများနှင့်

ကုန်ငွေစာရင်း။

| လှူဒါန်းသော အထည်ဝတ္ထုနှင့်-ဒါယကာအမည် | ကျပ် | ပြား |
|---|---|---|
| ဘုရားကြီးတန်ဆောင်းပြုပြင်၍ ဘဏ္ဍာတော် ကုန်ငွေ | ၁၁၀၄ | |
| ဇင်းတန်ဆောင်းကြီးလယ် မှန်တက်ရန် မှန်အချပ်-၇၀ ဒေါ်အေးကြိုင်-လှူ တန်ဘိုး | ၂၅၀ | |
| ကျောက်တန်းမြို့ ဦးဘနှစ်· ဒေါ်ခင်စိန်တို့က ဇင်းလယ်အတွက် အထွေထွေကုန်ကျ စရိတ် လှူငွေ | ၂၅၀ | |
| ဒုတိယလယ်၌ မှန်- ရန်ကုန်မြို့ ရဟန်းအမ ဒေါ်လုံးကောင်းမှု | ၁၀၀ | |
| ဘုရားကြီးတန်ဆောင်းနှင့် ဦးသာကျော် တန်ဆောင်း သံဘိနပ်ခံကုန်ငွေ | ၂၀၀၀ | |
| ဦးသာကျော်တန်ဆောင်းပြင်၍ သား ဖြစ်သူ ဦးမောင်လှ-ဒေါ်သန်းတို့ကလှူငွေ | ၆၀၀ | |
| ပထမအကြိမ် ဘုရားကြီးအား ရွှေသင်္ကန်း ကပ်၍ ရွှေဆိုင်း ၅၀, တန်ဘိုးငွေ | ၅၀၀ | |

| လှူဒါန်းသော အထည်ဝတ္ထုနှင့်-ဒါယကာအမည် | ကျပ် | ပြား |
| --- | --- | --- |
| ဒုတိယအကြိမ် ဘုရားကြီးအား ရွှေသင်္ကန်း ကပ်၍၊ ရွှေဆိုင်း ၂၅၀ တန်ဘိုးငွေ | ၂၅၀၀ | |
| လျှပ်စစ် အင်ဂျင်ရုံတိုက် ဘုရားကြီးဘဏ္ဍာ တော်မှ ကုန်ငွေ | ၂၂၀၀ | |
| ရှင်းအင်ဂျင်ရုံအမိုး ဦးကျော်-ဒေါ်စိန်မေ တို့က လှူငွေ | ၅၂၅ | ၅၀ |
| ဦးဘိုးထွန်း-ဒေါ်ငွေယုံ ကောင်းမှု ခြသေ့် ရှေ့ အုတ်လှေခါးနှင့် အုတ်တံတိုင်းကုန်ငွေ | ၉၇၀ | |
| ဘုရားကြီးအနောက်ဘက် ရေမြောင်းလုပ်၍ ဘုရားကြီးဘဏ္ဍာတော်မှကုန်ငွေ | ၅၆၈ | |
| အနောက်ဘက် အုတ်တံတိုင်းပြင်၍ ဘုရားကြီး ဘဏ္ဍာတော်ကုန်ငွေ | ၄၈၆ | |
| တောင်ဘက်ရေကန်နှင့် အုတ်မြောင်းလုပ်၍ ဘုရားကြီးဘဏ္ဍာတော်ကုန်ငွေ | ၄၆၄ | |
| ခြသေ့်နှင့် မြောက်ဘက်အုတ်တံတိုင်း ပြင်ဆင် ဆေးသုတ် အထွေထွေဘဏ္ဍာတော်ကုန်ငွေ | ၁၁၃၆ | |
| မောင်ထွန်းရီ-မသန်းကြည် ကောင်းမှု ကျောင်းတံတားပြင်ကုန်ငွေ | ၄၅၂ | |
| အနောက်ဘက် အပေါက် ပြင်၍ဘုရားကြီး ဘဏ္ဍာတော်ကုန်ငွေ | ၆၅ | |
| ဒေါ်အေးကြိုင် ~~ထန်းဆောင်းရေထံသျှော~~က်လုပ် ဒေါ်အေးကြိုင် လှူငွေး | ၈၃ | |